# နိုင်ငံခြားသာသနာပြုခရီး

# အတွေ့အကြုံ




ပြန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ)

အမျိုးသားပထမကျော် + အစိုးရဓမ္မာစရိယ

၁၉၇၅၅


ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီ·အေ)

အမျိုးသားပထမကျော်၊ အစိုးရဓမ္မာစရိယ


# နိုင်ငံခြားသာသနာပြုခရီး

# အတွေ့အကြုံများ


ဇွဲစာပုံနှိပ်တိုက်

အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ဖုန်း-၇၇၂၂၀။

၁၃၄၄-ခုနှစ်၊ သာသနာ ၂၅၂၆-ခုနှစ်၊ ၁၉၈၂-ခုနှစ်၊

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၉၀၂)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၇)

●

ပုံနှိပ်ခြင်း
ပထမအကြိမ်

●

အုပ်ရေ—၂၀၀၀
၁၉၈၂-ခု၊ ဒီဇင်ဘာလ
တန်ဖိုး ၇·ကျပ်

●

အတွင်း/အပြင်

ပုံနှိပ်သူ။ ။ဦးထွန်းရှိန် (မြ ၀၂၁၃၈) ဇွဲ စာပုံနှိပ်တိုက်၊ အမှတ် ၁၇၂၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ဦးကြည်အေး (ခ) ဦးအောင်သိန်း (ဆင်ဖြူကျွန်း အောင်သိန်း) လင်းဇင်းစာအုပ်တိုက်၊ ၁/၅-လမ်း၊ ၇·ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရှေးဦး သိဖွယ် | .... | ၁ |
| ၂။ | အခက်အခဲ | .... | ၅ |
| ၃။ | လေဆိပ်ဝယ် | .... | ၇ |
| ၄။ | စိတ်အပြောင်းအလဲ | .... | ၈ |
| ၅။ | လေယာဉ်စီးလို့ ခရီးနှင်ရာဝယ် | .... | ၁၀ |
| ၆။ | ဒွန်မောင်မှာ တထောက်နားတော့ | .... | ၁၃ |
| ၇။ | စ ဆောက်ချိန်က ဘဝင်မကျ | .... | ၁၉ |
| ၈။ | သံအမတ်အိမ်မှာ တညတာ | .... | ၂၂ |
| ၉။ | ပြတ်သားလှသည် မဟာစည် | .... | ၂၆ |
| ၁၀။ | ကိုးပေခန်းဝယ် | .... | ၃၀ |
| ၁၁။ | ကန္ဒုဗောဓ ဝိပဿနာ ဘာဝနာဌာန | .... | ၃၄ |
| ၁၂။ | သူတို့ရိပ်သာ တနေ့တာ | .... | ၄၀ |
| ၁၃။ | အစဆုံး တွေ့ရသူ | .... | ၄၈ |
| ၁၄။ | ကြုံခိုက် ပြုဖွယ် | .... | ၅၀ |
| ၁၅။ | ဆိုရေးရှိက ဆိုအပ်လှ | .... | ၅[illegible] |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | သီဟိုဠ်လူထုအား တရားစဟောခြင်း | .... | ၆၂ |
| ၁၇။ | တရားပွဲဂယက် | .... | ၆၅ |
| ၁၈။ | မုဆိုး စိုင်သင် | .... | ၆၇ |
| ၁၉။ | အသေးစိတ် ထပ်မံ ရှင်းလင်းပြခြင်း | .... | ၇၃ |
| ၂၀။ | မြန်မာနည်းကျကျ | .... | ၇၇ |
| ၂၁။ | ဘာ့ကြောင့်များကွယ် မေးကြတယ် | .... | ၈၀ |
| ၂၂။ | ဆေးကြမ်း တိုက်ရခြင်း | .... | ၈၃ |
| ၂၃။ | ဘုရားပန်း ပြဿနာ | .... | ၈၆ |
| ၂၄။ | သီလရှင် ပြဿနာ | .... | ၈၈ |
| ၂၅။ | နောက်ဘဝ ပြဿနာ | .... | ၉၃ |
| ၂၆။ | အသားစားမှု ပြဿနာ | .... | ၉၆ |
| ၂၇။ | ဦးနှောက် ပြဿနာ | .... | ၁၀၁ |
| ၂၈။ | သက်ဆိုးတိုင်ပင် မှတ်စေချင် | .... | ၁၀၉ |
| ၂၉။ | မကြွားလိုပါ | .... | ၁၁၅ |
| ၃၀။ | နောက်ဆုံး ယောဂီ | .... | ၁၂၀ |
| ၃၁။ | လှမ်းကြွကြွနော | .... | ၁၂၆ |
| ၃၂။ | အစီရင်ခံလွှာ | .... | ၁၃၀ |


မာတိကာ ပြီး၏။



မင်္ဂလာဒုံလေဆိပ်၌ ဆရာတော်ဘုရားကြီးက သီဟိုဠ်သို့လိုက်လာရန် မှာကြားနေပုံ။





သီဟိုဠ်နိုင်ငံလေဆိပ်၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား
တပည့်ဖြစ်သူ ပြန်တန်ဆာ အရှင်သုန္ဒရနှင့် ဘတူ ပူးတွေ့ရပုံ။



ကန္ဒုပေါဓရိပ်သာ တရားစစ်ရာ အဆောက်ဦငယ်ရှေ့၌ ရပ်နေပုံ။


ဂုးဒှ်ဗ္ဗဟ်ဗုးဒှ်ဝ (ဍိုန်ငြ် ညှ်ဝလောဂ) ကောဒ္ဓဗ္ဗစးဂဒါ်နိဿယ ဒုးနွံဒ္ဒါ်ဘွဓ္ဓ






ဒုံဒပဆေးရုံဝင်း အတွင်း၌ ဒေါက်တာဦးထွန်းအောင်ကျော်
ဒေါက်တာဦးထိန်သင်းတို့ ကမကထပြုတည်ထားသော အမိုးပေါ်မှာ
စေတီပါသည့် ဝတ်ကျောင်းလေးပုံ၊ ပုံပါသူများမှာ
ဒေါက်တာထိန်သင်း၏ ဇနီးနှင့်ရင်သွေးများပင်။

(၂၀၈း၃ွ.၂ ဒွိုဟ္ဍ) ဒ္ဂၢးၚဳၚယေထးၵ္ဂဴ ၜုၜဒြိုၚ္လၚ္ၜဵု ၚအန္ဒယန္ၵ [illegible] ၊ ၃ွိလဿွဳၚ
ဂိုဓိးၚၚၵ ဒှိၚ္ၜဵုစဒ္ၚဒေၜးနဿဴး၃ွၚယဿ္ယုဓေ ၚၚဓနၚၜဵုန္ဂၚၚ ဿၚၜဒှိဒွိ
ၜၚ္ၜဵုဗး၃ွၚၚဿ္ယုဓေ ၊၊ ဒ္ၚနိဓ္ဂၚယဿ္ယုဓေ ၃ွိဗ္ဗးၜၜၚဂဓၚ ၚဟိၜ္ဒွိၜဒွိဒ္ဂၵ ၆ ၐၚၚၵ္ဂဓၚဂၜဒွိယ





သီဟိုဠ်နိုင်ငံရောက် မြန်မာဆရာဝန်များအသင်း အကျိုးဆောင် ဒေါက်တာအောင်သူ (ဝဲ) နှင့်
သူ့မိတ်ဆွေ စန်ဂျေဝီရတွန် (ယာ) တို့၏ နောက်ဖက်မြစ်မှာ သမိုင်းဝင် ကလျာဏီမြစ်ပင်



ကန္တြပေးစရိပ်သာရှိ နိုင်ငံခြားသားများအတွက် သီးသန့် ၅.ခမ်းတွဲတိုက်တန်းလျားလေး
ယာဘာက်မှရပ်နေသူ ဒေါက်တာအောင်သူ၏ အနေရှာဘက်အခန်းကျဉ်းလေးမှာ
ပြန်တန်ဆာ အရှင်သုန္ဒ ၆လ၊ ၁၂.ရက် နေ့ခဲ့သော ၉ ဘေပတ်လည်အခမ်းဖြစ်သည်။

# ရှေးဦး သိဖွယ်

စာရေးသူသည် ငယ်ရွယ်စဉ် ကိုရင်ဘဝကပင် ဇ်နတ္တပကာသနီနှင့် မဟာဝင်ကျမ်းတို့ကို မကြာခဏ ဖတ်ခွင့်ရခဲ့ပါသည်။ ထိုစာအုပ်များကို ဖတ်ပြီးကတည်းက အိန္ဒိယရောက်ချင်စိတ်၊ သိဟိုဠ်သွားလိုစိတ်များ ပေါ်ပေါက်ခဲ့သည်။ အထူးသဖြင့် မဟာဝင်ကျမ်းမှာပါသည့် အနုရာဓပြည့်ရှင် ဘုရင်ဒုဋ္ဌဂါမဏိ၏ သူရဲကောင်းကြီးများ အကြောင်းကို ဖတ်မိသောအခါ သိဟိုဠ်ရောက်ချင်စိတ် အလွန်ပြင်းထန်ခဲ့ပါသည်၊ ထိုစဉ်က ဘာရည်ရွယ်ချက်မှတော့ မည်မည်ရရမရှိခဲ့ပါ။ အိန္ဒိယနှင့် သိဟိုဠ်ကိုလည်း နှစ်နိုင်ငံလား တနိုင်ငံတည်းလား ဆိုဘာတောင် မစဉ်းစားမိခဲ့ပါ။ ကလေးပီပီ ထူးထူးဆန်းဆန်း မြင်ရမည်ထင်ပြီး သွားလိုခဲ့ခြင်းသာ ဖြစ်ပါသည်။

ရက်၊ လ၊ နှစ်တွေပြောင်းပြီး၊ ကိုရင်ဘဝမှ ရဟန်းဘဝသို့ ရောက်ခဲ့ပြီ။ နိုင်ငံခြားသွားလိုစိတ်ကတော့ ပျောက်မသွားပါ။ ပို၍တောင် ဆိုးလာပါသေးသည်။ ယခင်က အိန္ဒိယ သီဟိုဠ်လောက်သာ သွားချင်သည်။ ယခုတော့ ကမ္ဘာအနှံ့ သွားချင်စိတ်ပေါက်လာသည်။ သို့သော် ယခုသွားလိုခြင်းကား နိုင်ငံခြားသာသနာပြု သွားလိုခြင်းသာ ဖြစ်ပါသည်။

ရဟန်း (၂) ဝါအရတွင် အိန္ဒိယသွားဖို့ တကြိမ်စီစဥ်ခဲ့ဖူးသည်။ နိုင်ငံကူးလက်မှတ်ရပြီးမှ မသွားဖြစ်ခဲ့။ ရဟန်း (၆)ဝါ အရတွင် သီဟိုဠ်သွားဖို့ ကြံရွယ်ခဲ့သေးသည်။ အထမမြောက်ခဲ့။ ၁၉၇၉-ခုနှစ်တွင် "အခြေအနေပေးယင် ဂျပန်သွားရမည်၊ ပြင်ဆင်စရာများကို လိုလိုမည်မည် ကြိုတင်ပြင်ဆင်ထားပါ" ဟု ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက အမိန့်ရှိခဲ့သည်။ ဂျပန်စကားပြော စာအုပ်များ ရှာဖွေပြီး ဟိုကြည့် သည်ကြည့်နှင့် ကြည့်ခဲ့ဖူးသည်။ သို့သော် ဂျပန်မသွားဖြစ်ခဲ့။ ၁၉၈၀-ခုနှစ်ကျမှ သီဟိုဠ်သို့ သွားရောက်နိုင်ခဲ့ပါသည်။

မူလသွားစဥ်က အနည်းဆုံးတနှစ်၊ အများဆုံး ၃-နှစ်နေရန်ဖြစ်ပါသည်။ သို့သော်လည်း ကျန်းမာရေး အခြေအနေ၊ ပတ်ဝန်းကျင် အခြေအနေတို့ကြောင့် သီဟိုဠ်မှာ ၆-လနှင့် အရက် ၂၀-သာ နေနိုင်ခဲ့ပါသည်။ နေခဲ့သည့်ရက် နည်းသော်လည်း နေသမျှ အချိန်အတွင်းမှာတော့ သာသနာရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပါသည်။ သီဟိုဠ်ပရိသတ်အား တရားပွဲပေါင်း (၃၀) ဟောခဲ့သည်။ မြန်မာလို ၂၇-ပွဲ၊ အင်္ဂလိပ်လို ၃-ပွဲ။

မလေးရှား၊ အစ္စရေး၊ ကနေဒါ၊ အီတလီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အနောက်ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်၊ သြစတြီးယား၊ သြစတြေးလျ၊ ဒိန်းမတ်၊ ပေါင်း ၁၂-နိုင်ငံမှ အမျိုးသားယောဂီပေါင်း ၃၆-ယောက်ကို အင်္ဂလိပ်ဘာသာဖြင့် တရားဟော တရားပြခဲ့ပါသည်။ တခြားလာရောက်ဆွေးနွေးသူများလည်း ရှိပါသေးသည်။

သီဟိုဠ်နိုင်ငံမှာရှိစဉ် ရိပ်သာထဲမှာချည်း ၆-လနှင့် ၁၂-ရက် နေထိုင်တာဝန်ယူခဲ့ရသည်။ အပြင်မှာနေရက် ၈-ရက်သာ ရှိခဲ့ပါသည်။ ထို ၈-ရက်မှာလည်း နေမကောင်း၍ ဘယ်မှ မသွားနိုင်ခဲ့ပါ။ သို့ဖြစ်၍ ပြင်ပဗဟုသုတ မည်မည်ရရ ဘာမျှရှာချိန် မရခဲ့ပါ။

ရိပ်သာထဲမှာ နေစဉ် အနောက်နိုင်ငံသားများအား တရားဟောပြော ပြသခဲ့ရသဖြင့် သူတို့နှင့် အပြန်အလှန် တရားဆွေးနွေးပြောဆိုခဲ့ရသည့် အတွေ့အကြုံလောက်သာ အများဆုံးရခဲ့ပါသည်။

သီဟိုဠ်လူထုနှင့်မူ တရားဟော တရားနာစဉ် ပလ္လင်ပေါ် ပလ္လင်အောက် ဆက်ဆံရေးလောက်သာ ဆက်ဆံခွင့်ရခဲ့၍ သူတို့အကြောင်းလည်း အသေးစိတ် မလေ့လာနိုင်ခဲ့ပါ။

ထို့ကြောင့် ဤစာအုပ်သည် နိုင်ငံခြားသား ယောဂီများနှင့် ဆက်ဆံရသည့် အတွေ့အကြုံကိုသာ အဓိကထား၍ ဖော်ပြထားပါသည်။ ရေးသားရာ၌မူ—

(၁) စာဖတ်သူ နားလည်အောင် ရေးပါ။

(၂) ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးပါ—

ဟူသော ဆရာ့ဆရာတို့၏ အဆိုအမိန့်နှင့် ထုတ်ဝေသူတို့၏ ကုန်ကျစရိတ်တို့ကို ငဲ့ပြီး ဖတ်ချင်စဖွယ် ဖြစ်အောင် တမင် ရေးသားထားသော အရေးအသားများလည်း ပါရှိပါသည်။

ယင်းသို့သော အရေးအသားမျိုးကို တွေ့ရှိပါက "နိုင်ငံခြား သာသနာပြုသွားတဲ့ တရားပြဘုန်းကြီးက ဒီအရေးအသားမျိုး ရေးရသလား" ဆိုပြီး အပြစ်မတင်ကြရန်နှင့် ဖတ်ချင်စဖွယ် အရေးအသားကို ဖတ်ရှုနေစဉ် စာရေးသူအား တရားပြ ဘုန်းကြီးအနေနှင့် မမြင်ပဲ စာရေးဝါသနာပါသူ သာမန် ကလောင်သမားတဦးအနေနှင့်သာ အခိုက်အတန့် မြင်ကြပါရန် ရှေးဦးစွာ ပန်ကြား သိစေလိုက်ပါသည်။

စာရှုသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်း ချမ်းမြေ့ ကြပါစေ။

ပြွန်တန်ဆာ အရှင်သုန္ဒရ

၂၂-၆-၈၁

## (၂) အခက်အခဲ

၁၃၄၂-ခု၊ ပထမဝါဆိုလဆုတ်(၁၄)ရက် (၁၁-၇-၈၀) နေ့သည် စာရေးသူအတွက် မမေ့နိုင်သော မှတ်တမ်းဝင်နေ့တနေ့ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူငယ်စဉ်ကိုရင်ဘဝမှစ၍ ရည်မှန်းခဲ့သော နိုင်ငံခြားခရီးကို ဤနေ့မှာစ၍တင်နိုင်သောကြောင့် ဖြစ်ပါသည်။

"နိုင်ငံကူးလက်မှတ်လုပ်စရာရှိသည်။ အဆက်အသွယ် လွယ်ကူအောင် ရိပ်သာထဲလာနေပါ"ဟူသော ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်အရ စာရေးသူသည် ၂၀-၄-၈၀ နေ့၌ အလယ်တောရတိုက် ပြန်တန်ဆာကျောင်းမှ သာသနာ့ရိပ်သာသို့ ပြောင်းရွှေ့ခဲ့သည်။ နိုင်ငံကူးလက်မှတ် စောင့်ရင်းအမှတ်(၂)သစ်သားကျောင်း၌ နေခဲ့သည်။

အကြောင်း နိုင်ငံကူးလက်မှတ်ကို လွယ်လွယ်နှင့် ရလိမ့်မည်ဟု ဆောင်ရွက်သူများရော၊ စာရေးသူပါထင်ခဲ့ကြသည်။ ဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါကြမည့် ဆရာတော်များ အတွက် နိုင်ငံကူးလက်မှတ်ရဖို့ ဆောင်ရွက်ရာ၌ သိပ်အခက်အခဲရှိပုံမပေါ်

ပါ။ သို့သော် မိမိအတွက် နိုင်ငံကူးလက်မှတ်ရရေးမှာ အတော် ခက်ခဲနေပါသည်။

၂၉-၅-၇၀ နံနက်မှာ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ အင်္ဂလန်သို့ ကြွတော်မူကြသည်။ လေဆိပ်၌ ဆရာတော်ဘုရားကြီးက သီဟိုဠ်သို့လိုက်လာရန် မိမိကိုထပ်မှာသည်။ သို့သော် ထိုအချိန်အထိ မိမိအတွက် နိုင်ငံကူးလက်မှတ် မရသေး၊ နှဂ္ဂဟာအဖွဲ့က ဆောင်ရွက်ဆဲပင် ရှိသေးသည်။

၇-၇-၇၀ နေ့မှာ ဆရာတော်ဘုရားကြီးက မိမိကို သီဟိုဠ်သို့ အမြန်လွှတ်ပေးရန် နှဂ္ဂဟာအဖွဲ့သို့ သံကြိုးရိုက် အကြောင်းကြားသည်။ ထိုအချိန်ထိပင် နိုင်ငံကူး လက်မှတ်မှာ အဆင်မပြေသေးပါ။

သို့သော် နှဂ္ဂဟာအဖွဲ့ဝင်လူကြီးများ၏ မနားမနေအပူတပြင်း ဆောင်ရွက်မှု၊ သက်ဆိုင်ရာ အရာရှိများ၏ ကူညီမှုတို့ကြောင့် ၁၀-၇-၇၀ နေ့မှာ ခရီးထွက်နိုင်ရန် အားလုံးအဆင်သင့် ဖြစ်လာသည်။ ထိုနေ့ညနေ ၄-နာရီမှာ လေဆိပ်သို့ သွားရမည်ဆို၍ အသင့် ပြင်ထားသည်။ သို့နှင့်တောင် လေယာဉ် မရောက်၍ ၁၁-၇-၇၀ ရက်နေ့သို့ ရွှေ့လိုက်ရသေးသည်။

နံနက် ၁-နာရီမှာ အမှတ်(၃) သစ်သားကျောင်းမှ ဘုန်းကြီး ဦးယသ,က လာနှိုး၍ ကပျာကယာလူးလဲထရသည်။ ယူသွားရန် ပြင်ဆင်ထားသည့် အထုပ်အပိုးများကို အသင့်စုထားသည်။ ၃-နာရီမှာ နှဂ္ဂဟာအဖွဲ့ဥက္ကဋ္ဌ ဦးပွင့်ကောင်း၏ကားသမားလာကြိုသည်။ အဖွဲ့ရုံးရှေ့မှာ ခေတ္တနားသည်။

မကြာမီ အလယ်တောရမှ ဆရာသမားများ ဖြစ်ကြသော ပြန်တန်ဆာ ဆရာတော် ဦးကုသလ၊ သုံးထပ် ဆရာတော်

ဦးဣန္ဒာစာရစသော သံဃာတော်များနှင့်ရင်းနှီးသော ဒါယကာ ဒါယိကာမများသည် ဒတ်ဆန်းကား ၂-စီးနှင့် ရောက်လာကြသည်။ ရိပ်သာထဲမှ အလင်းရောင် ဦးသာသနနှင့် မျက်နှာစိမ်းရဟန်း ယောဂီ ၄-ပါးသာ လိုက်ပို့ကြသည်။ ရင်းနှီးသော ရဟန်းမိတ်ဆွေများမှာ ခရီးလွန်နေကြ၍ လိုက်မပို့နိုင်ကြချေ။

နံနက် ၃-နာရီ မိနစ် ၃၀-ခန့်တွင် ရိပ်သာမှမင်္ဂလာဒုံလေဆိပ်သို့ စတင်ထွက်ခွာကြသည်။ အလယ်တောရမှ လိုက်ပို့သူများကို တင်ဆောင်သော ပြည်လမ်း အမှတ်(၂၇၀)နေ ဒေါ်အုံးကြည် အိမ်မှ ကား ၂-စီး၊ ရိပ်သာထဲမှ လိုက်ပို့ကြသူများကို သယ်ဆောင်သည့် နဂ္ဂဟအဖွဲ့မှ ကားတစီး၊ ပေါင်း ၃-စီးသာ ဖြစ်သည်၊ မိမိစီးသော နဂ္ဂဟအဖွဲ့မှ ကားတွင် အဖွဲ့တွဲဘက်အတွင်းရေးမှူး ဦးလေးမောင်၊ ဘဏ္ဍာရေးမှူး ဦးသိန်းဟန်တို့လိုက်ပါကြသည်။

## (၃) လေဆိပ်ဝယ်

လေဆိပ်သို့ရောက်ပြီး ညှော့ခန်းတွင်ခေတ္တထိုင်စောင့်ကြသည်။ ပစ္စည်းများကို ဦးလေးမောင်တို့ သွားရောက် ချိန်တွယ် ကြရသည်၊ ခွင့်ပြုပေါင်ချိန်ထက် နေသဖြင့် လက်ဆွဲအိတ်ကို ကိုယ်တိုင် သယ်ရမည်ဟု သိရသည်၊ ထို့နောက် အတွင်း ညှော့ခန်းသို့ ဝင်ဖို့အသွားတွင် ဦးသာသန၊ ဦးလေးမောင်၊ ဦးသိန်းဟန်တို့သာ လိုက်ပါခွင့် ရကြသည်။

အတွင်းညှော့ခန်းအဝင်ဝတွင် စည်သူဦးညီပုကို မြင်လိုက်ရသည်။ နယ်ဘရားပွဲတပွဲသို့အတူသွားရောက်ဖူးသဖြင့် စာရေးသူ

အား လေးစားသောစိတ်ဖြင့် လိုက်ပို့ခြင်းပင်။ သို့သော် ဒါယကာကြီးမှာ အရွယ်ထောက်လာပြီဖြစ်၍ သည်လောက် ဒုက္ခမခံသင့်ဟု ထင်လိုက်မိသည်။ သူ့ကိုတော့ ဘာမျှမပြောအားပဲ ဦးလေးမောင်တို့နောက်ကိုသာတန်းလိုက်သွားရသည်။ နိုင်ငံကူးလက်မှတ် စစ်ဆေးခံခြင်း စသည့်ကိစ္စများ ဆောင်ရွက်ပြီးနောက် အပေါ်ထပ် လက်ဖက်ရည်ဆိုင်တွင် ဦးလေးမောင်တို့က လက်ဖက်ရည်ကပ်ဖို့ ပြင်ဆင်ကြသည်။

ထိုအခိုက် လိုက်ပို့သူများထဲမှ စာရေးသူ၏ ပစ္စည်းလေးပါး ဒါယိကာမ၊ ပြန်တန်ဆာ ဒေါ်သင်းမြက သူအသင့်ယူလာသော နို့၊ ပေါင်မုန့် စသည့် စားဖွယ်သောက်ဖွယ်များကို လာကပ်ပါသည်။ သူသည် အတွင်းဧည့်ခန်းသို့ လိုက်ပါခွင့် မရပါပဲလျက် အထက်ထပ် လေသာဆောင်မှ တဆင့် သူ့နည်း သူ့ဟန်ဖြင့် ရအောင် ဝင်လာခြင်းဖြစ်သည်။ အပြင်ဧည့်ခန်းမှာတုံးက စားစရာအကပ်ခံဖို့ သူ လျှောက်ထားသည်ကို စာရေးသူ ကလက်မခံခဲ့၍ ယခုမှ မရမက လာကပ်သွားခြင်းပင်။

## (၃) စိတ်အပြောင်းအလဲ

စီးရမည့်လေယာဉ်မှာ ယိုးဒယားပိုင် တီဂျီ-၃၀၅ ဂျက်လေယာဉ်ဖြစ်သည်။ ၅-နာရီမှာ ရန်ကုန်မှ စတင်ထွက်ခွာရန် ဖြစ်သည်။ သို့သော် လေယာဉ်စက်ဘလုံး အနည်းငယ် ချွတ်ယွင်းသွား၍ အချိန်မှန် မထွက်ဖြစ်ခဲ့ပါ။ ခရီးသည်များမှာ ကွင်းစပ်တွင် ကိုယ့်အထုပ်ကိုယ်ဆွဲကာ ၁၅-မိနစ်ခန့် ရပ်စောင့် နေကြရသေးသည်။ ၆-နာရီထိုးခါနီးမှ လေယာဉ်ဆီသို့ သုတ်ခြေတင်ကြရသည်။

စာရေးသူမှာ သက်န်းရုံထားရသည့်အပြင်၊ ညာလက်တွင် ၄-ပိသာခန့်လေးသော လက်ဆွဲအိတ်၊ ဝဲဘက်ပခုံးတွင် ဆေးပုလင်းမျိုးစုံ ထည့်ထားသော သပိတ်လွယ်၊ ဝဲလက်ထဲတွင် ယပ်တောင်နှင့် ထီးတို့ရှိနေကြသည်။ ဘုန်းကြီးက သေးသေး၊ ပစ္စည်းကများများ၊ မြင်ရသူများ စိတ်မောစရာပင်။ စာရေးသူကိုယ်တိုင်လည်း စိတ်မောလူမော ဖြစ်လာသဖြင့် လက်ပေါင်းများစွာပါသည့် တခြားဘာသာဝင် နတ်ဘုရား မျိုးတောင်ခေတ္တဖြစ်ချင်သည့် စိတ်ရူးပေါက်လာမိသေးသည်။

ပစ္စည်းများကို မနိုင့်တနိုင်သယ်ပိုးယင်း လေယာဉ်လေ့ကားနားသို့ ရောက်သွားသည်။ အထုပ်အပိုးများကို ခဏမျှချလိုက်မည်ပြုစဉ် လေယာဉ်အမှုထမ်းတဦး ရောက်လာသည်။ လက်ဆွဲအိတ်ကိုလှမ်းယူပြီး လေယာဉ်ပေါ်အထိ သူ သယ်သွားသည်။ သည်တော့မှ စောစောက လက်အများနှင့် နတ်ဘုရား ဖြစ်ချင်သည့် စိတ်လည်း ပျောက်သွားတော့သည်။

လေယာဉ်လေ့ကားပေါ်သို့ ဣန္ဒြေရရ တက်သွား ခဲ့သည်။ လှေကားထစ်အရောက်တွင် အသာရပ်ခါ နောက်ဖက်သို့ ပြန်လှည့်ကြည့်သည်။ လက်ပြနှုတ်ဆက် နေကြသော ဆရာသမားများ၊ မိတ်ဆွေများနှင့် ဒါယကာ ဒါယိကာမများကို လှမ်းမြင်ရသည်။

ယခင်ကနိုင်ငံခြားသွားလိုစိတ်ပြင်းပြခဲ့သော်လည်း မိမိနိုင်ငံမှ တကယ်ထွက်ခွာရသည့်အခါ အဖော်ကလည်းမပါ၊ အတွေ့အကြုံကလည်း မရှိသေးသဖြင့် အားငယ်သလိုလို၊ နောက်ဆံတင်းသလိုလို ဖြစ်လာသည်။ လက်ပြ နှုတ်ဆက်နေသူများကို ကျောခိုင်းပြီး စိတ်ကိုတင်းကာ လေယာဉ်ထဲသို့ လှမ်းဝင်လိုက်သည်။

လေယာဉ်ကွင်းက အာရုံအသစ်များကိုမြင်လိုက်ရသောအခါ စောစောက နောက်ဆံတင်းခဲ့သော စိတ်များဘယ်ရောက်သွားမှန်းမသိတော့။ အာရုံအသစ် ပြောင်းသွားသဖြင့် စိတ်အသစ်ပြောင်းသွားခြင်းပင်။ လူ့စိတ်ကား အပြောင်းအလဲ မြန်ပါပေစွ။

"အာရုံမရှိ စိတ်မရှိ၊ အာရုံရှိမှ စိတ်ရှိသည်။
အာရုံပြောင်းတော့၊ စိတ်လဲပြောင်းပါတကား။"

## (၅) လေယာဉ်စီးလို့ ခရီးနှင်ရာဝယ်

၆-နာရီမှာ ရန်ကုန်မှ ဘန်ကောက်သို့ လေယာဉ် စထွက်သည်။ မိမိမှာ ခေါင်းပိုင်းယာဘက်ထိုင်ခုံတန်းရှိ ခုံနံပါတ် ၁၈-အေမှာ ထိုင်ရသည်။ ဘေးခုံတွင် အိန္ဒိယမှ လိုက်ပါလာသူ ယိုးဒယားကိုယ်တော်ငယ် တပါးကို တွေ့ရသည်။ အင်္ဂလိပ်လိုပြောကြည့်ရာ သိတ်တတ်ပုံ မပေါ်သဖြင့် ဆက်မပြောပဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေလိုက်သည်။

လေယာဉ်ထွက်ပြီး ၁၀-မိနစ်ခန့်အကြာမှာ လေယာဉ်မယ်တဦးက စားစရာများ ယူလာသည်။ ပေါင်မုန့်လုံး၊ ကော်ဖီမှုန့်၊ သကြားထုပ်၊ နို့မှုန့်ထုပ် စသည်တို့ကို ငွေရောင်လင်ပန်းပေါ်တင်ယူလာသည်။ ထိုင်ခုံဝဲဘက်လက်တင်ရှိ "ဝက်စားပွဲရှင်" ကလေးကို ဆွဲထုတ်ပြင်ဆင်ကာ စားစရာလင်ပန်းကို ချပေးသည်။ စာရေးသူက လက်ဟန်ပြ၍ ကပ်ခိုင်းမှ သူက ပြုံးပြီး ပြန်ကပ်သည်။ ရေနွေးကို ကော်ဖီပန်းကန်ထဲ လောင်းတည့်ပေးပြီး

ရှေ့ဆက်သွားသည်။ ကော်ဖီကို ကိုယ့်ဟာကိုယ် ကြိုက်သလို ဖျော်ရသည်။

လင်ပန်းပေါ်တွင် ဇွန်း၊ ခက်ရင်းနှင့် သားလှီးဓားငယ် ထည့်ထားသော ပလပ်စတစ်အိတ်ငယ်တခုလည်း ပါလာသည်။ ခက်ရင်းနှင့် ဓားငယ်ကို ထုတ်ပြီး လင်ပန်းပေါ်က ပေါင်မုန့် လုံးကလေးကို ဓားဖြင့် လှီးကြည့်သည်။ အဆင်မပြေ။ ခက်ရင်းနှင့် ဖဲ့ကြည့်သည်။ မရ။ လင်ပန်းပေါ်မှ ပေါင်မုန့် စင်မထွက်သွားအောင် အတော် သတိထား လိုက် ရသည်။ ပေါင်မုန့်သာ စင်ထွက်သွားယင် လူကြားထဲ အရှက်ကွဲဖို့ သေချာသည်။ ဇွန်း၊ ခက်ရင်းနှင့် စားကျင့်မရှိခဲ့၍ အခက်လာကြုံနေသည်။ မုန့်ကို ဓားဖြင့် လှီးရကောင်းနိုးနိုး၊ ခက်ရင်းဖြင့် ဖဲ့ရကောင်းနိုးနိုးနှင့်အတန်ကြာအောင်ချီတုံချတုံ ဖြစ်နေမိသည်။

ထိုအခိုက် ဝဲဘက်ထိုင်ခုံတန်းမှ "လက်နှင့်သာ ဖဲ့စားဘုရား" ဟူသော ခပ်ဝဲဝဲအသံကို မမျှော်လင့်ပဲ ကြားလိုက်ရသည်။ အသံလာရာသို့ ကြည့်လိုက်သောအခါ အသားဖြူဖြူ၊ ပုပုကွကွ မျက်နှာခပ်မြဲမြဲ၊ ဆံပင်ဂုတ်ဝဲနှင့် အသက် ၄၀-ခန့်အရွယ် ဂါဝန်ဝတ် အမျိုးသမီးကြီးတဦးကို တွေ့ရသည်။ ယိုးဒယား သူ ဖြစ်ဟန်တူသည်။ သူလည်း ပေါင်မုန့်ငယ်ကို လက်နှင့်ပင် ဖဲ့စားနေသည်။ ထိုအခါကျမှ မိမိလည်း ဇွန်းခက်ရင်း အသာ ချကာ ခေါင်းမာလှသော ပေါင်မုန့်ကို မွေးရာပါ လက်ဖြင့်ပင် မြန်မာဆန်ဆန် ဖဲ့ကာ စားပစ်လိုက်ပါသည်။

စားသောက်ပြီး၍မှ မကြာမီ လေယာဉ်အမှုထမ်း တဦးက ခရီးသည်များ ရှေ့မှာ ပုံစံစာရွက်ကလေးများ လိုက်ချသည်။

ယိုးဒယားနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသည်များ ဖြည့်စရာ ပုံစံစာရွက်များတည်း။ ယိုးဒယားနှင့် အင်္ဂလိပ် ၂-ဘာသာဖြင့် ရေးထားသည်။

နိုင်ငံခြား ခရီးအတွေ့အကြုံ လုံးဝမရှိသေးသဖြင့် စာရွက်များကို မဖြည့်ရဲသေးပဲ ဟိုဘက်လှန်ကြည့်၊ သည်ဘက်လှန်ကြည့်နှင့် အချိန်အတော်ကြာသွားသည်။ နောက်မှ စီးလာသည့် လေယာဉ်နံပါတ်၊ ထွက်လာသည့် ရက်စွဲ၊ စထွက်လာသည့်နေရာ၊ မိမိနာမည်၊ နိုင်ငံကူး လက်မှတ်နံပါတ်၊ လူမျိုး၊ ဇာတိနိုင်ငံ စသည့် ဖြည့်စရာများကို သူ့အကွက်နှင့်သူ အင်္ဂလိပ်လို ရေးဖြည့် လိုက်သည်။

"မြန်မာလူမျိုး၊ မြန်မာနိုင်ငံ"ဟူသော စာလုံးများကို အင်္ဂလိပ်လိုရော မြန်မာလိုပါ ယခင်က အကြိမ်ပေါင်းများစွာ ရေးခဲ့ဖူးပါသည်။ သို့သော် စိတ်ထဲမှာ တခါမျှ လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့။ ဘာခံစားချက်၊ ဘာအတွေးမျှလည်း မပေါ်ခဲ့ဖူးပါ။ စာလုံးပေါင်း မှန်ရုံလောက်သာ အာရုံစိုက်ပြီး ခပ်ပေါ့ပေါ့ရေးခဲ့မိသည်။

ယခုမူ "မြန်မာလူမျိုး၊ မြန်မာနိုင်ငံ"ဟု ရေးရသည်ကို အရသာတွေ့နေသည်။ "ငါသည် မြန်မာလူမျိုး၊ ငါ့ရဲ့အားကိုးရာ နိုင်ငံသည် မြန်မာနိုင်ငံ၊ ငါသည် ခြေတလုံးအိမ်ပါ၊ တိုင်းမဲ့ ပြည်မဲ့ ကလေကချေမဟုတ်၊ တိုင်းနှင့်ပြည်နှင့် ဂုဏ်ရှိရှိနေနိုင်သော လူမျိုးသာဖြစ်သည်။ ငါပြန်လိုက ငါ့နိုင်ငံကို အချိန်မရွေးပြန်နိုင်သည်"ဟူသော အတွေးပေါ်လာသည်။အားလည်း တက်လာသည်။

ယခင်က နိုင်ငံခြားကို အထင်တကြီး သွားလိုလှသော စိတ်ထား မှားယွင်းကြောင်း စောစောစီးစီး သဘောပေါက်သွားသည်။ တကယ်လို့သာ မိမိသည် ပထမဆုံး ပြည်ပခရီးကို အဖော်မမှီး တကိုယ်တည်း မထွက်ခွာရပဲ အားကိုးစရာ ဆရာသမားများ၊ မိတ်ဆွေများနှင့်အတူ သွားခဲ့ရသော်၊ လေယာဉ်ပေါ်မှာ သည်လိုအတွေးမျိုး၊ သည်လိုခံစားချက်မျိုး ပေါ်ချင်မှ ပေါ်ပေမည်။

ယခုတော့ တဦးတည်း ပြည်ပခရီးထွက်ရသည်ပင် အမြင်မှန်ရဖို့ ဖြစ်လာသည်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအပေါ် အားကိုး ဂုဏ်ယူတတ်သော စိတ်ထားမှန် ပေါ်လာသဖြင့် ''မြန်မာလူမျိုး၊ မြန်မာနိုင်ငံ''ဟူသော ရေးပြီးစာလုံးများကို အကြိမ်ကြိမ်ဖတ်နေမိပါတော့သည်။

သင်တို့ရဲ့ ပြည်ရွာ၊ ဘယ်ဟာလဲမေး။
မျိုးမြန်မာ ဇာနည်ဘွားတို့၊ စံစားရာလေး။

## (၆) ဒွန်မောင်မှာ တထောက်နားတော့

မြန်မာစံတော်ချိန် နံနက် ၇-နာရီ (ယိုးဒယားအချိန် ၇း၃၀ နာရီ)မှာ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ ဒွန်မောင်လေဆိပ်သို့ ဆိုက်ရောက်သည်။

လေယာဉ်မှာ လေဆိပ် အဆောက်အအုံ မျက်နှာစာဘက် တံစက်မြိတ်နားအထိ ဆိုက်ကပ်သဖြင့် လေယာဉ်ပေါ်မှ ဆင်းပြီး လေး-ငါးလှမ်းခန့် သွားမိရုံနှင့် အဆောက်အအုံ ဝင်ပေါက်ထဲ

ရောက်သွားသည်။ တပါတည်း ပါလာသော ပစ္စည်းများကို သယ်ဆောင်ရင်း ပေ ၅၀-ကျော်ခန့် လျှောက်ဝင်သွားမိသော အခါ ဘယ်ညာ လမ်းခွဲ ၂-ခုကို တွေ့ရသည်။ ယိုးဒယားမှာ ခရီးဆုံးသည့်သူများကား ဝဲဘက်လမ်းသို့ သွားကြသည်။ ခေတ္တနားပြီးရှေ့ခရီးဆက်ရမည့်သူများမှာ ယာဘက်လမ်းအတိုင်း သို့သွားကြရသည်။ မိမိမှာ ပေါင်မုန့်ကို လက်နှင့် ဖဲ့စားရန် ပြောခဲ့သူ ယိုးဒယား ဒါယိကာမကြီး၏ လမ်းညွှန်မှုကြောင့် ယာဘက်သို့ ခပ်တည်တည် ဆက်လျှောက် သွားပါသည်။

မိမိ၏ ရှေ့မလှမ်းမကမ်းတွင် အင်ဒိုနီးရှားပါတိတ် ရှပ်အင်္ကျီ ကြောင်ကြောင် ကြားကြားနှင့် အနက်ရောင် ဘောင်းဘီရှည် ဝတ်ဆင်ထားသူ၊ အသားခပ်ညိုညို၊ပုတိုက်တိုက်၊အသက်၄၀-ခန့် ဒါယကာဘဦးကို တွေ့ရသည်။ အသားညိုညို၊ ထောင်ထောင် မောင်းမောင်း၊ အသက် ၁၇-နှစ်ခန့်ရှိပြီး၊ ဘောင်းဘီရှည်အနက် နှင့် ယောကျ်ား ရှပ်အင်္ကျီမျိုး ဝတ်ဆင်ထားသူ၊ အမျိုးသမီး တယောက်လည်း သူနှင့်ယှဉ်လျက် လျှောက်နေသည်။

အမျိုးသားသည် နောက်ပြန်လှည့်ကာ မိမိကို မကြာမကြာ ကြည့်နေသည်။ မိမိယပ်တောင်မှ "ဘားမား" ဆိုသောစာလုံးကို သေသေချာချာ မြင်သွားပုံရသည်၊ မိမိအား ရပ်စောင့်ကာ "အရှင်ဘုရား ဘယ်ကြွမှာလဲ" ဟု ပြုံး၍ မေးပါသည်။ မိမိ၏ လက်ဆွဲအိတ်ကိုလည်း လှမ်းယူပါသည်။ စောစောက သူကို နိုင်ငံခြားသား ဟု ထင်ခဲ့မိသည်။ အခုမှ ကိုယ့်လူမျိုး စစ်စစ် ဖြစ်မှန်းသိရတော့သည်။

အမှန်အတိုင်းပြောရလျှင် စာရေးသူမှာ ခပ်တည်တည်သာ လျှောက်နေရပေမယ့် အတွေ့အကြုံ မရှိ၍ ရင်တထိတ်ထိတ်ဖြစ်

နေသည်။ အဆောက်အဦမှာ ကြီးမား ခေတ်မီကျယ်ဝန်းပြီး အလုပ်စားပွဲတွေ များလွန်းနေ၍ ဘယ်သွားရမှန်းမသိ ယောင်ချာချာဖြစ်နေစဉ် ကိုယ့်မြန်မာလူမျိုးဒါယကာကို တွေ့လိုက်ရသဖြင့် ပြောမပြနိုင်အောင် ဝမ်းသာအားတက် သွားသည်။

ထိုဒါယကာ၏ ခေါ်ဆောင်မှုကြောင့် လေယာဉ်ပြောင်းစီးရန် လက်မှတ်ပြရမည့် စားပွဲသို့ ချောချော မောမော ရောက်ရှိသွားသည်။ ထိုဒါယကာသည် ဂ—နာရီ (ယိုးဒယားနာရီ) မှာ မလေးရှားသို့ လေယာဉ်နှင့် သွားရမည်ဖြစ်၍ ဆောင်ရွက်စရာများကို ဆောင်ရွက်ပြီး မိမိအား နှုတ်ဆက်သွားသည်။

သူ့ကို လှမ်းကြည့်နေစဉ် "အရှင်ဘုရား လက်ဆွဲအိတ်ကို အနားယူထားအုံးဘုရား" ဟု လှမ်းပြောသံကို ကြားလိုက်ရသည်။ အသံလာရာသို့ကြည့်လိုက်ရာ မြန်မာပီပီသသ ဆင်ယင်ထုံးဖွဲ့ဝတ်ဆင်ထားသူ ဒါယိကာမကြီးတဦးကို တွေ့ရသည်။ အသားညိုညို ကောင်ထောင်မောင်းမောင်း ရုပ်ဖြောင့်ဖြောင့်၊ အသက် ၄၀-နီးပါခန့်ရှိသည်။ စောစောက အချုံးသမီးငယ်နှင့် အကူယာဉ်လျှောက်နေယင်းက မိမိဘက်သို့ နောက်ပြန်လှည့်ကာ လှမ်းပြောလိုက်ခြင်း ဖြစ်ပါသည်။

ခပ်စောစောက အလုပ်များနေ၍ ဒါယိကာမကြီးကို သတိမထားမိပါ။ အခုမှသာ မြန်မာဒါယကာကြီးမှ ဇနီး၊ သမီးတို့နှင့်အတူ မလေးရှား သွားမည့်သူဖြစ်ကြောင်း သိရတော့သည်။ ခဏမျှဆုံတွေ့ပြီး ချက်ချင်း လူချင်းခွဲကြရသဖြင့် နာမည်ကလေးမျှ မမေးလိုက်မိ၍ သတိရတိုင်း စိတ်မကောင်းပါ။

သူတို့မိသားစု ထွက်ခွါသွားပြီးနောက် စာရေးသူတဦးတည်း ယောင်လည်လည်နှင့် ကျန်ခဲ့သည်။ ယိုးဒယားစာရေးမများအား အပ်ထားသော လေယာဉ်လက်မှတ် ပြန်ရမည့်အချိန်ကို မေး ကြည့်သည်။ သူတို့ပြောသော အင်္ဂလိပ်စကားမှာ ယိုးဒယားသံ ဝဲနေ၍ နားမလည်သဖြင့် ၂-ခါ ၃-ခါ ထပ်မေးရသည်။ သူတို့က မလှမ်းမကမ်းရှိ ကုလားထိုင်မှာ ခဏထိုင်ပြီး စောင့်ပါဟု ပြောသည်။ မိမိလည်း ကုလားထိုင် တလုံးမှာ ဝင်ထိုင်လိုက် ပါသည်။

အနောက်တိုင်းဟန် ဆံပင်တိုတို၊ ဂါဝန်ကြပ်ကြပ်၊ ခွာမြင့် ဒေါက်ဖိနပ်ကို တဖျပ်ဖျပ်စီးကာ ပျံတော့မည့် ကိန္နရီမများလို မြူးကြွကြွဟန်ပန်ဖြင့် အလုပ်စားပွဲ တခုမှတခုသို့ ခပ်သုတ်သုတ် လူးလာကူးကာ အလုပ်များနေသူ ယိုးဒယားမျိုးဖြူ စာရေးမ များကို ကြည့်လိုက်၊ ရှေ့ဆက်ရမည့် ခရီးကို တွေးလိုက်နှင့် လက်မှတ်စောင့်ယင်း အချိန်ဖြုန်းနေရပါသည်။

"အရှင်ဘုရား ဘယ်သွားမှာလဲ၊ လက်မှတ် ပြန်ရပလား။ ခဏခဏမေးပေး၊ သိပ်အေးမနေနဲ့"ဟု တစုံတယောက်က ပြောလာပါသည်။

ထိုသူမှာ ပိန်ပိန်သေးသေး အသားလပ်လပ် စွတ်ကျယ် လက်ပြတ်နှင့် ဘောင်းဘီရှည်ဝတ်ထားပြီး ကျောမှာအိတ်တလုံး ပိုးထားသည်။ ရုတ်တရက်ကြည့်လျှင် ယိုးဒယားလိုလို တရုတ် လိုလိုထင်ရသည်။

သူကား မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ မုဒုံမြို့သားဖြစ်သည်။ နာမည်မှာ မောင်လှမြိုင်၊ အလုပ်မှာ သင်္ဘောသားတည်း။ ဂျပန်

ပြည်သွားရန် လေယာဉ် စောင့်နေခြင်း ဖြစ်သည်။ အသက် ၂၀-ခန့်ဟုထင်၍ မေးကြည့်ရာ အသက် ၃၅-နှစ်ရှိပြီး၊ သတော်သား ယ်ပ်သက် ၁၅-နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း သူက ပြောပြသည်။

စီးရမည့် လေယာဉ်မှာ ၉း၃၀မှ ထွက်မည်ဖြစ်၍ မိမိအား နာရီဝက်ကျော်ကျော် အကူအညီပေးသွားသည်။ မိမိ၏ပစ္စည်းများကို သယ်ယူပြီး အဆောက်အအုံထဲလိုက်လံပြသည်။အိမ်သာခန်းအထိ လိုက်ပို့သည်။ သူကား ယိုးဒယားလေဆိပ်မှာ "ဖိုး" ဖြစ်နေပြီ။ လေယာဉ် လက်မှတ်ကိုလည်း သူပဲ ပြန်ယူပေးပြီး ညှော်ခန်းသို့လိုက်ပို့သည်။ သူ့လေယာဉ်တွက်ခါနီးမှ စာရေးသူအား လက်အုပ်ချီ နှုတ်ဆက်ပြီး ထွက်သွားပါတော့သည်။

ဒွန်မောင်လေဆိပ်ကား အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖြစ်သည်။ အတော်ကြီးကျယ်ခေတ်မီသည်။ အခြား အချိန်များမှာ ဘယ်လိုရှိမည်မသိရ။ မိမိရောက်နေခိုက်မှာတော့ ၁၅-မိနစ်မှာ လေယာဉ် တစီးလောက် တက်နေ ဆင်းနေဟန် ရှိသည်။ လေယာဉ်တွေ တော်တော်များများ ရပ်ထားသည်ကိုလည်း တွေ့ရသည်။

ခရီးသည်များအတွက် ညှော်ခန်းမှာ လူထောင်ကျော် ဆန့်မည်ထင်သည်။ ခရီးသည်တွေမှာလည်း ညှော်ခန်းအပြည့်ပင်။

ညှော်ခန်းဆောင် တိုင်ကြီးများတွင် အသံလည်းကြားရ၊ စာလည်း တွေ့ရသည့် စက်ထပ်ဆင်ထားသည့် ရုပ်မြင်သံကြားဂက် ဖြစ်မည်ထင်သည်။ သို့သော် အရုပ်မမြင်ရ၍ 'စာမြင်သံကြား ဆိုင်းဘုတ်ရှင်'' ဟု စာရေးသူက မိမိဘာသာတွင် မှတ်ထားလိုက်သည်။

ခရီးသည်များ ဆောင်ရွက်ရမည့် အစီအစဉ်၊ ထွက်မည့် လေယာဉ်နံပါတ်၊ ထွက်မည့်အချိန်၊ ခရီးသည်များ ဧည့်ခန်းမှ ထွက်ရမည့် ဂိတ်ပေါက်တို့ကို အသံနှင့်ရော စာနှင့်ပါအချိန်မှန်မှန် ပြောင်းလဲ ကြေငြာပေးနေသည်။

"ကျေးဇူးပြု၍ နားသောတဆင်တော်မူကြပါ" ဟူ သော အင်္ဂလိပ်စကားသံကတော့ မကြားချင်အဆုံး။ နိုင်ငံရပ်ခြား သွားလျှင် အင်္ဂလိပ်လိုတတ်မှ အဆင်ပြေပါသည်။

မောင်လှမြိုင်ထွက်ခွာသွားပြီးနောက် မည်သည့်မြန်မာလူမျိုး ကိုမျှ ထပ်မတွေ့ရတော့ချေ။ ဧည့်ခန်းလူပုံအလယ်မှာ တပါး တည်းပင် ထိုင်နေရသည်။ မျက်စိတကမ်းမှာတော့ အဖြူ၊ အဝါ၊ အမည်း၊ အတုံ့ရှိ၊ အတွဲမဲ့ ခရီးသည်တွေ စုံနေသည်။ ထိုင်နေသူ၊ သွားနေသူ၊ ရပ်နေသူ၊ စကားပြောနေသူတွေ မျိုးစုံပင်။

မိမိစီးရမည့် လေယာဉ်မှာ ၁၀-နာရီခွဲမှ ထွက်မည်ဖြစ်၍ ၁-နာရီခန့် စောင့်ရပေဦးမည်။ အချိန်ဖြုန်းနေသည့် အနေ၊ လေ့လာနေသည့်အနေဖြင့် အစကတော့ ပတ်ဝန်းကျင်ကို မျက်စိ ကစားမိသည်၊

"ဒါက အမျိုးသား၊ ဟိုဟာကအမျိုးသမီး၊ ဒါကအနောက် နိုင်ငံသူ၊ ဟောဟိုဟာက အရှေ့တိုင်းသား" စသည် စသည်ဖြင့် ခရီးသည်တွေကို မသိမသာ လှည့်ပတ်ကြည့်ကာ အကဲခတ်လိုက် ဆိုင်းဘုတ်ရှင်ကို မော်ကြည့်လိုက်နှင့် အချိန်ဖြုန်းနေမိသည်။

သို့သော် မိမိလေယာဉ်ထွက်ချိန် နီးသည်ထက်နီးလာသော အခါ ပတ်ဝန်းကျင်ကို သိပ်အာရုံမစိုက်အားတော့။ သွားလိုစိတ်

ကဲပြီး ဆိုင်ဘုတ်ရှင်ကိုသာ မကြာမကြာ ကြည့်ကြည့်နေရသဖြင့် လူမျိုး ကျား-မ စသည်တို့ကို ခွဲခြား၍ မမှတ်အားတော့ပါ။ ပတ်ဝန်းကျင်ရှိ ခရီးသည်အားလုံးကို "ငြိမ်နေသော အရာနှင့် လှုပ်ရှားနေသောအရာ" ဟုသာ သတိပြုမိပါတော့သည်။

ဒွန်မောင်မှာ တထောက်နားတော့၊
ကမ္ဘာ့သားသွင်မူရာ၊ ကြည့်ရှုလေ့လာ။
ခဏသာ သူငါပစိတ်မှာစွဲ။
ဆိုင်းဘုတ်ရှင် ခါခါပင် ကြည့်ရများတော့၊
သူငါသွင် မှတ်မအားသာဘူ၊
သွားလိုစိတ်ကဲ။

## (၇) စရောက်ချိန်က ဘဝင်မကျ

ယိုးဒယားစံတော်ချိန်သည် မြန်မာစံတော်ချိန်ထက်နာရီဝက် စောသည်။ ယိုးဒယားစံတော်ချိန် ၁၀း၃၀ နာရီတွင် ဘန်ကောက်မှ သီရိလင်္ကာသို့ထွက်မည့် ယိုးဒယားပိုင် တီ-ဂျီ-၃၀၇ ဂျက်လေယာဉ်ပေါ်သို့ တက်ခဲ့သည်။ လေဆိပ်အဆောက်အအုံမှ လေယာဉ်လှေကားအထိ ကားစီးပြီးသွားရသဖြင့် သက်သာလှပါသည်။

လေယာဉ်ထွက်ခွာပြီး ၁၀မိနစ်ခန့်တွင် ခရီးသည်များအား နံနက်စာကျွေးသည်။ လက်ဖက်ရည်အကြမ်းပန်းကန် ၂-လုံးစာခန့် ထမင်းပေါင်း၊ ၂-ကျပ်သားခန့် အမဲနှပ်၊ ယောက်သွားခရုလိုပင်လယ်ငါးအသားတယှက်၊ ငါးသေတ္တာနှင့်ခရမ်းချဉ်သီး

သုပ်အနည်းငယ်(ဆွမ်းတော်တင်ပန်းကန်လုံး အငယ်စားတလုံးခန့်)နှင့် ဆလပ်ရွက်တရွက်တို့ဖြစ်သည်။

ဆာနေဆဲအချိန် လက်နှင့်သာအားရပါးရ စားလိုက်ရလျှင် ၄-လုပ် ၅-လုပ်စာခန့်သာ ရှိမည်။ အခုတော့ရင်ပြည့်ပြီး မစားချင် မသောက်ချင် ဖြစ်နေစဉ် အကျင့်မရှိပဲ မလွဲသာ၍ ဇွန်းခက်ရင်းနှင့် စားနေရသဖြင့် ကုန်အောင်မစားနိုင်ခဲ့ပါ။

မြန်မာစံတော်ချိန်သည် သီရိလင်္ကာ စံတော်ချိန်ထက် ၁-နာရီစောသည်။ မြန်မာစံတော်ချိန် နေ့လည် ၁-နာရီ၊ သီဟိုဠ်စံတော်ချိန် နေ့လည် ၁၂-နာရီမှာ သီဟိုဠ်နိုင်ငံ ကိုလံဘို လေဆိပ်သို့ ရောက်ပါသည်။

လေဆိပ် အဆောက်အအုံရော လေယာဉ်ကွင်းပါ မြန်မာပြည် မင်္ဂလာဒုံလေဆိပ်ကို မမှီပါ။ အဆောက်အအုံ အဝင်ဝတွင် လေဆိပ်အမှုထမ်း အမျိုးသမီးတဦး လက်အုပ်ချီ မတ်တပ်ရပ်လျက် ဆီးကြိုနှုတ်ဆက်နေသည်။ အသားအရောင် ကွဲပေမယ့်နှုတ်ဆက်နေပုံကတော့ ယိုးဒယားသူလေးနှင့် တူနေသည်။ ဗုဒ္ဓယဉ်ကျေးမှု ကျေးဇူးကြောင့် ဆိုက မှားမည်မထင်။

ပစ္စည်းရွေးယူရသည့် နေရာတွင် နာရီဝက်ခန့်ကြာနေသည်၊ အခြားခရီးသည်များ၏ ပစ္စည်းများကို သေသေချာချာ စစ်ဆေးကြသည်။ မိမိ၏ ပစ္စည်းများကိုမူ ဝတ်ကျေ တမ်းကျေလောက်သာ စစ်ဆေးပြီး၊ မိမိ၏ စာအုပ်သေတ္တာကို အပြင်ဧည့်ခန်းဘက် ထွက်သည့် အပေါက်ဝထိ အလုပ်သမားများက ထမ်းပို့ပေးကြပါသည်။

ကမ္ဘာအေး - ရန်ကုန်။

ညနေ ၃ ခန်းဝတွင် မြန်မာဆရာတော် ဦးသိဂ္ဂဝနှင့် သီဟိုဠ်ကိုယ်တော် ၂-ပါးတို့ ရပ်ပြီး ကြိုနေကြသည်။ မိမိက အထုပ်အပိုးများကို သယ်ယူရန် အလုပ်သမားငှားပေးဖို့ မြန်မာဆရာတော်ကို ပြောသည်။ ဆရာတော်က သီဟိုဠ်ကိုယ်တော်များအား သီဟိုဠ်လို ပြန်ပြောသည်။ မိမိမှာ ဘာမျှနားမလည်၍ ငေးကြည့်နေမိသည်။ သီဟိုဠ်ကိုယ်တော်များကား အလုပ်သမားပဲ ငှားတော့မလိုလို၊ ကိုယ်တိုင်ပဲ သယ်တော့မလိုလို ဟန်ရေးပြနေကြသည်။

သင်္ကန်းဝါဖျော့ဖျော့၊ ဆံပင်ရှည်ရှည်နှင့် ဖဲထီးအနက်ကို လက်မှာ ခပ်တည်တည် ချိတ်ဆွဲထားသူ ကိုယ်တော်တပါးက မြန်မာဆရာတော်ကို တစုံတခု ပြန်ပြောသည်။ မိမိက မြန်မာဆရာတော်အား မေးကြည့်ရာ ပခုံးထမ်း အလုပ်သမားရဖို့ မလွယ်ဟု ပြောသည်။

သည်လိုဆိုယင် လာကြိုသူ ကားသမားကို သယ်ခိုင်းပါ။ သည်လိုဝိုင်းကြည့်ပြီး ဟန်ရေးပြနေလို့ ဘယ်ဖြစ်မလဲဟု ပြောမိသည်။

မြန်မာဆရာတော်ရော သီဟိုဠ်ကိုယ်တော်များပါ ဟိုလိုလို သည်လိုလို လုပ်နေကြသည်။ သည်အတိုင်းသာဆိုယင် သည်ကိုယ်တော်တွေနဲ့ ငါနဲ့ ဖြစ်ပါ့မလားဟု တွေးမိပြီး စိတ်ပျက်လက်ပျက် ရပ်နေမိသည်၊ အတော်ကြာမှ ကားသမားဖြစ်ဟန်တူသူက ခပ်သုတ်သုတ်လာပြီး စာအုပ်သေတ္တာကို မ,မည်ပြုသည်၊

သည်တော့မှ ပစ္စည်းကိုကြည့်လိုက်၊ ခေါင်းခါလိုက်၊ မျက်လုံးကစားလိုက်၊ လက်ပြလိုက်၊ စကားများလိုက်နှင့် တချိန်လုံး

ဟန်ရေးပြနေသူ သီဟိုဠ်ကိုယ်တော် ၂-ပါးက စာအုပ်သေတ္တာကို ရုတ်တရက် ဆွဲယူသယ်ဆောင်သွားကြသည်။ ကားဆရာမှာ လက်ဆွဲအိတ်ကိုသာ သယ်ရတော့သည်။

"သည်လို ကိုယ်တိုင်သယ်မှာဖြင့်လဲ အလကား ဟန်ရေးပြနေကြတယ်၊ စောစောကတည်းက သယ်ယင် ပြီးတာ ကြာနေပြီ"ဟု မိမိက စိတ်ထဲရှိသည့် အတိုင်း လွတ်ခနဲ ပြောချလိုက်သည်။ မြန်မာဆရာတော်က မိမိကို တချက် လှည့်ကြည့်သည်။ သီဟိုဠ်ကိုယ်တော်တွေကတော့ ဘာမျှမသိကြချေ။

သူ့ဓလေ့ သူ့မူယာ၊ တွေ့စမှာ ကွာခြား၊
ရောနှောကာ အနေများမှ၊ အသားကျသွား။

## (၈) သံအမတ်အိမ်မှာ တည်းတာ

မိမိသည် မြန်မာဆရာတော်နှင့်အတူ လေဆိပ်မှ ကိုလံဘိုမြို့ မြန်မာကျောင်းသို့ လိုက်ပါသွားသည်။ စာအုပ်သေတ္တာကိုမူ ကန္ဒိ ဗောဓိရိပ်သာမှ လာကြိုသူ သီဟိုဠ် ကိုယ်တော်များအား ပေးလိုက်သည်။

လေဆိပ်နှင့် ကိုလံဘိုမြို့မှာ ၂၂-မိုင်ခန့်ဝေးကြောင်း မြန်မာဆရာတော်က ပြောသည်။ ကိုလံဘိုမြို့သည် ရန်ကုန်မြို့ထက် များစွာကျယ်ပုံပေါ်သည်။ သစ်သားအိမ်မရှိ။ တိုက်အိမ်တွေချည်းများသည်။ အများအားဖြင့် အုတ်ကြွပ်မိုး အင်္ဂတေခင်း တထပ်တိုက်တွေ ဖြစ်သည်။

မြို့တွင်း ကတ္တရာလမ်းများမှာ လမ်းဘေး ပလက်ဖောင်း သိတ်မတွေ့ရ။ ပြေးနေသော ဘတ်စ်ကားများကား တပုံစံထဲ

လိုလို ဖြစ်သည်။ နောက်ဆုံးပေါ် လေးလင်းကုမ္ပဏီလုပ် ကားကြီးများတည်း။ အချို့မှာ နှစ်ထပ် ကားကြီး များ ဖြစ်ကြသည်။

ဘတ်စ်ကားတိုင်း၏ တဖက်ဘေးကာ၌ "အမြီးထောင်၊ ခေါင်းထောင်ကာ လက်တဖက်က ဓားလွတ်ကို ကိုင်မြှောက်ထားသော ခြင်္သေ့ပုံ"ကို ဝင့်ကြွားစွာ တွေ့ရသည်။ သီဟိုဠ်သားတို့၏ အထွတ်အမြတ် အမှတ်အသား ဖြစ်ဟန်တူပါသည်။

မြန်မာကျောင်းဝိုင်းမှာ ကိုလံဘိုမြို့ လူစည်ကားသော ရပ်ကွက်တွင်ရှိသည်။ ၂ ထပ်တိုက် ကျောင်းကြီးတကျောင်းနှင့် အဆောင်ဆောင်တွဲထားသော တထပ်တိုက်ကျောင်း တကျောင်း ရှိသည်၊ သစ်သားဇရပ်ငယ်တခုမှာမူ ပျက်စီးနေပေပြီ။

မြန်မာပြည်မှသွားသူ မြန်မာ လူမျိုး အားလုံး လိုလိုပင် ရှေးဦးစွာ မြန်မာကျောင်းမှာ တည်းခိုကြရသည်၊ နောက်မှ လိုရာခရီး သို့သွားကြသည်။ မိမိလည်း ထိုနေ့ ညနေ ၅ နာရီအထိ မြန်မာကျောင်းမှာပင် ခေတ္တအနားယူရသည်။

သီဟိုဠ်သူနှင့်အိမ်ထောင်ကျနေသော မြိတ်မြို့သားဦးစိန်ဝင်း ဆိုသူက ညနေ ၅ နာရီတွင် မိမိကို မြန်မာသံအမတ်ကြီးအိမ်သို့ သူ့ကားဖြင့် လိုက်ပို့ပေးသည်။ ထိုအိမ်မှာ မြန်မာ သံအမတ်ကြီးအဘွက် ငှားယူပြီးစသာရှိသေးသည်။ လူမနေရသေးပါ။ သီဟိုဠ်ဆိုင်ရာ မြန်မာ သံအမတ်ကြီးမှာလည်း ဂျပန်နိုင်ငံတွင် သည် တခြားနိုင်ငံမှ ပြောင်းရွှေ့မလာသေးပါ။

သံအမတ်ကြီးအိမ် အောက်ထပ် ဧည့်ခန်းမှာထိုင်စောင့်နေစဉ် ဒုအတွင်းဝန် ဦးအုန်းကျော်တို့ ဇနီးမောင်နှံရောက်လာကြသည်။

မိမိအတွက် အပေါ်ထပ်မှာ နေရာထိုင်ခင်း ပြင်ပေးပါသည်။ တရားဟောရာမှ ရောက်လာမည့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အတွက်လည်း နေရာထိုင်ခင်း အသင့်ပြင်နေကြပါသည်။

မိမိမှာ ခရီးပန်းလာသဖြင့် ပြင်ပေးထားသော ခုတင်ပေါ်မှာ စိတ်ရှိလက်ရှိ ပစ်လှဲလိုက်သည်။မည်သည့်အချိန်မှာအိပ်ပျော်သွားမှန်း မသိလိုက်ရ။

"တော်တော် ခရီး ပန်း သွားသလား၊ အောက်ထပ်မှာ ဆရာတော်ဘုရားကြီး ရောက်နေပြီ"ဟူသောအသံနှင့်အတူ တစုံတယောက်က လှုပ်နှိုးလိုက်မှ ရုတ်တရက် လူးလဲထလိုက်သည်။ မိမိအားပြုံးပြီးကြည့်နေသူ ဦးအဂ္ဂမမ္မကို ခုတင်ဘေးတွင် တွေ့ရသည်။ အချိန်ကား ည ၈-နာရီကျော်ပေပြီ။

မိမိသည် ချက်ချင်းသက်နိုးပြန်ဝတ်ကာ ဦးအဂ္ဂမမ္မနှင့်အတူ အောက်ထပ်သို့ ဆင်းလိုက်သွားသည်။ ဆရာတော်ဘုရားကြီးကို ညှိခန်းကုလားထိုင်ပေါ်တွင်ဖူးတွေ့ရသည်။ရှေ့ဘက်စားပွဲပေါ်မှာ ခေတ်ဗူး၊ သက်နိုး၊ ဆင်းတုငယ် စသော ပစ္စည်းတွေ စုပုံနေသည်။ တရားဟောရာမှ ရလာဟန်တူသည်။

မိမိသည် ဆရာတော်ဘုရားကြီးအား ဝတ်ပြုပြီး နဂ္ဂဟာအဖွဲ့မှ ပေးလိုက်သော စာကို ကပ်သည်။ ဆရာတော်ကြီးက သီဟိုဠ်သို့ လာရတာ အခက်အခဲရှိ မရှိ မေးတော်မူသည်။ မိမိကလည်း ဘုံကြေးအတွက် ကျပ်ငွေ ၁၂၀၀ဝိ/-ပေးရတာပါမကျန် တော်တော် စုံအောင် လျှောက် ထားလိုက်ပါသည်။

"ဒီလိုဆိုယင် ဦးသုန္ဒရအတွက် ကျပ်ငွေ ၅၀ဝိ/-လောက်ပဲ ထားခဲ့တော့၊ အစက ၃၀ဝိ/-လောက် ထားခဲ့မယ်

မှန်းထားတာ ဟိုကျယင် သည်ကပဲ ပေးချင်ပေးနေရအုံးမှာ”ဟု ဆရာတော်ဘုရားကြီးက ဦးအဂ္ဂမ္မနှင့်ဦးမြသိန်းတို့အားလှမ်းပြီး အမိန့်ရှိလိုက်သည်။

ထို့နောက် ဆရာတော်ကြီးက သူ့ရှေ့စားပွဲပေါ်မှ ရဟန်း အသုံးအဆောင်ပစ္စည်းတွေကို ကိုလံဘိုမြန်မာကျောင်းမှ ရဟန်း တော်များအတွက် ခွဲဝေပေးရန် ဆရာတော် ဦးသိဂ္ဂဝထံအပ်နှံ သည်။ မိမိအားပေးသည့် မျက်နှာသုတ်ပုဝါ၊ ဓာတ်ဘူး စသည့် ပစ္စည်းများကို ပေးသည်။ ကန္တုဗောဓရိပ်သာမှာလဲ မိမိအတွက် ပစ္စည်းတွေထားခဲ့သေးကြောင်း အမိန့်ရှိပါသည်။

ထို့ပြင် သီဟိုဠ်ဆင်းတုငယ် ၃-ဆူနှင့် ဓာတ်တော် အချို့ကို ကြည့်ပြီး“ဘုရားတွေကတော့ ယူသွားစရာ မလိုပါဘူး၊ ကျောင်း က ဘုရားနှင့်ပဲ လုံလောက် နေပါပြီ။ ဓာတ်တော်တွေကလဲ စီးပွားရေးသမားတွေ လုပ်နေတာနဲ့တူပါတယ်”ဟုတပါးတည်း ပြောသလို ခပ်တိုးတိုး မိန့်တော်မူပါသည်။ ထို့နောက် သံရုံး အမှုထမ်း မြန်မာများအား ဘုရားဆင်းတုနှင့် ဓာတ်တော်တို့ကို ခွဲဝေယူကြရန် ပေးလိုက်ပါသည်။

ဆရာတော် ဘုရားကြီးရှေ့မှာ ပစ္စည်းတွေ ရှင်းသွားသော အခါ မြန်မာဒါယကာတဦးက ဆရာတော်ကြီးအားအရည်တမျိုး သွားကပ်သည်။ ကော်ဖီကြမ်း ဖြစ်မည်ထင်သည်။

“ဒီကမသောက်ဘူး၊ မှန်းလွဲယင် မသောက်ကောင်းဘူး”ဟု အမိန့်ရှိလိုက်သည်။သောကပ်သူ ဒါယကာက ပန်းကန်ကိုပြန်ယူ သွားသည်။

အချိန်မှာ ည ၉-နာရီ ကျော်သွားပြီ ဆရာတော်ဘုရားကြီး ကား ကုလားထိုင်ပေါ်၌ ထိုင်လျက်ပင်။

မိမိက အနီးရှိဒါယကာတဦးအား "ဆရာတော်ကြီးပန်းလာ ဟန်တူသည်။အနားယူ ကျိန်းစက်ရန် ပင့်ဖို့တော်ပြီထင်တယ်"ဟု ခပ်တိုးတိုးသတိပေးလိုက်သည်။

သည်တော့မှထိုဒါယကာကဆရာတော်ကြီးကို အပေါ်ထပ်ရှိ သီးသန့် ပြင်ဆင်ထားသော အခန်းသို့ ပင့်သွားသည်။ မိမိတို့ လည်း မိမိတို့အတွက် ပြင်ပေးထားကြသည့် တိုက်ခန်း အသီးသီးမှာ ဝင်အိပ်ကြပါတော့သည်။

ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

## (၆) ပြတ်သားလှသည်မဟာစည်

၁၂-၇-၇၀ နေ့နံနက် ၄-နာရီမှာ ဦးမြသိန်းကလာနှိုးသည်။ မိမိကို ကန္ဒုဗောဓရိပ်သာသို့ ဆရာတော်ဘုရားကြီး ကိုယ်တော် တိုင် ပို့ဆောင်အပ်နှံမည်ဖြစ်ကြောင်း ကြိုတင် သိထားပြီးဖြစ်၍ ကမန်းကတန်း ပြင်ဆင်ရသည်။

ဦးအဂ္ဂဓမ္မ ပြင်ဆင်တာမတွေ့၍ မေးကြည့်ရာ "သူတို့ဘာ ဆရာတော်ကြီးလောက် အရေးစိုက်ကြတာ၊ နောက်ကပါလာတဲ့ လူတွေကို ဒီအတိုင်းပစ်ထားတယ်၊ နေရာတောင် ကိုယ့်ဟာကိုယ် ဖြစ်သလိုကြည့်နေရတယ်၊ အခန်းတွေကလည်း ကျဉ်းပြီး လေ ကောင်း လေသန့်မရဘူး၊ မလိုက်တော့ဘူး"ဟု မိမိအား တိုးတိုးတိတ်တိတ်ပြောပြီး မြန်မာသံအမတ်ကြီးအိမ်မှာပင် နေခဲ့ သည်။

၄း၃၀ နာရီမှာ သံအမတ်ကြီးအိမ်မှ ကန္ဒုဗောဓသို့ ကား နှစ်စီးနှင့် စတင်ထွက်ခွာကြသည်။ ကိုလံဘိုမှ ကန္ဒုဗောဓထိ မိုင် ၂၀-ခန့်ဝေးသည်။ သို့သော် ကားလမ်းဘေး နှစ်ဘက်

လုံးမှာ တိုက်အိမ်ကလေးတွေ ဆက်တိုက် စီတန်းဆောက်ထား ကြသဖြင့် မြို့နှင့်တဆက်တည်း ဖြစ်နေသည်။ အနေမကြာလျှင် မြို့မှန်း တောမှန်းခွဲခြားသိဖို့ မလွယ်ပါ။ မြို့က တိုက်အိမ် များမှာ အုန်းခြံမရှိ၊ တောမှ တိုက်အိမ်ကလေးများကား အုန်းခြံနှင့် မာနာင့်နေကြသည်။

နံနက် ၅း၁၅ နာရီမှာ ကန္ဒုဗောမသို့ ရောက်ကြသည်။ အသက် ၈၅-နှစ်အရွယ် သီဟိုဠ်ဆရာတော်ကြီးက ဆီးကြို ‌ခေ့ခံသည်။

မိမိနှင့် ကျောင်းရှင် မဟာစည်ဆရာတော်ဘုရားကြီးကို သိမ် အောက်ထပ်မှာ နံနက်ဆွမ်းကပ်သည်။ မြန်မာဆရာတာန်များ ဖြစ်ကြသော ဦးမောန်းအောင်ကျော်၊ ဦးထိန်သင်းနှင့် ဦးကျော်လှ တို့ ပေါက်ဆုံလာကပ်ကြသည်။ သူတို့သည် ကန္ဒုဗောမမှ သုံးမိုင်ခန့်အကွာ၊ ဒိုပေဆေးရုံ၌ တာဝန်ယူ နေကြသူများ ဖြစ်သည်။ မြန်မာဆရာဝန်များအားလည်း မိမိကိုကူညီဖို့ ဆရာ တော်ကြီးက အမိန့်ရှိသည်။

ထိုနေ့မှာ မြန်မာပထမဝါဆိုလပြည့် ဥပုသ်နေ့ဖြစ်သည်။ သီဟိုဠ်က မြန်မာတက် ဥပုသ်ရက် ထက်စောသည် ၁၄-ရက် နေ့ကပင် သီဟိုဠ်ရိပ်သာရှိ ရဟန်းတော်များ သီလဥပုသ်ပြုပြီး ကြောင်း သိရသည်။ မဟာစည်ဆရာတော် ဘုရားကြီးက သီဟိုဠ်သံဃာတော်များကို သိမ်အပြ ... ည်။ ကို နေ... ဆရာတပည့် ၂-ပါး (ပါဠိရိုသ္မိ) ဥပုသ်ပြုကြပါသည်။

မဇေရ်ကြီးနှင့် မဇေရ်ငယ် ၂-ပါးတို့ ဒေသနာမကြား ရသေးလျှင် အများအားဖြင့် မဇေရ်ငယ်က စကြားလေ့ ရှိပါ

သည်။ ယခုမှ ဆရာတော်ဘုရားကြီးက စကြားလိုက်သဖြင့် မိမိမှာ အယောင်ယောင် အမှားမှား ဖြစ်သွားသည်။ ဤသို့ ဖြစ်ရခြင်းမှာ ဆရာတော်ဘုရားကြီးနှင့် ရင်းရင်းနှီးနှီး အနီးကပ် မနေဖူး၍ ရှိန်နေသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

နိုင်ငံခြားသားသနာပြု လာသူက ဒေသနာ ကြားတောင် မမှန်ရကောင်းလားဆိုပြီး မိမိကိုယ်မိမိ အတော်မကျေမနပ် ဖြစ်သွားမိသည်။ သတိထားပြီး နှစ်ခါသုံးခါ ထပ်ဆိုမှ ဖြောင့်သွားသည်။ ဆရာတော်ဘုရားကြီးကား မိမိအား ဘာမျှ မပြော၊ ဘာမျှမဖြစ်သလို မသိကျိုးကျွန်ပြုနေပါသည်။

ထို့နောက် သီဟိုဠ်ဆရာတော်ကြီးနေရာ ၂၅-ပေ×၁၅ ပေ ခန့် တထပ်တိုက် ကျောင်းကလေးသို့ သွားကြသည်။ မဟာစည်ဆရာတော်ကြီးက မိမိအတွက် ထားခဲ့မည့် သကၤန်း၊ ခေါင်းရိပ်ဓားစသည့် ပစ္စည်းများကို ပြသည်။ လျှပ်စစ်မီး ပျက်လျှင် သုံးရအောင်ဆိုပြီး နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲလေးလုံးကိုပါ ထပ်ပေးသည်။ ဒါယကာ ဒါယိကာမ တွေ့ မယူခင် အရေးပေါ်သုံးဖို့ သီဟိုဠ်ငွေ ၅၀ဝိ/ထားခဲ့မည်၊ ကပ္ပိယရှာပါဟုလည်း အမိန့်ရှိခဲ့ပါသည်။

မိမိမှာ ဟိုကြည့် ဒီကြည့် ဖြစ်နေစဉ် ဦးမြသိန်းက မိမိအား လက်ရိပ်ပြကာ၊ အခန်းအပြင်ဘက်သို့ ပင့်သွားပြီး ငွေ ၅၀ဝိ/ ထည့်လားသော စာအိတ်ကို မိမိလက်ဆွဲအိတ်အတွင်း လုံခြုံသော နေရာမှာထားပေးခဲ့ပါသည်။ ဦးမြသိန်းတော်ပေလို့သာ မဟုတ်ယင် ကပ္ပိယရှာဖို့ ရှတ်တရက် မလွယ်ပါ။

သီဟိုဠ်ဆရာတော်ကြီးသည် မြန်မာပြည်၊ မန္တလေးမြို့မှာ ရဟန်းဖြစ်ခဲ့သည်။ မြန်မာပြည်မှာ အနေကြာ၍ မြန်မာစကား

ကျောင်းကောင်းပြောတတ်သည်။ ရန်ကုန် သာသနာ့ရိပ်သာသို့ လာရောက် တရားအားထုတ်ခဲ့ဖူးသည်။ မဟာစည်ဆရာတော်ဘုရားထက် အသက်ရော ဝါပါကြီးသည်။ သို့သော် သူက ကမ္မဋ္ဌာန်းတပည့် ဖြစ်နေ၍ ဆရာတော်အား နေရာပေးပြီး ဟိုသွားသလိုလို ဒီသွားသလိုလို ခပ်ရှောင်ရှောင် လုပ်နေသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားက သီဟိုဠ်ဆရာတော်ကြီးအား ခေါ်ပြီး ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းသည်။ သင်္ကန်းကို ကျကျနန လက်ကန်တော့ထိုးပြီး သီဟိုဠ်ဆရာတော်ကြီး၏ ရှေ့ကြမ်းပြင်ပေါ်မှာ ရိုရိုသေသေထိုင်ကာ ရှိခိုးဝပ်ချသည်။ မိမိကိုယ်လည်း အပါးသို့ ခေါ်ပြီးထိုင်စေသည်။

...မှာ ဆရာတော်ကြီး နှစ်ပါးကို မသိမသာ အကဲခပ်နေသည်။ သီဟိုဠ်ဆရာတော်ကြီးက မဟာစည်ဆရာတော်ကို အားနာစကား ပြောဆိုသည်။ သူက ဝါကြီး၍ ကုလားထိုင် ပေါ်မှာ ထိုင်နေရသော်လည်း အားတုံ့အားနာ ဖြစ်နေပုံ ပေါ်သည်။ မဟာစည်ဆရာတော်ဘုရားကတော့ ဣန္ဒြေမပျက်ပေ။

“...ကြီးကို သတိပေးစရာလေး ရှိနေတယ်။ ယောဂီတွေကို သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ်ဖြစ်ပြီလို့ ပြောတယ်ဆိုတာ ဟုတ်ပါသလား”ဟု မဟာစည်ဆရာတော်ဘုရားက မေးပါသည်။

“မဟုတ်ရပါ၊ မိမိမပြောပါ”ဟု သီဟိုဠ်ဆရာတော်ကြီးက ပျာပျာသလဲ ဖြေပါသည်။

“မပြောသော ကိစ္စမှုပါဘူး၊ အပြင်က ပုဂ္ဂိုလ်တွေက ပြောတာ ဖြစ်ပါလိမ့်မယ်။ တပည့်တော်တို့ ရိပ်သာမှာ ယောဂီတွေကို ဉာဏ်ခေါ်ပေးတာရှိတယ်၊ ဒါပေမယ့် သောတာပန်

ဖြစ်ပြီ၊ သကဒါဂါမ်ဖြစ်ပြီလို့ ပြောတာမဟုတ်ဖူး။ ဒီမှာလဲ မပြောနဲ့၊ အပြောအဆို သတိထားပါ”

“နောက်ပြီး၊ ဦးသုန္ဒရ ဒီကိုလာတာ သက်ဆိုင်ရာကို ငွေတစ်သောင်း နှစ်ထောင်ပေးခဲ့ရတယ်။ ဒါကိုပြောတာ အရှင်ဘုရားဆီက ပိုက်ဆံလိုချင်လို့ ကြွေးတောင်းနေတာ မဟုတ်ဖူး၊ ခဲခဲယဉ်းယဉ်း လာရတယ်ဆိုတာ သိစေချင်လို့ ပြောတာ။ ဦးသုန္ဒရလာတာဟာ အရှင်ဘုရားတို့ကို ကူညီဖို့လာတာ၊ ဒါကို အရှင်ဘုရားရဲ့ တပည့်တွေကိုလည်း သဘောပေါက်အောင် ပြောထားပါ။ အရှင်ဘုရားကလဲ ဦးသုန္ဒရကို အတတ်နိုင်ဆုံး စောင့်ရှောက်ပါ၊ ဦးသုန္ဒရကလည်း အတတ်နိုင်ဆုံးသည်းခံပြီး နေပါ၊ နေလို့မဖြစ်တော့လည်း တနေရာပြောင်းတာပေါ့”ဟု မဟာစည်ဆရာတော်ဘုရားက အမိန့်ရှိပါသည်။

ထို့နောက် ကိုလံဘိုပြန် သံအမတ်အိမ်မှာ နေ့ဆွမ်းစားပြီး ဆရာတော်ကြီးနှင့်အဖွဲ့သည် သီဟိုဠ်မှထွက်ခွာသွားကြပါသည်။

“သည်းခံပြီးနေ ပြုပါလေတရား။
အခြေအနေတယ်မကောင်းယင်၊ ပြောင်းပေါ့တခြား။
သီဟိုဠ်ကထေရ်မဟာ ပြောရာမှာသတိထား(တဲ့)။
မဟာစည်ဆရာတော်မြွတ်က အပြတ်မှာကြား။

## (၁၀) ကိုးပေခန်းဝယ်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ကို လေဆိပ်အထိ လိုက်ပို့ပြီးနောက် ကန္ဒုဗောဓရိပ်သာသို့ ပြန်ခဲ့ပါ

သည်။ ပြန်ရောက်ပြီး နေ့ ၁-နာရီခန့်မှ ညနေ ၅-နာရီအထိ သိမ်အောက်ထပ်မှာ နေရသည်။ အမြဲတမ်းခင်းထားဟန်တူသော ခုတင်တလုံးပေါ်တွင် တပါးတည်းနေရသည်။ အင်္ဂတေအခင်းက အေးလွန်း၍ ခုတင်ပေါ်မှာချည်း ထိုင်လိုက် လှဲလိုက်နှင့် အချိန်ကုန်သွားပါသည်။

ညနေကျမှ ဆရာတော်ကြီးက သီဟိုဠ်ဒါယကာကြီး ၂-ဦးကို ခေါ်လာသည်။ မိမိနှင့် မိတ်ဆက်ပေးသည်။ ရိပ်သာ ဂေါပက အဖွဲ့မှ ဒါယကာကြီးများဖြစ်ကြောင်း ပြောသည်။ အဖွဲ့ဝင်တွေ များစွာရှိသော်လည်း သူတို့ ၂-ဦးပဲ လောလောဆယ် လာ၍ မိတ်ဆက်ပေးရကြောင်း ဆရာတော်ကြီးက အမိန့်ရှိသည်။

သီဟိုဠ်ဒါယကာများကမိမိအားလိုတာရှိကပြောရန်၊ သူတို့ကို ပစ္စည်းလေးပါး ဒါယကာမှတ်ရန် လျှောက်ထားကြသည်။ မိမိကလည်း နှုတ်ခွန်းဆက်စကား အနည်းငယ် ပြန်ပြောသည်။ ဆရာတော်ကြီးက စကားပြန်အဖြစ် ဆောင်ရွက်ပါသည်။ ဒါယကာ ၂-ဦးလည်း မကြာမီပြန်သွားကြသည်။

သူတို့ ပြန်သွားပြီးနောက် မိမိ၏ ပစ္စည်းများကို သီဟိုဠ် ကိုယ်တော်လေးတွေ လာသယ်ကြသည်။ မိမိကိုလည်း သူတို့ နောက်သို့လိုက်ရန် အင်္ဂလိပ်လိုပြောပြီး ပင့်ကြသည်။

မိမိကိုခေါ်သွားသော အဆောက်အအုံမှာ အုတ်ကြွပ်မိုး၊ အင်္ဂတေခင်း တထပ်တိုက်တန်းလျားဖြစ်သည်။ တောင်မြောက် အလျား ၅၅-ပေခန့်၊ အရှေ့အနောက် အနံ ၁၅-ပေခန့်ရှိသည်။ အနောက်ဘက်မျက်နှာမူထားသည်။ အရှေ့ဘက်နံရံကား အလုံပိတ် ဖြစ်သည်။ အရှေ့ဘက်နံရံမှ အနောက်ဘက် ၉-ပေခန့်

အထိ အခန်းဖွဲ့ထားသည်။ လူနေအခန်း ၅-ခန်း၊ ရေချိုးခန်း ၁-ခု၊ ခေတ်မီ ရေဆွဲအိမ်သာခန်း ၂-ခန်းပါရှိသည်။

လူနေအခန်းတိုင်းမှာ ဝင်ပေါက် တံခါးမကြီး တချပ်နှင့် ဘေးမြောင်ဆုံလည်မှန် တံခါးအသေးလေးတချပ်သာပါသည်။ အခြားပြူတင်းပေါက်လုံးဝမရှိ၊ မှန်လည်ပေါက်နေရာ၌ အုတ်တချပ်စာခန့် လုပ်ထားသော စာဝင်ပေါက် အနည်းငယ်သာ စီတန်းလျက်ရှိသည်။

ဒါတောင် နံပါတ်တစ် ထိပ်ခန်း၌သာ ၂-ဘက်နံရံမှာ စာဝင်ပေါက်လေးများရှိသည်။ ကျန်အခန်းများမှာမူ ကျောဘက်နံရံတခုတည်း၌သာ စာဝင်ပေါက်များ ပါရှိသည်။

အခန်းတွဲများ၏ ရှေ့ဘက်တွင် တောင်မြောက် စင်္ကြံတွဲထားသည်။ ၆-ပေခန့်ကျယ်ပြီး စင်္ကြံအလျားမှာ အဆောက်အအုံအလျားနှင့်အညီဖြစ်သည်။ အနောက်ဘက်မျက်နှာစာမှာအင်္ဂတေအခင်းမှ ခါးတတိုက်စာခန့်အထိ နံရံကာထားပါသည်။ နိုင်ငံခြားသားများအား အထူးထားရာတိုက်ဖြစ်ကြောင်း နောက်မှ သိရသည်။

မိမိအတွက် နံပါတ်တစ် အခန်းနှင့် နံပါတ် ၂-အခန်း၊ ပေါင်း ၂-ခန်းပေးထားသည်။ ၁-အခန်းတွင် အိပ်ရန် ခုတင်တလုံး၊ ကုလားထိုင်တလုံး၊ စားပွဲတလုံး ထားပေးသည်။ ခုတင်ပေါ်တွင် ၄-လက်မခန့် အထူရှိ ရာဘာအခင်းနှင့် ယင်းအပေါ်တွင် စောင် ၂-ထပ် ခင်းပေးထားသည်။ ကုလားထိုင်ပေါ်တွင်လည်း ရာဘာဖုံတခု ခင်းပေးထားသည်။ အင်္ဂတေ အခင်းပေါ်တွင် မြက်ဖျာပါးပါးတချပ် ခင်းပေးသည်။

မိမိပစ္စည်းများကို နံပါတ် ၂-အခန်းထဲမှာ ထားပေးသည်။ ယင်းအခန်း၌ စားပွဲတလုံး၊ ဗီရိုငယ်တလုံးရှိသည်။ ဗီရိုငယ်မှာ မိမိအတွက် အထူးဝယ်ယူထားသော ဗီရိုဖြစ်သည်။ ငွေကျပ် ၁၅ဝိ/ ပေးရကြောင်း သိရသည်။ အမြင့် ၄-ပေခွဲခန့်၊ ဗျက် ၃-ပေခန့်သာရှိသည်။ အသားမှာ ထင်းရှူးသားလို ခပ်ပွပွ အသားမျိုး ဖြစ်သည်။ လက်ရာအလွန်ညံ့သည်။ ဖြစ်ကတတ်ဆန်း လုပ်ထားသည်။ မြန်မာပြည်မှာသာဆိုယင် အလွန်ဆုံး ငွေကျပ် ၈ဝိ/-လောက်သာ ပေးရမည် ထင်သည်။

မိမိ၏ပစ္စည်းများကို နေရာချပေးပြီးနောက် သီဟိုဠ် ကိုယ်တော်လေးများ သူတို့နေရာ သူတို့ပြန်သွားကြသည်။

မိမိလည်း ပြင်ဆင်ပေးထားသော ဂူဆန်ဆန် ၈-ပေပတ်လည် အခန်းထဲ လှမ်းဝင်ပြီး ခဏမျှရပ်ကာ ဟိုကြည့် သည်ကြည့် အဓိပ္ပါယ်မဲ့ကြည့်နေမိသည်။ ထူးထူးဆန်းဆန်းဆို၍ ခုတင်ပေါ် တည့်တည့် မျက်နှာကျက်မှ အောက်သို့ တွဲလောင်းချ ချည်ထားသော အမိုးဝိုင်းခြင်ထောင်ကိုသာ တွေ့ရပါသည်။ ဤခြင်ထောင်မျိုးမှာ ထောင်ချင်လျှင် ခုတင်ကိုစွပ်ချလိုက်၊ ရုပ်ချင်လျှင် ခါးလည်မှ ဆုပ်ကိုင်ပြီး တပတ်လျှိုတုံးထားလိုက်ရုံနှင့် ကိစ္စပြီးသည်။ ခြင်ထောင်တိုင် မလိုချေ။

ထိုအခိုက် အပြင်ဘက်မှာ မိုးရွာသံကြားရသည်။ ရပ်နေသည်မှာ ခဏမျှသာ ဖြစ်သော်လည်း အင်္ဂတေ အရှိန်ကြောင့် ခြေဖဝါးတွေ အေးလာသည်။ အအေးပတ်ပြီးဖျားမှာစိုး၍ ခုတင်ပေါ် ခပ်မြန်မြန် လှဲချလိုက်မိသည်။

"အခန်းကျဉ်း ကိုးပေကျော်၊
အင်္ဂတေကာ၊ အေးမြသနော်၊
တကိုယ်တော် ပျော်နိုင်ပါ့မလား၊
သည်မှာသာ အနေကြာခြောင်းယင်၊
ဂူအောင်းမယ်ဗျား။"

## (၁၁) ကန္ဒုဗောဓ ဝိပဿနာ ဘာဝနာဌာန

နောက်တနေ့ (၁၃-၇-၇၀)မှာ ဆရာတော်ကြီးက ရိပ်သာဝင်းထဲ လိုက်ပြပါသည်။

ရိပ်သာမြေကား ၂-ကေမျှသာ ကျယ်ဝန်းသည်။ တောင်မြောက် အလျားရှည်ရှည်၊ အရှေ့အနောက် အနံကျဉ်းကျဉ်း၊ အလျားက အနံထက် ၄-ဆခန့်ရှိမည် ထင်သည်။

ရိပ်သာ၏ မြောက်ဘက် တံတိုင်းမှာ မန္တလေးမြို့ရိုးပုံမျိုး ဖြစ်သည်။ ရိပ်သာ၏ အနောက်ဘက် တောင်မြောက် တံတိုင်း၏ မြောက်ဘက်ခြမ်း၌ ဝင်ပေါက် တံခါးမကြီးရှိသည်။ ယင်း အပေါက်နှင့် မျက်နှာချင်းဆိုင် လမ်းတဘက်တွင် ဂေါပက အဖွဲ့ရုံးရှိသည်။

ရိပ်သာမြေကို မြောက်ဘက်မှ တောင်ဘက်သို့ အစဉ်အတိုင်း ၄-ပိုင်း ကန့်ထားသည်။ ပထမအကန့်ကား မြေညီတခြမ်း၊ မြေနိမ့်ဘခြမ်း။ ဒုတိယအကန့်ကား ပထမအကန့်ထက် ၅-ပေ ခန့်မြင့်သော မြေ၊ တတိယ အကန့်မှာ မြောက်ဘက်မှ တောင်ဘက်သို့ နိမ့်ဆင်းသွားသော ဆင်ခြေလျှောဆန်ဆန်၊ စတုတ္ထအကန့်ကား မြေနိမ့်မြေညီဖြစ်သည်၊ ပထမနှင့်စတုတ္ထ အကန့်များမှာ အနိမ့်အမြင့် ညီတူလောက်ရှိမည် ထင်သည်။

မြောက်ဘက်ရှိ ပထမဆုံးအကန့် မြေနိမ့်ခြမ်း၌ ပေါဓိပင်၊ အမိုးပုံတံကဲပါသော ဆင်းတုနှင့် ခမ္ဘာရုံတို့ရှိကြသည်။ မြေမြင့်ခြမ်း၌ အမိုးပေါ် စေတီပေါက် ထားသော ဝတ်ကျောင်း တကျောင်းရှိသည်။ လူ ၃၀-ခန့်ဆန့်မည်။ ဆင်းတုတဆူလည်း ရှိသည်။

ခမ္ဘာရုံမှာ သွပ်မိုး၊ အင်္ဂတေခင်း၊ အုတ်ဒူးပိတ်ကာ၊ အဆောက်အအုံသာ ဖြစ်သည်။

မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနု၏ အလှူငွေ ၅၀၀၀ိ (မြန်မာငွေ ၂၅၀၀)ကို မတည်ပြီး ဇာတိသားတို့ စုပေါင်း လှူငွေနှင့်ဆောက်ထားခြင်းဖြစ်သည်။ဦးနုဟောဟု တွင်နေသည်။ ဦးနုဓာတ်ပုံကြီးကိုလည်း နံရံမှာ ချိပ်ဆွဲထားပါသည်။

သိဟိုဠ်သူ သိဟိုဠ်သားများကား ယောင်နှင့် သောင် နှင့် ချီ၍ တဦးကောင်း တယောက်ကောင်း လှူသူမရှိသလောက် ဖြစ်ကြောင်း သိခဲ့ရသည်။

ဒုတိယအကန့်တွင် တထပ်တိုက် ဆွမ်းချက် ဇရပ်တလုံးနှင့် ရဟန်းယောဂီ၊ အချိုးသား ယောဂီများအတွက် ဆွမ်းစား ကျောင်း တခုသာရှိသည်။ ဆွမ်းစားကျောင်းကို ''ဒါန်ဆာလာ''ဟုခေါ်သည်။ ဒါန်မှာ ''ဒါန''မှ ပြောင်းလာသော ပါဠိပျက်ဖြစ်သည်။ ''ဆာလာ''မှာ ဇရပ်ဟော ကမ္ဘာသုံး ပါဠိဖြစ်သည်။ မြန်မာပါဠိ ''သာလာ''နှင့် အတူတူပင်။

ဆွမ်းစားကျောင်းမှာ တောင်မြောက် အလျား ပေ ၃၀-ခန့် အရှေ့အနောက် အနံ ၁၄-ပေခန့်ရှိ တထပ်တိုက်ပြားလေး ဖြစ်သည်။ အရှေ့ဘက်မျက်နှာ ပြုထားသည်။ မြောက်ဘက်

ထိပ်ပိုင်း အရှေ့ဘက်ခြမ်းတွင် ဝင်ပေါက်တခု၊ အနောက်ဘက်ခြမ်းတွင် ၉-ပေ၊ ၈-ပေခန့် အခန်းကျဉ်းတခု၊ ထိုအခန်းကျဉ်းမှာ မိမိတို့နာယက ၄-ပါးတည်း သီးသန့်ဆွမ်းစားကြသည်။ ထိုအခန်းကျဉ်းမှ တောင်ဘက်ဆုံး အထိကား အခြားရဟန်းယောဂီများနှင့် အမျိုးသားယောဂီတို့အတွက် ဆွမ်းစားရန် အခန်းပင်တည်း။

တတိယအကန့်၌ ရဟန်းယောဂီများနှင့် အမျိုးသားယောဂီများအတွက် အဆောက်အအုံများရှိသည်။ မြောက်ဘက်စွန်၌ ၂-ထပ်တိုက်သိမ်တလုံး၊ ယင်းနောက်၌ ၂-ထပ်တိုက်အသေးတလုံး၊ သိမ်တောင်ဘက်၌ ပေ ၂၀×၁၅ ပေခန့် တထပ်တိုက်ပြားလေးတခု၊ ထိုတိုက်ငယ်၌ ဆရာတော်ကြီးနေသည်။ ကုဋီနှင့် စင်္ကြံအကျဉ်းလေးပါ ပူးတွဲပါရှိသည်။ အုတ်ကြွပ်မိုး အင်္ဂတေခင်းထားသည်။ အိပ်ခန်းကျဉ်းတခုနှင့် ဧည့်ခန်းကျဉ်း တခုလည်း ပါရှိသည်။

ထိုစံကျောင်းလေး၏ နောက်ဘက်၌ ၁၀-ပေ ပတ်လည်ခန့်အုတ်တိုက်ကလေးတလုံး အနောက်တောင်ဘက်တွင် တပါးနေ တိုက်ပြားလေးတလုံး၊ ယင်း၏ မြောက်ဘက်နားတွင် အများသုံး၊ ၃-ခန်းတွဲ အိမ်သာတလုံး၊ ဤအဆောက်အအုံအားလုံးသည် အရှေ့ဘက်ကို မျက်နှာပြုထားကြသည်။

ဆရာတော်ကြီး ကျောင်း၏ အနောက်တောင် ယွန်းယွန်း ၁၈-ပေခန့်တွင် အရှေ့အနောက် အလျား၊ တောင်မြောက် အနံ၊ တထပ်တိုက် တန်းလျားတလုံးရှိသည်။ အုတ်ကြွပ်မိုး အင်္ဂတေခင်းထားသည်။ တပါးနေ အခန်း ၆-ခန်းခန့် ပါမည် ထင်သည်။ မြောက်ဘက်ကို မျက်နှာမူထားသည်။

ထိုတန်းလျား တောင်ဘက်တွင် အနောက်ဘက် စီးရိုးကို မြှောင်၍ ဆောက်ထားသော အုတ်ကြွပ်မိုး၊ အင်္ဂတေခင်း တထပ်တိုက် တန်းလျားရှိသည်။ တောင်မြောက်ပေ ၁၂၀-ခန့် အရှေ့အနောက် ၁၈-ပေခန့် ရှိမည်ထင်သည်။ အရှေ့ဘက်ကို မျက်နှာပြုထားသည်။

ပေ ၉×၅-ခန့် အခန်းပေါင်း ၂၀-ပါသည်။ ၁၀-ခန်း တပိုင်း ၁၀-ခန်း တပိုင်းအားဖြင့် ၂-ပိုင်း ကန့်ထားသည်။ အမိုးကတော့ တဆက်တည်းပင်။ အပိုင်း ၂-ခုကြားတွင် ခန်းမ သဘော နေရာလွတ်ချန်ထားသည်။

အခန်းတွဲများမှာ အဆောက်အအုံ၏ အလယ်ဗဟိုတွင်ရှိပြီး၊ ပတ်ပတ်လည်တွင် စင်္ကြံရှိသည်။ ဗဟိုစင်္ကြံပတ်ပတ်လည်၌ ခါး တတိုက်စာခန့် အုတ်နံရံ ကာထားသည်။ ရိပ်သာရှိ အကြီးဆုံး အဆောက်အအုံ ဖြစ်သည်။ ယင်းတောင်ဘက်တွင် ၂-ခန်းတွဲ အိမ်သာတလုံး ရှိသည်။

ထိုတထပ်တိုက်နှင့်မျက်နှာချင်းဆိုင် အရှေ့ဘက် ပေ ၄၀-ခန့် အကွာရှိ တထပ်တိုက်ကား မိမိနေခဲ့သော နိုင်ငံခြားသားများ အတွက် တိုက်ပင်ဖြစ်သည်။

ထိုတိုက် ၂-လုံးကြား တောင်ဘက်ထိပ်တွင် ရေတွင်းရှိသည်။ ရေတွင်းဆိုသော်လည်း မြန်မာရေတွင်းမျိုး မဟုတ်ပါ။ မြေ အောက်ရေကန်တမျိုးသာဖြစ်သည် [illegible]ရေကန် နှုတ် ခမ်းနှင့်အညီ တဖက်လျှော ရေချို[illegible]ခင်း[illegible] သည်။ ထိုနေရာထိ တူးချဲ့[illegible]လုပ်ထားသော[illegible] လစ် များမှ ၁၀ ပေခန့် ဆင်းရသည်၊

ရေကန်ထဲမှာရေများလာလျှင်သူ့အလိုလိုလျှံကျသွားသည်။ ရေချိုးလျှင် ရေချိုးခုံထိပ်မှာ ပုဆစ်တုပ်ပြီး ခွက်များပုံးများဖြင့် လှမ်းခပ်ယူနိုင်သည်။ ကြိုးမလိုချေ။

ချိုးပြီးရေ(သို့မဟုတ်)လျှံကျသောရေများမှာတဘက်လျှော ရေချိုးခုံ အနိမ့်ဘက်အဆုံးရှိ မြေအောက် ရေနုတ်မြောင်းမှ အခြားသို့ စီးဆင်းသွားသည်။ တောင်စောင်းလို ဆင်ခြေလျှောလိုနေရာမဟုတ်လျှင် သိပ်လွယ်မည်မထင်ပေ။

မိမိနေသောတိုက်တန်းလျား၏အရှေ့မြောက်ဘက်ပေ ၂၀ ခန့် အကွာမှာ တထပ်အုတ် အဆောက်အအုံ ဝိုင်းလေးတခု ရှိသည်။ အုတ်ကြွပ်အမိုးမှာ ကန်စွန်းပွင့်ကို မှောက်ထားသော ပုံမျိုးလိုလို၊ ကလေးများ နှောက်ပြောင်ဆောင်းသည့် နတ်ချွန်းဦးထုပ်ပုံမျိုး လိုလို ထင်ရသည်။အချင်း ၁၈ ပေလောက်သာရှိသည့် အဆောက်အအုံလေးတည်း။ ယင်းကား အမျိုးသားယောဂီများကို တရားစစ်ရာ၊ ခေတ္တလာတွေ့သည့် ဧည့်သည်များကို လက်ခံရာ အဆောက်အအုံ ဖြစ်ပါသည်။

ဒုတိယအကန့်တဝက်ခန့်မှစတုတ္ထအကန့်အစအထိ အရှေ့ဘက်ခြံစည်းရိုးကိုမြောင်၍ မြောက်မှတောင်ဘက်သို့ နိမ့်ဆင်းသွားသော အကျယ် ၃ ပေခန့် အင်္ဂတေ လမ်းလေး ရှိသည်။ ထိုလမ်းမှ အနောက်ဘက်ရှိအဆောက်အအုံများသို့သွယ်ထားသောအင်္ဂတေ လမ်းခွဲလေးများလည်း ရှိသည်။

စတုတ္ထအကန့်မှာ အမျိုးသမီး ယောဂီများအတွက် တထပ်တိုက် အဆောက်အအုံ လေးလုံးခန့်ရှိမည်ထင်သည်။မိမိနေရာနှင့် ပေ ၃၀-ခန့်သာ ဝေးသော်လည်း တံတိုင်းမြင့်မြင့် ကာထား၍ အသေအချာ လှမ်းမမြင်ရပါ။ မိမိပြန်လာသည့် အချိန်အထိ

အဝင်ဝနားက အဆောက်အအုံမှာ တရားဟောရန် တကြိမ်သာ ခေတ္တရောက်ဖူး၍ အတိအကျမသိခဲ့ရပါ။

ရိပ်သာမြေကား မူလက အုန်းခြံဖြစ်သည်။ ယခုလည်း အုန်းပင်တွေရှိဆဲပင်။ အဝေးမှကြည့်လျှင် အုန်းတောကြီးဟု ထင်ရသည်။

ရာသီဥတုမှာ မိုးနှင့်ဆောင်းသာရှိ၍ ဖုံမထ၊ သဲကြမ်းနှင့် ကျောက်စရစ်များသော မြေဖြစ်၍ ဗွက်မရှိ။ သစ်ပင်အားလုံး အမြဲဘန်း စိမ်းစိမ်းလန်းလန်း စိုစိုပြေပြေရှိသည်။ ရိပ်သာမှာ ဘာဝနာကားလမ်းနှင့် အတော်လှမ်း၍ဆိတ်ငြိမ်အေးချမ်းလှသည်။

ဤကန္ဒုဗောဓရိပ်သာသည် မျက်မှောက်ခေတ် သီရိလင်္ကာ နိုင်ငံ၏ ပဋိပတ္တိ သာသနာပြု ဗဟိုဌာနချုပ်ဖြစ်သည်။ ပြည်တွင်း ယောဂီများသာမက နိုင်ငံခြားမှ အဖွဲ့အဝေါ ယောဂီများပါ ဤရိပ်သာသို့ လာရောက်ပြီး တရားအားထုတ်ကြပါသည်။

ရိပ်သာနာမည်အပြည့်အစုံမှာ "ကန္ဒုဗောဓဝိပဿနာဘာဝနာ ဌာန" ဖြစ်သည်။ နာမည်ဆိုင်းဘုတ်၌ မဟာစည်နှင့် ပတ်သက်၍ အရိပ်အယောင်မျှတောင် မပါသော်လည်း စင်စစ် မဟာစည် ဌာနခွဲသာဖြစ်ပါသည်။

ရန်ကုန်ရိပ်သာကြီး၏ နာယကများဖြစ်ကြသောဆရာတော် ဦးသုဇာတ၊ ဆရာတော်ဦးပဏ္ဍိတ၊ ဆရာတော်ဦးဇနကတို့လည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး စေလွှတ်ချက်အရ ဤရိပ်သာမှာပင် တရားဟောတရားပြနှင့် သာသနာပြုခဲ့ကြ ဖူးပါသည်။

ဤသို့လျှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်အဆက် ဆက်တို့ ကြိုးစားဆောင်ရွက်မှုကြောင့် ကန္ဒုဗောဓရိပ်သာ၏

ဂုဏ်သတင်းသည် သီဟိုဠ်တနိုင်ငံလုံးမှာသာမက၊ ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ ပျံ့သင်းလျက် ရှိပါသတည်း။

"ကန္ဒုဗောဓအေုန်းခြံမှာ၊ ဖွင့်တဲ့ရိပ်သာပါ။
ဝေးကမ္ဘာ ပျံ့ပါပေါ့ဂုဏ်သတင်း၊
မဟာဘည့်တပည့်များရယ်၊ ကြိုးစားလေခြင်း။"

## (၁၂) သူတို့ရိပ်သာ တနေ့တာ

ရိပ်သာရှိ အဆောက်အအုံများမှာဖော်ပြပြီးဖြစ်သည့်အတိုင်း လူများများ ဆန့်သော အဆောက်အအုံ မရှိပါ။ အမျိုးသား ယောဂီနှင့် ရဟန်းယောဂီ၊ ပေါင်း ၃၀-ထက်ကျော်၍တပိုင်နက် လက်ခံနိုင်စွမ်းမရှိပါ။ အမျိုးသမီးယောဂီကိုတော့ ၃၀/၄၀ လောက် လက်ခံနိုင်ဟန်တူပါသည်။ မိမိနေထိုင်စဉ် အတွင်း နိုင်ငံခြားသား ယောဂီများမှာ လစဉ်အနည်းဆုံး ၆-ယောက်ခန့် မပြတ်ရှိတတ်ပါသည်။

အဆောက်အအုံ ကျယ်ကျယ်ပြန့်ပြန့်မရှိသော်လည်း ယောဂီ ဘယ်လောက်ရှိရှိ စားရေးသောက်ရေးတော့မပူရပါ။ သီဟိုဠ်ရှိ မြန်မာဘုန်းကော်ကြီးများ၏အဆိုအရ မျက်မှောက်ခေတ် သီဟိုဠ် ဘုန်းတော်ကြီး ကျောင်းများအနက် ဤရိပ်သာသည် အစား အသောက်အပေါဆုံးဖြစ်ကြောင်း သိခဲ့ရသည်။

သီဟိုဠ်ကျွန်း အနှံ့အပြားမှ ရိပ်သာသို့လာပြီး ယောဂီများ အား ကျွေးမွေးလှူဒါန်းကြသည်။ တရပ်ကွက်လျှင် တနှစ်လုံးမှ ဆွမ်းတနပ်သာ ဤရိပ်သာမှာ ကျွေးလှည့်ရကြောင်း သိရပါ သည်။ အဝေးမှလာကျွေးသူများမှာ ကားကြီး ကားငယ်နှင့်

အုပ်စုလိုက် လာကြသည်။ ညဦးတရားနာ၊ ဇရပ်မှာအိပ်၊ ဆွမ်းချက်ကျွေးမွေး၊ အနုမောဒနာ တရားနာပြီးမှ ပြန်ကြသည်။ အဝေးမှလာသူများမှာ ဆွမ်းစရိတ်ထက် ကားစရိတ် ပိုကုန်ကြသည်။

အဖြူ၊ အဝါ၊ အမည်း မျက်နှာ အစိမ်းအကျက်မရွေးအမျိုးသား ယောဂီတိုင်းအား သံပန်းကန်ပြား တချပ်၊ စဥ့်အချောစား ဟင်းသောက်ပန်းကန်သုံးလုံးနှင့် လက်သုပ်ပဝါတထည်ပေးထားသည်။ ဟင်းသောက်ပန်းကန်မှာ နို့ဆီဗူးတလုံးနှင့်ပဝါဝက်ခန့်ဆန့်သည်။

ရဟန်းယောဂီများမှာ သပိတ်၊ ဟင်းသောက်ပန်းကန်နှင့် လက်သုပ်ပဝါ ရှိရသည်။ အထူးပင့်ထားခြင်းခံရသော နာယကဘပါးဖြစ်သူ မိမိကိုတော့ ဟင်းသောက်ပန်းကန်အပြင် သံမဏိဇွန်းတချောင်းပါ အပိုပေးထားသည်။

နံနက် ၃-နာရီ သံချောင်းခေါက်လျှင် ယောဂီတိုင်းအိပ်ယာမှ ထရသည်။ ကိုယ်လက်သုတ်သင် ပြီးနောက် နံနက် ၅-နာရီအထိ ကိုယ့်နေရာမှာကိုယ် တရားရှုမှတ်ရသည်။ ဝတ်ကြောင် ယောဂီတိုင်း ရှစ်ပါးသီလစောင့်ရသည်။

နံနက် ၅း၁၅-နာရီမှာ ကပ္ပိယနှင့်အလှူရှင်အမျိုးသားများက အမျိုးသားယောဂီနှင့် ရဟန်းယောဂီများ နေရာ အခန်းထဲထိ ဆန်ပြုတ်လိုက်ပို့ကြပါသည်။ အမျိုးသမီး ယောဂီများကိုတော့ အမျိုးသမီး အလှူရှင်များက သွားပို့ကြပါသည်။ ဆန်ပြုတ်ကို ဟင်းသောက်ပန်းကန်ထဲ လောင်းထည့်ပေးသည်။ ဆန်ပြုတ်ထဲ၌ အုန်းသီးဖတ်၊ ကြက်သွန်ဖြူ၊ ဂျင်း၊ ပျဉ်းတော်သိမ်၊ ကရဝေး စသည်တို့လည်း ပါတတ်သည်။

တောင်ငူကွမ်းသီး အကြီးစားခန့် ထန်းလျက်ခဲကို သုံးပိုင်းပိုင်းပြီး ယောဂီတယောက်လျှင် တပိုင်းစီ ဝေငှပေးသည်။ ထန်းလျက် လှီးပုံမှာ ပညာသား အလွန်ပါသည်။ ထန်းလျက်ခဲကို အထက်အောက် မလှီးချပဲ၊ မကျိုးမပဲ့အောင် ဘေးတိုက်စိုက်ပြီး အကွင်းလိုက်လှီးထားပုံမှာ ချီးကျူးစရာပင်။

မိမိလည်း အခြားယောဂီများလိုပင် ဆန်ပြုတ်တခွက်နှင့်ထန်းလျက် ကယ်(ငါးမူးသားခန့်)သာ ဝေပုံကျရပါသည်။ အခြားယောဂီများမှာ ဟင်းသောက်ပန်းကန်ကိုစောင်းပြီး မော့သောက်ကြရသည်။ မိမိမှာတော့ ဇွန်းတချောင်းအထူးရထားသဖြင့် မော့သောက်ရသည့်ဒုက္ခမှ လွတ်မြောက်ခဲ့ပါသည်။

ထန်းလျက်က နည်းလွန်းသဖြင့် လျှာပေါ်မှာ အချိုဓာတ်စွဲရုံ ပွတ်ကိုက်လေးကိုက်လိုက်၊ ဆန်ပြုတ် ၂-ဇွန်း ၃-ဇွန်းသောက်ချလိုက်၊ အချိုဓာတ်ပျောက်သွားလိုက်၊ ပွတ်ကိုက်လေး ထပ်ကိုက်လိုက်နှင့် ထန်းလျက်လည်းကုန်၊ ဆန်ပြုတ်လည်းကုန်အောင် သောက်ခဲ့ရပါသည်။

ဆန်ပြုတ်သောက်ပြီးနောက် ယောဂီဟောင်း ရဟန်းတော်များ တံမြက်စည်းလှည်းကြသည်။ အမျိုးသားယောဂီများမှာ လမ်းလျှောက်၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ ကြိုက်သလိုရှုမှတ်နိုင်ကြပါသည်။

၆း၃ဝ-နာရီမှာ ဆွမ်းသွား သံချောင်းခေါက်သည်။ ရဟန်းယောဂီရော အမျိုးသားယောဂီများပါ ဆွမ်းစား ကျောင်းသို့ တန်းစီပြီး သွားကြရသည်။ ရဟန်း ယောဂီများသည် သင်္ကန်းတဘက်ရုံ၊ သပိတ်ပိုက်၊ ခေါင်းငိုက်စိုက်ချပြီး တလှမ်းချင်း

တလှမ်းချင်း ဣန္ဒြေနှင့်ရှေ့မှ တန်းစီကြရသည်။ သပိတ်မှာ အဖုံး မပါ၊ အထဲ၌ ဟင်းသောက်ပန်းကန်ထည့်ထားသည်။

အဖြူ၊ အဝါ၊ အမည်းမရွေး အမျိုးသား ယောဂီတိုင်း ဝတ်စုံအဖြူကို ဝတ်၊ ခေါင်းကို သပ်သပ်ယပ်ယပ်ဖီးပြီး သံပန်းကန်ပြားကို ကိုင်ကာ ရဟန်းများနောက်မှ တန်းစီလိုက်ရသည်။ ဟင်းသောက်ပန်းကန်နှင့် လက်သုပ်ပဝါကို သံပန်းကန်ပြားပေါ် တင်ထားရသည်။ အားလုံး ဖိနပ်မစီးပဲ သွားကြရသည်

ကမ္ဘောဒီးယားမှာ မြင်တွေ့ခဲ့ရသော မြင်ကွင်းများအနက် ဤမြင်ကွင်းတခုကိုသာ ထူးထူးခြားခြားသတိရနေမိသည်။ တန်းစီပြီး ဣန္ဒြေရရလာသော ယောဂီတန်းကို အလှူရှင်များက ခပ်လှမ်းလှမ်းမှ မတ်တတ်ရပ်ကာ တအံ့တသြ ငေးမောကြည့်ရှုကြည်ညိုကြပါသည်။

မိမိမှာ အခြားရဟန်းတော်များလို ဘက်နီးတဘက်ရုံနှင့်အဖုံး မပါသော သပိတ်ကိုပိုက်ထားသော်လည်း ဖိနပ်စီးကာ နောက်ဆုံးမှ တပါးတည်းသွားပါသည်။ ဤအခွင့်အရေးမှာ နာယက တပါး၏ မဟာအခွင့်အရေးကြီးပင်။

ဆွမ်းစားကျောင်း အခန်းကျဉ်းကလေးထဲ၌ မိမိတို့ နာယက လေးပါးတည်း သီးသန့်တဝိုင်းစားကြရသည်။ မြန်မာဆန်ဆန် ခုံဝိုင်းကလေးခင်းပြီး ပတ်ပတ်လည်မှာ [illegible] ခင်းထားသည်။ ဒီလိုမှ မင်းယင်လည်း [illegible] အအေးဒဏ်ကြောင့် ထိုင်နိုင်မည် မထင်။ ခုံခင်းမရှိ၊ စားပွဲခုံ မည်းညစ်နေရပြီး ဆီချေးကွက်ထနေပါသည်။

ဆွမ်းမှာ အများအားဖြင့် ပြုတ်ဆန် အကြမ်းစားဖြစ်သည်။ ဘာလီတာရဲ အင်ဒီယန်းဘတ်ခေါ် မုန့်ဟင်းခါးမုန့်ဖတ်လို အစာကို ထမင်းအဖြစ် စားရသည်။

ဟင်းချက်ရာ၌ ပဲဆီ၊ နှမ်းဆီ လုံးဝသုံးဟန်မတူပါ။ အုန်းသီးပေါသောနိုင်ငံဖြစ်၍ အသီးအရွက်ကို အုန်းဆီနှင့် ခပ်ခြောက်ခြောက်ချက်လေ့ရှိသည်။

သူတို့သည် အပူ၊ အစပ်၊ အဆိမ့် အလွန် စားကြသည်။ ငရုတ်သီး၊ ငရုတ်ကောင်း၊ ဂျင်း၊ ကရဝေး၊ ဖာလာ၊ ပျဉ်းတော်သိမ်၊ ကြက်သွန်ဖြူ စသည်တို့ကို ဟင်းထဲ အလျှံပယ် ထည့်ချက်လေ့ရှိသည်။ ဆားသာခပ်ပြီး ငံပြာရည်လုံးဝမသုံးပါ။

အုန်းသီးမှုန့်၊ ငှပ်သီးအစိမ်းမှုန့်၊ ဆားနှင့်ငါးမှုန့်အညှံ့စား တမျိုးရောစွက်ထားသော "ဆန်ဘောလ်" ခေါ်အစာတမျိုးကား သီဟိုဠ်သူ၊ သီဟိုဠ်သားတို့ အမြဲတန်းစားသည့် "ငါးပိ" ပင်ပါသည်။

ယင်းအစားအစာများနှင့် မြန်မာပါးစပ်လမိုင်း မကပ်နိုင်ပုံကိုတော့ စာဖတ်သူရိပ်စားမိလောက်ပါပြီ။

ပေါင်ဘက်ခန်းမ ကျယ်တွင် ခုံတန်းရှည်များကို 'ဂ' ငယ်ပုံ ခင်းထားသည်။ အရှေ့ဘက်ခြမ်းတွင် အမျိုးသား ယောဂီများ၊ အနောက်ဘက်ခြမ်းတွင် ရဟန်းယောဂီများ တန်းစီထိုင်ကြရသည်။ ဆွမ်း၊ ဆွမ်းဟင်းနှင့် ဝေယျာဝစ္စဆောင်ရွက်သူများမှာ အလယ်ခေါင်တွင် ရှိနေကြသည်။

ယူဖုံ့သောအခါ ဝေယျာဝစ္စဆောင်ရွက်သူများက ယောဂီများ၏သပိတ်၊ သို့မဟုတ် ပန်ကန်ပြားထဲ ဆွမ်းနှင့်ဟင်းလိုက်ပုံ ထည့်ပေးကြသည်။ အရည်သောက် သို့မဟုတ် ရေနွေးအဖြူထည်

သက်သက်ကို စဉ့်ဟင်းသောက် ပန်းကန်ထဲ လောင်းထည့်ပေးသည်

ဤမျှဖြင့် ဆွမ်းကျွေးသည့် အလုပ်ပြီးမြောက်သွားပါသည်။ စားသူ ၁၀၀–လောက်အတွက် ကျွေးသူ ၃-၄ ယောက်ခန့်သာ လိုပါသည်။ အလွန်လူကုန်သက်သာသည့် စနစ်ပင်။

ဆွမ်းစားပြီးနောက် ယောဂီအားလုံးသည် လာစဉ်တုံးကလိုပင် တန်းစီပြီး ဣန္ဒြေရရ မျက်လွှာချလျက် ပြန်ကြသည်။ ကိုယ့်အခန်းကိုယ်ရောက်၍ သိမ်းဆည်းပြီးနောက် ၇-နာရီမှ ၈-နာရီထိ စုပေါင်း တရားထိုင်ကြရသည်။ အခန်း ၂၀-တွဲ တိုက်တန်းလျားဏ်အလယ် အကာမဲ့ခန်းမတွင် ယောဂီအားလုံး စုပေါင်းထိုင်ကြရသည်။

၈း၂၀ နာရီ ခန့်တွင် ယောဂီများ နေရာအခန်းများအထိ နေ့စဉ်အုန်းရေလိုက်ပို့ပါသည်။ ယောဂီတဦးလျှင်၊ ဟင်းသောက်ပန်းကန်နှင့် တလုံးစာရသည်၊ အပေါ်ရောင် အသေးစား အရည်သောက် အုန်းသီးအလွန်ပေါပါသည်။ "ကင်းကိုကိုးနပ်" ဟုသူတို့က အင်္ဂလိပ်လို ခေါ်ကြသည်။ မြန်မာလို အုန်းဘုရင်ဟု အဓိပ္ပါယ်ရပါသည်။

အုန်းရေသောက်ပြီးနောက် ရေချိုးသူချိုး၊ အဝတ်ဖွတ်သူ ဖွတ်ကြပါသည်။ ယောဂီဟောင်း ရဟန်းသာမဏေများမှာ စာတက်ကြရသေးသည်။ ဤအချိန်တွင်းမှာပင် မိမိလည်း သီဟိုဠ် ကိုယ်တော်ကလေး များအား မြန်မာစာ ရေးသားဖတ်တတ်သည်အထိ သင်ပြပေးခဲ့ပါသေးသည်။

ဆရာတော်ကြီးနှင့် လက်ထောက် တရားပြများနှင့် ... မ်း အကပ်ခံခြင်း၊ အနုမောဒနာ တရားဟောခြင်း စသည့်

ဆောင်ရွက်ဖွယ်ရာများကို ဤအချိန်နောက်ပိုင်း၌ ဆောင်ရွက်ကြရပုံပေါ်ပါသည်။ မေးမကြည့်၍ အသေအချာ မသိခဲ့ပါ။

၁၁း၂၀ နာရီမှာ နေ့ဆွမ်းစား သံချောင်း ခေါက်သည်။ နံနက်ဆွမ်း တုန်းကလိုပင် အားလုံးတန်းစီ သွားကြရသည်။ အခြား ယောဂီများတော့မပြောတတ်။ မိမိတို့ နာယကလေးပါး ဝိုင်းမှာတော့၊ နံနက်ဆွမ်းထက် နေ့ဆွမ်းက အစားအသောက် ပိုများပါသည်။ လက်ဖက်ရည်အချို၊ နို့ချဉ်၊ ငှက်ပျောသီး၊ သဘော်သီး၊ နာနတ်သီးများလည်း ပါလေ့ရှိပါသည်။ ငါးဟင်း တောင် တခါတခါပါတတ်သည်။

၁၂း၃၀ မှ နေ့လည် ၁း၃၀ ထိ စုပေါင်းတရားထိုင်ကြရပြန်သည်။ နံနက်ပိုင်းက ထိုင်သည့်နေရာမှာပင် သွားထိုင်ကြရသည်။ တရားထိုင်ပြီးနောက်၊ "ဂိလာန်ဘတ်" ခေါ် အရည်တမျိုးလိုက်တိုက်သည်။ ကာဖီကြမ်းဖြစ်မည်ထင်သည်။ သောက်မကြည့်၍ မသိခဲ့ရပါ။

၁း၃၀ နာရီမှ ညနေ ၆-နာရီထိ တရားစစ်ချိန်ဖြစ်ပါသည်။ သူတို့ခြံပ်သာမှာ ယောဂီ ၅-ယောက်စီလောက်၊ ၅-ယောက်စီလောက်ကို၊ တရားပြသူ တပါးစီ တပါးစီလောက် တာဝန်ယူပြကြရသည်။ မိမိမှာ နိုင်ငံခြားသား အမျိုးသား ယောဂီများကိုသာ တာဝန်ယူ ပြသခဲ့ရပါသည်။

ညနေ ၆-နာရီမှ ၇-နာရီအထိ ဘုရားဝတ်တက်ချိန်ဖြစ်သည်။ အားတုတ်ဆဲ ယောဂီများမှာ ကိုယ့်နေရာ၌ကိုယ် ဝတ်တက်နိုင်ကြသည်။ ယောဂီဟောင်းသံဃာများနှင့် နာယကဆရာတော်များမှာ ဝတ်ကျောင်းသို့သွားပြီး ဘုရားဝတ်တက်ကြရသည်။

ဝတ်ကျောင်းမှာ ပထမအကန့်တွင်ရှိပြီး၊ မိမိနေရာကား တတိယအကန့်အဆုံးတွင်ရှိ၍ အတော် အလှမ်းကွာသည်။ မိမိ ရောက်စက ဝတ်ကျောင်းမှာ သူတို့စုပေါင်း ဘုရားဝတ်တက်ကြမှန်း မသိခဲ့။ အတော်အနေကြာလာမှ သိရသည်။

မိမိကိုမူ မျက်နှာချင်းဆိုင် တိုက်တန်းလျားရှည်၏ မြောက်ဘက်ထိပ်ဆုံးဘုရားခန်းငယ်၌ တပါးတည်းဝတ်ပြုရန် ပြောပါသည်။ ညနေဝတ်ပြုချိန် ရောက်တိုင်း၊ သီဟိုဠ်ကိုရင်လေး တပါးက ပန်းပွင့်အမျိုးမျိုး ထည့်ထားသောပန်းကန်ပြားတချပ်ယူလာပြီး "ဘန္တေပူဂျာ" ဟု ပြောလေ့ရှိသည်။ မိမိအား ဘုရားရှိခိုးခိုင်းခြင်းပင်။

သီဟိုဠ်သူ၊သီဟိုဠ်သားများသည် ငွေကြေးအကုန်များသောအလှူမျိုးကို အလှူနည်းကြသည်။ သို့သော် စေတီပုထိုးများအား ပန်းလှူသောအလှူကိုမူ လွန်လွန်ကဲကဲပြုလေ့ရှိကြသည်။ နောင်ဘဝ၌ သူတို့လှူသော ပန်းကလေးများလိုသာ လှကြမည်ဆိုလျှင်၊ သူတို့လူမျိုးတွေ အသားအရောင် ပြောင်းသွားလေမည်လားမသိ။

ည ၇း၁၅ နာရီမှ၊ ၈း၁၅ နာရီထိ ထိုင်နေကျနေရာမှာ စုပေါင်း တရားထိုင်ကြရသည်။ ၈း၃၀ နာရီမှာ ဂိလာန်ဘတ် ခေါ် အရည်တမျိုး လိုက်တိုက်ပြန်ပါသည်။ "ဂိလာန်ဘတ်" သည် "ဂိလာနဘတ္တ" ဟူသော ပါဠိမှ ဆင်းသက် လာသော သီဟိုဠ်စကားဖြစ်ဟန်တူသည်။ ဂိလာန=သူနာ၊ ဘတ္တ=အစာ၊ ထို့ကြောင့် ဂိလာန်ဘတ် (ဂိလာနဘတ္တ)=လူနာစာဟု အဓိပ္ပာယ်ရသည်။

ကာဝိကြမ်း၊ ဂျင်းနှင့် ထန်းလျက်ပြုတ်ထားသော အရည်၊ နံနံစေ့နှင့် ထန်းလျက်၊ သို့မဟုတ် သကာခဲ ရောပြုတ်ထားသော အရည် စသည်တို့ကို ဂိလာန်ဘတ်ဆိုပြီး ဘုန်းကြီးတွေပါသောက်နေကြဟန်တူပါသည်၊ ကိုယ်တိုင်လည်းမသောက်ကြည့်၊ အားနာ၍ မေးလည်းမမေးမိသဖြင့် အတိအကျတော့မသိခဲ့ရပါ။

ည ၉-နာရီမှ ၁၁-နာရီထိ မိမိနေရာတွင် ကြိုက်သလို အားထုတ်ကြပြီး တနေ့တာ စခန်းသိမ်းကြပါသည်။ နိုင်ငံခြားသား ယောဂီများရော တိုင်းရင်းသား ယောဂီများပါ အင်္ဂတေအခင်းပေါ်တွင် ကိုယ့်အိပ်ယာကိုယ်ဖြန့်ခင်းပြီး ဖြစ်သလို အိပ်ကြရပါသည်။

သူတို့ကား ကိလေသာပယ်သတ်ရေး စစ်ပွဲကို ဆင်နွှဲနေကြသူ တကဲ့အာဇာနည် သူရဲကောင်းများပါတကား။

"မီးပွတ်သူ ထိုယောကျ်ား၊
မနားတမ်းပွတ်သည့်ပမာ၊ ရှုမှတ်ကြပါ။
အားထုတ်ဖို့ခွင့်အခါ၊ ကြုံဖို့ရာလွန်ခက်ခဲ၊
ကိလေသာပယ်သတ်ပွဲမို့၊ အားခဲဆင်နွှဲ။

## (၁၃) အစဆုံးတွေ့ရသူ

ကန္တာမေလး မရိပ်သာသို့ ရောက်ပြီး နောက် ၃-ရက်မြောက် (မေ ၄-၈၀)နေ့ နံနက် ၈-နာရီမှာ မလေးရှားပြည်သား ဗုဒ္ဓဘာသာဝင်ဟန်ငယ် "ကဿပုည" အား ဝိပဿနာအလုပ်ပေးတများ အကျဉ်းချုပ်ကို အင်္ဂလိပ်လိုဟောပါသည်။

သူသည် မလေးရှားပြည်ဖွား တရုတ်အမျိုးသား ဖြစ်သည်။ အသား ဖြူဖြူ၊ အရပ်ခပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက်ခပ်သေးသေး၊

မျက်နှာမဝိုင်းမသွယ်ဖြစ်သည်။ မျက်ခုံး၊ မျက်လုံးနှင့် နှာတန်မှာ တရုတ်မဆန်၊ မြန်မာဆန်နေသည်။

အင်္ဂလိပ်စကားပြောကျင့် အတော်ရှိပုံပေါ်သည်။ အရပ်သုံး စကားကို မိမိထက်ပို၍ သွက်သွက်လက်လက် ပြောနိုင်သည်။ အသံထွက်အနေအထားမှာ သင့်ရုံသာရှိသည်။ တရားဆိုင်ရာ ဝေါဟာရကိုတော့ အထိုက်အလျောက်သာ သိပါသည်။ အာရှ တိုက်သားချင်းဖြစ်၍ တဦးပြောသော အင်္ဂလိပ် စကားကို တဦးက ကောင်းစွာ နားလည်ပါသည်။

သူသည် ဆရာပြောသမျှ လိုက် နာ အား ထုတ် သည်။ သီဟိုဠ်ကိုယ်တော်များလိုပင် ခြိုးခြံဝတ်၊ ကြုံရာစား၊ ဖြစ်သလို နေတတ်သည်။ ၄-လခန့်မျှ တရားကို ရှိရှိသေသေ အားထုတ် သွားသည်။ ဉာဏ်အနည်းငယ်လေးဟန်တူသည်။

သီဟိုဠ်ဆရာတော်ကြီးကတော့ သူ့အကြောင်းကို တဖွဖွ ချီးကျူး ပြောကြားပါသည်။ တပည့်အနေအထိုင်ကောင်းတော့ ဆရာဖြစ်သူလည်း အလိုလိုဂုဏ်တက်သွားပါသည်။ သူကား ပြည်ပတွင် မိမိအစဆုံးတွေ့ခဲ့ရ၊ တရားပြခဲ့ရသည့် ပထမဆုံး ယောဂီပင်တည်း။

ကဿပုညအား အလုပ်ပေးတရားဟောပြီးနောက် အငယ် ဆုံး နာယကဖြစ်သူ ဦးသီလဝိက သူတာဝန်ယူ ပြုသနေသော နိုင်ငံခြားသား အမျိုးသားယောဂီများအား တရားစစ်ရန် မိမိကို လာပြောသည်။ မိမိက ယောဂီဟောင်းများကို သူဆက်စစ်ပြီး၊ ယောဂီသစ်ကိုသာ မိမိထံလွှတ်ဖို့ ပြောလိုက်ပါသည်။

ထိုနေ့ညနေမှာ "ရှောင်တေလာ" အမည်ရှိ အမေရိကန် ယောဂီသစ်တဦးရောက်လာသည်။ သူ့ကိုတရားစစ်ရာအဆောက် အအုံငယ်သို့ ခေါ်သွားပါသည်။ ဝိပဿနာတရား အားထုတ် ရသည့် ရည်ရွယ်ချက်နှင့်အားထုတ်နည်းအကျဉ်းချုပ်ကို အင်္ဂလိပ် လို ၁၀-မိနစ်ခန့် ဟောသည်။ မိမိတသက်တာတွင် မျက်နှာဖြူ တဦးကို အင်္ဂလိပ်လို ပထမဆုံး ပြောဆိုရခြင်းပင်။

မိမိအင်္ဂလိပ်လိုဟော၍ ၅-မိနစ်ခန့်အကြာတွင် သူက မိမိကို မော့ကြည့်ပါသည်။ မိမိပြောသော အင်္ဂလိပ်စကားကို နား မလည်၍ မော့ကြည့်သည်ထင်ပြီး လိပ်ပြာမသန့် ဖြစ်သွားသည်။ "ဦးဇင်းပြောတာ နားလည်ရဲ့လား" ဟု သူ့ကိုမေးကြည့်သည်။

သူက "ဟာ-နားလည်ပါတယ်၊ ပြတ်ပြတ်သားသား ရှိပါ တယ်၊ ဆက်ပြောပါ" ဟု အားပေးပါသည်။ ဤတော့မှ အား တက်လာပြီး ပြောစရာရှိသည်များကို ရဲရဲတင်းတင်း စိတ်ချ လက်ချ ဆက်ပြောပါသည်။

သူကား ပထမဆုံးတွေ့ရသည့် မျက်နှာဖြူအမျိုးသားယောဂီ တည်း။ မိမိထံမှာ ၁၄-၇-၇၀ နေ့မှ ၃၁-၇-၇၀ နေ့ထိ တရား အားထုတ်သွားပါသည်။

## (၁၄) ကြုံခိုက်ပြုဖွယ်

မိမိသည် နိုင်ငံခြားသား အမျိုးသား ယောဂီများကိုသာ တာဝန်ယူ တရားပြ တရားစစ်ခဲ့ရပါသည်။ သို့သော် နိုင်ငံခြားသူ အမျိုးသမီးများကလည်း တမင်တွေ့ဆုံခွင့်တောင်းပြီး မေးချင် တာတွေ မေးမြန်းကြပါသေးသည်။

၂၀-၇-၈၀ နေ့မှာ အမေရိကန်အမျိုးသမီး ဒေါက်တာမ ၂-ဦးက တွေ့ချင်ပါသည်ဟု သူတို့ဆရာသိဝလိကလာပြောသည်။ တရားစစ်ရာ အဆောက်အအုံယ်သို့ လာဖို့ ပြောလိုက်ပြီး၊ ကုလားထိုင်ပေါ်မှာ ထိုင်စောင့်နေပါသည်။

ချိန်းထားသော အချိန်မှာ အမေရိကန်အမျိုးသမီးတဦးသာ ရောက်လာသည်။ သူသည် ၈၀ကန်ရှည် ဖြူဖြူဖွားဖွားကြီးကို ဝတ်ပြီး ဆံပင်ကို မြန်မာအမျိုးသမီးများလို နောက်တွဲဆံထုံး ထုံးထားပါသည်။ အသက် ၃၀-ပတ်ဝန်းကျင်ခန့်သာ ရှိမည် ထင်သည်။

မိမိရှေ့အင်္ကတော အခင်းပေါ်က ဖျာငယ်ပေါ်တွင် မြန်မာ အမျိုးသမီးများလို ပြားပြားဝပ်ထိုင်ပြီး မိမိအား ရှိရိုသေသေ ရှိခိုးသည်။

သူ့ကိုယ်အမူအရာ လှုပ်ရှားပုံကို ကြည့်ခြင်းဖြင့် တော်တော် အမှတ်စိပ်စိပ် တရားရှုမှတ် ဖူးကြောင်း ရိပ်စားမိလိုက်သည်။

ရှိခိုးပြီးနောက် ပြုံးပြီး မိမိကို ရဲရဲတင်းတင်း မော်ကြည့်သည်။ သူ့အား တွေ့ခွင့်ပြု၍ ကျေးဇူးဘင်ကြောင်း စပြောသည်။ မိမိက ဘာမျှပြန်မပြော၊ ခပ်ပြုံးပြုံးပြန်ကြည့်ကာ သူ့ကို အကဲခတ်နေမိသည်။

သူ့ ကိုယ်လုံးကိုယ်ပေါက်မှာ ထွားထွား ကျိုင်းကျိုင်း၊ အနောက်ဟန် အတိုင်းပင်။ သို့သော် မျက်နှာအသွင်က တရုတ်သွေးပါသလိုလို ရှမ်းချောချောသလိုလို ထင်ရသည်။ မိမိနှုတ်စ အာစ နည်းကြောင်း သူရိပ်မိဟန်တူသည်။ မြန်မာပြည်မှာ တရုတ်သီလရှင်ရှိမရှိ သူက စ မေးသည်။

ယေရဝါဒ ဗုဒ္ဓဘာသာဝင် တရုတ်သီလရှင်တော့ မတွေ့မိကြောင်း ပြန်ဖြေလိုက်သည်။ သီလရှင်အကြောင်း ရေးထားသော စာအုပ်ပါမပါ သူက ထပ်မေးသည်။ မိမိထံမှာတော့ မပါလာကြောင်း၊ မြန်မာပြည်မှာတော့ ရှိကြောင်း ပြန်ဖြေလိုက်ပါသည်။

"မြန်မာပြည်မှာ ခေတ်ပညာတတ် အမျိုးသမီးတွေ များသလား၊ သူတို့အလုပ်လုပ်ကြသလား"ဟု ဆက်မေးပြန်သည်။ မိမိကလည်း ခေတ်ပညာတတ် မြန်မာအမျိုးသမီးတွေ များစွာရှိကြောင်း၊ ရုံးများ၊ အထူးသဖြင့် ကျောင်းများ၊ တက္ကသိုလ်များမှာ အလုပ်လုပ်သူ အများအပြားရှိကြောင်း ဖြေကြားပါသည်။

ဤအဖြေကို ကြားရသောအခါ သူအနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပတ်ဝန်းကျင်ကို ကြည့်ရှု အကဲခတ်လိုက်သည်။ ပြီးမှ—

"ဒီလိုဆိုယင် မြန်မာအမျိုးသမီးတွေက ဒီက အမျိုးသမီးတွေထက် များစွာ သာတာပေါ့။ ဒီမှာ ပညာတတ် အမျိုးသမီးလည်း နည်းတယ်။ အလုပ်လုပ်သူလည်း နည်းတယ်၊ အစားအစာကလည်း ညံ့လိုက်တာ လွန်ပါရော။ တပည့်တော်တော့ သူတို့အစားအစာကို မစားနိုင်ဖူး။ အရှင်ဘုရားကော စားနိုင်ရဲ့လား"ဟု မေးပါသည်။

အဲ့ဒီအခါ၊ အမည်းမရွေးအမျိုးသမီးမှန်က အခွင့်ကြုံယင် သူများ အတင်ပြောတတ်ပါတကားဟု တွေးမိပြီး ဘာမျှ ပြန်မပြောဘဲ ပြုံးနေလိုက်ပါသည်။ သူကတော့ တဖြည်းဖြည်း အာပိုသွက်လာသည်။

"မြန်မာပြည်မှာ အစားအစာ ကောင်းတယ်ဆိုတာ ဟုတ်ပါသလား"ဟု ထပ်မေးသည်။ မိမိက—

"ဟုတ်ပါတယ်။ ဒါပေမယ့် အစားအစာ ကောင်းတော့ ဗိုက်ပြည့်အောင်စားမယ်၊ ဗိုက်ပြည့်လွန်းယင် ငိုက်ပြီး တရားအားမထုတ်နိုင်ဘူး၊ ခင်ဗျားဗမာပြည်သွားပြီး တရား အားထုတ်ယင် အစားကောင်းတာနဲ့ အိပ်ငိုက်နေတော့မှာပဲ"ဟု ခတ်ရွှန်းရွှန်း ပြန်ပြောလိုက်မိသည်။

ထိုအခါမှစ၍ သူ့အမူအရာမှာ ပိုမိုရင်းနှီးဟန် ပြလာသည်၊ ရေပက်မဝင်အောင် သူကချည်း ပြောနေသည်။ တခါတခါ မြန်လွန်း၍ နှေးနှေးပြောခိုင်းရသည်။ မိမိ၏ အင်္ဂလိပ်အသံ ထွက် အနည်းငယ်လွဲနေယင် သူက ခရီးသွားဟန်လွဲသဘောဖြင့် စကားပြောယင်း ပြင်ပြင်ပေးသွားသည်။

မိမိမှာ အနှစ် ၂၀ ကျော် ကြာအောင် စာပြလာခဲ့ဖူး၍ ဆရာ့စေတနာ၊ ဆရာ့ဝါသနာကို အပြည့်အဝ နားလည် သဘောပေါက်ထားသူ ဖြစ်သည်။ ထို့ကြောင့် မြွေမြွေချင်း ခြေမြင်ဆိုသလို သူဆရာမဖြစ်ကြောင်း မပြောပဲ ရိပ်မိလာသည်။ အစကတော့ ဒေါက်တာဆို၍ သူ့ကို ဆရာဝန်မဟု ထင်ခဲ့သည်။

သူသည် ဦးဘခင် ကမ္မဋ္ဌာန်း ဌာနခွဲတခု၌ အာနာပါန အားထုတ်ဖူးသည်။ အခု ဖောင်းတာ ပိန်တာ ပြောင်းမှတ်တော့ မှတ်ရခဲ ဖြစ်နေသည်ဟု ဆို၍ သူ့အား မှတ်ပုံမှတ်နည်းကို ပြောပြရပါသည်။

သူက "ရုပ်နှင့်နာမ် ဘယ်ဟာက ဦးစီးကြီးသလဲ"ဟု မေးသည်။ မိမိက "ရုပ်ကြောင့် နာမ်ဖြစ်နိုင်သလို၊ နာမ်ကြောင့်

ရှုပ်ဖြစ်နိုင်ပုံ၊ နှစ်မျိုးလုံး သူ့နေရာနှင့်သူ အရေးကြီးပုံတို့ကို အကျိုးနှင့်အကန်း ဥပမာဖြင့် ရှင်းပြပါသည်။

စိတ်က ပိုအရေးကြီးသည် ထင်ခဲ့မိကြောင်း၊ အခုတော့ သဘောပေါက်သွားပြီဖြစ်ကြောင်း၊ သူက ပြန်ပြောပါသည်။

မေတ္တာကမ္မဋ္ဌာန်းအကြောင်း သုညတနှင့် အာကာသ တူမတူ အကြောင်း ဆက်မေးပြန်သည်။

မိမိက မေတ္တာကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ စာတွေ့သဘော လောက် အနည်းငယ်ပြန်ဖြေသည်။ သုညတနှင့် အာကာသ အကြောင်းကတော့ မဟာယန အယူအဆကို မေးသည် ထင် ကြောင်း၊ မဟာယနအကြောင်း စိတ်မဝင်စား၍ သိပ်မလေ့ လာခဲ့ကြောင်း အမှန်အတိုင်း ဖွင့်ပြောလိုက်ပါသည်။

မိမိမှာ တရားသဘောထက် အင်္ဂလိပ်စကား ပြောမမှား အောင် အတော်ကြိုးစားပြောနေရပါသည်။ ဒါကို သူကလည်း ရိပ်မိပုံပေါ်သည်။ ထို့ကြောင့် သူလည်း တရားနှင့်ပတ်သက်၍ နောက်ထပ် ဆက်မမေးတော့ပါ။ သို့သော် သူ့လျှာကိုတော့ ဘရိတ်အုပ်၍ ရသေးဟန်မတူပါ။

"မြန်မာနိုင်ငံ မဟာစည် သာသနာ့ရိပ်သာမှာ ယောဂီတွေ စကားသိပ်ပြောတယ်ဆိုတာ ဟုတ်ပါသလား။ တပည့်တော်တို့ နိုင်ငံခြားသားတွေက အေးအေးဆေးဆေး တရားအားထုတ် ချင်ကြဟာ၊ သူတို့က စကားလာပြောနေယင် အနှောင့်အယှက် ဖြစ်နေမှာပေါ့"ဟု မေးပြော ပြောလာပြန်ပါသည်။

ရန်ကုန်ရိပ်သာကြီးမှာ အချို့ယောဂီတွေ စကားပြောများ တာကိုတော့ ကိုယ်တွေ့ ကြုံဖူးပါသည်။ မြန်မာပြည်မှာသာ မြန်မာတယောက်က ဤမေးခွန်းကို မေးယင်"ဟုတ်ပါတယ်"ဟု

အမှန်အတိုင်း ဖြေမိကောင်း ဖြေမိပါလိမ့်မည်။ အခုဘော့ တခြားနိုင်ငံမှာ တခြားလူမျိုးက မေးလာ၍ ကိုယ့်လူမျိုး ကိုယ် ကာကွယ်သည့် အနေဖြင့် ဖြောင့်ကွယ်ကွယ်ခဲ့ရပါသည်။

"ဦးပဉ္စင်းတို့ မြန်မာလူမျိုးတွေက သိပ်ခင်မင်ရင်းနှီးစိတ်ရှိကြ တယ်၊ အချင်းချင်းလည်း ရိုင်းပင်းကူညီတတ်ကြတယ်။ နိုင်ငံ ခြားသားဆိုယင်လဲ အထူးအကူအညီပေးချင်ကြတယ်။ တရား လာအားထုတ်သူ နိုင်ငံခြားသား ယောဂီများကို အကူအညီ လိုယင်ပေးဖို့ ရင်းရင်းနှီးနှီး မေးလာ ပြောလာတာ ဖြစ်ပါလိမ့် မယ်။ ဒါပေမယ့် မြန်မာ့စိတ်စေတနာမှန်ကို မသိဘဲ နိုင်ငံခြား သားများက အနှောင့်အယှက် ပေးတယ်ထင်ပြီး မြန်မာတွေ့ စကားများကြောင်း သတင်းလွှင့်တာ ဖြစ်ပါလိမ့်မယ်" ဟု ပြောလိုက်ပါသည်။

ထိုအခါသူက "မြန်မာတွေ စိတ်ကောင်းရှိတာ၊ သူတပါးကို ကူညီတတ်တာကိုတော့ ကိုယ်တွေ့ကြုံခဲ့ဖူးပါတယ်။ သည်မသာ ခင် အိန္ဒိယပြည်မှာတုံးက မြန်မာဘုန်းကြီးကျောင်းမှာ တည်းခဲ့ ရတယ်၊ မြန်မာဘုန်းကြီးက အစစအရာရာ ကူညီခဲ့ပါတယ်" ဟု ပြောပါသည်။

ထို့နောက် "စကားပြောတာလည်းကြာသွားပြီ၊ အခုလိုတွေ့ ဆုံ စကားပြောခွင့်ရ၍ ကျေးဇူးတင်ပါတယ်၊ နက်ဖြန်ကျမှ ထပ်တွေ့ပါမည်" ဟုပြောကာ ရှိခိုးဝပ်ချပြီး အခန်းသို့ ပြန်သွားပါသည်။

နောက်နေ့တွင် သူ ဘာမှမလာတော့ပါ။ ... စာရွက်တရွက်လာပေးသည်။ စာရွက်ထဲမှာ "နှုတ်ဆက်ပါသည်" ဟု အင်္ဂလိပ်လို ရေးထားပါသည်။

သီဝလိကိုမေးကြည့်ရာ မနေ့က အမေရိကန်မ ဖြစ်ကြောင်း၊ သူ နက်ဖြန်ပြန်ဖို့ အစီအစဉ် လုပ်နေရ၍ မလာနိုင်ကြောင်း၊ ရန်ကုန်ရိပ်သာသို့ သူ့အတွက် မိတ်ဆက်စာတစောင်မြန်မာလို ရေးပေးစေလိုကြောင်း သိရပါသည်။

သီဝလိကို ထပ်မေးကြည့်မှ သူ့အကြောင်းကို အတော် ပြည့်ပြည့်စုံစုံသိရသည်။ သူကား အမေရိကန်ပြည်တက္ကသိုလ်တခု မှ ကထိကတဦးဖြစ်သည်။ တပည့်များအား ဗုဒ္ဓဘာသာသင်ပြ နိုင်ရန် ကိုယ်တိုင်လှည့်လည် လေ့လာနေသူဖြစ်သည်။

သူ့အတွက် ရန်ကုန်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဦးပွင့်ကောင်းထံ လိပ်စာတပ်ကာ မိတ်ဆက် စာတစောင် အသင့်ရေးပြီး သိမ်းထားလိုက်ပါသည်။

နောက်နေ့ နံနက် ၇-နာရီခန့်တွင် မိမိနေရာအထိ သူ ရောက် လာသည်။ ဂါဝန်ရှည် ဖြူဖြူဖွားဖွားကြီးနှင့် မဟုတ်တော့။ အင်္ကျီလက်တို ပခုံးပွ လက်ကြပ်နှင့် ပန်းရောင်ပွင့်ရိုက်လုံချည်လိုလို စကပ်ရှည်လိုလို ဝတ်ဆင်ထားသည်။ ဆံပင်မှာလည်း ဆံထုံး မဟုတ်တော့။ ဖားလျားကုဏ်ဝဲဖြစ်သွားပြီ။ လှုပ်ရှားသွားလာပုံ ကတော့ ယောဂီဟန် မပျောက်သေးပါ။

သူ့အား အသင့်ရေးထားသော မိတ်ဆက်စာကို အင်္ဂလိပ်လို တခေါက် ဘာသာပြန်ပြပြီးမှ ပေးလိုက်ပါသည်။ သူက—

"အခုလိုကူညီတာကျေးဇူးတင်ပါတယ်။ အရှင်ဘုရားသီဟိုဠ် မှာ ပျော်ရွှင်နိုင်ပါစေ၊ ဘတ်စ်ကားမမီမှာစိုးလို့ စကားများများ မပြောနိုင်တော့ပါ၊ သွားပါတော့မယ်"ဟု နှုတ်ဆက်ကာ ရှိခိုး ဝပ်ချပြီး ထွက်ခွာသွားပါသည်။

သူကား ပြည်ပတွင် မိမိတွေ့ဆုံခဲ့ရသည့် ပထမဆုံးနိုင်ငံခြားသူ အမျိုးသမီးတည်း။

သူလိုပင် အခြား အဖြူ ယောဂီ ခြောက်ယောက်ကိုလည်း မိတ်ဆက်စာ ရေးပေးခဲ့ရပါသေးသည်။ သူတို့သည် မြန်မာနိုင်ငံသို့ ရိုးရိုးသာသား တကယ် တရားအားထုတ်ချင်၍ သွားလိုသလား၊ တခြားအကြံအစည် တခုခုကြောင့် သွားလိုသလား ဆိုသည်ကိုတော့ သူတို့သာ သိနိုင်ပါမည်။ မိမိကမူ အကြောင်းတိုက်ဆိုင်၍ ခေတ္တခဏ ကြုံကြဆုံကြခိုက်မှာ လူသားအချင်းချင်း တတ်နိုင်သမျှ ရိုးရိုးသားသား ကူညီလိုက်ခြင်းသာ ဖြစ်ပါသတည်း။

ဇာကြုံဆုံတဲ့လို၊ ခွဲကြရ တို့သူငါ၊ များလှဘဝါ။
လူ့ဘုံမှာ၊ ကြုံလာရ ခချိန်တွင်း။
သူ့လိုအင် ငါကူလို၊ ငါ့ကိုယ်ပင် သူကူလို၊
စိတ်ထားဖြူ ကူညီကြယင်၊ ကောင်းလှဘိခြင်း။

## (၁၅) ဆိုရေးရှိက ဆိုအပ်လှ

သီဟိုဠ်နိုင်ငံ၌ အင်္ဂလိပ်စကားပြောတတ်သူများသည်။ ဘာတစ်စကား လက်မှတ်ရောင်းများကတောင် အင်္ဂလိပ်လို ပြောတတ်ကြသည်။ စာတတ်မတတ်တော့ မသိပါ။ မြို့နေ ဘုန်းကြီးများမှာလည်း ၁၀-ပါးမှာ အနည်းဆုံး ၅-ပါးလောက်ကတော့ ဒေသရေစကားပါ အလုပ်ဖြစ်အောင် တတ်ကြပုံပေါ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ ဘီအေအောင်လာသူ မိမိကိုလည်း အင်္ဂလိပ်လို လည်လည်ဝယ်ဝယ် တရားဟောနိုင်မည်ဟု ထင်ကြဟန်တူပါသည်။

၁၆-၇-၇၀ နေ့မှာ ရိပ်သာရုံးစာရေးက **ခေတ်ပဲ့လာတောင်း**သည်။ သတင်းစာထဲ တရားပွဲ ကြော်ငြာရန် ဖြစ်ပါသည်။ ဆရာတော်ကြီးက အင်္ဂလိပ်လို တရားဟောမည့် အကြောင်း ကြော်ငြာမည်ဟု ပြောသည်။

မိမိကတပည့်တော်ဘီအေအောင်လာပေမယ့်အပြင်ကအလွတ် ဝင်ဖြေပြီး အောင်လာတာ၊ စာအတော်အသင့် ဖတ်နိုင်ပေမယ့် စကား ပြောအလေ့အကျင့် မရှိပါ၊မြန်မာပြည်မှာတုန်းကတခါမှ အင်္ဂလိပ်ဘာသာဖြင့် တရားမဟောခဲ့ဖူးပါ။ မြန်မာဘာသာ ဖြင့်သာ ဟောပါရစေဟု ယဉ်ယဉ်ကျေးကျေး တောင်းပန် ပြောကြားခဲ့ပါသည်။

သို့သော် မြန်မာပြည်မှာ ရဟန်းဖြစ်လာသူ ဆရာတော်ကြီး ကိုယ်တိုင်ကရော၊ အခြားသူများကပါ မိမိပြောစကားကို ယုံကြည်ပုံမပေါ်ပါ။ နေ့စဉ်နိုင်ငံခြားသား အဖြူယောဂီများကို အင်္ဂလိပ်လို တရားပြ တရားစစ်နေသည်ကို မြင်တွေ့ပြီးဖြစ်ကြ၍ မယုံကြည်ကြခြင်းပင်။ ထို့ပြင် လူထုပရိသတ်အား အကြောင်း အရာတခုခုကို ဆက်တိုက်ဟောပြောခြင်းနှင့် ယောဂီတယောက် အား တရားစစ်ယင်း အပြန်အလှန် မေးကြခြင်းကို အတူတူ ထင်ပြီး မိမိစကားကို သူတို့ မယုံကြည်ကြခြင်းလည်း ဖြစ်နိုင် ပါသည်။

လိုနေ့ နေ့လည်မှာ ဆရာတော်ကြီးက အမျိုးသမီး ယောဂီ တွေ့ရဲ့ ခြံဝင်းဘက်ကို လျှောက်ကြည့်ရအောင်ဟု လာခေါ် သည်။ မိမိက လျှောက်ကြည့်ယုံ သက်သက်ပဲလားဟု မေး ပါသည်။ ဟုတ်ပါသည်ဟု သူကဖြေ၍ မိမိလည်း အေးအေး ဆေးဆေး လိုက်သွားပါသည်။

အမျိုးသမီးငင်းခြံနှင့် မိမိနေရာ အဆောက်အအုံမှာ ပေ ၃၀-ခန့်သာ ကွာပါသည်။ တံတိုင်းမြင့်မြင့်ကာထားၿပီးသော သိပ် မမြင်ရခြင်းဖြစ်သည်။

သို့နောက်မှ လိုက်သွားရာ အဝင်အဝနားရှိ နှစ်လုံးတွဲ အဆောက်အအုံ၏ ကြားဆက် ခန်းမသို့ ရောက်သွားသည်။ ထိုခန်းမ၏ အနောက်ဘက်ထိပ်တွင် ကုလားထိုင်နှစ်လုံး ချထား သည့် အရှေ့ဘက်တွင် သီဟိုဠ်အမျိုးသမီး ၃၀-ခန့်နှင့် အဖြူ အမျိုးသမီး ၃-ဦးတို့ ထိုင်နေကြသည်ကို တွေ့ရသည်။

ယခုအချိန်ထိ မိမိမှာ လာယင်း ကိစ္စကို မသိသေးပါ။ ဆရာတော်ကြီးက ကုလားထိုင်တလုံးတွင် ဝင်ထိုင်ပြီး မိမိကို လည်း အခြားကုလားထိုင် တလုံးတွင် ဝင်ထိုင် ခိုင်းပါသည်။ ထို့နောက် ဆရာတော်ကြီးက အမျိုးသမီး ယောဂီများအား ဝိပဿနာတရား အားထုတ် သင့်ကြောင်း တိုက်တွန်း တရား နာရိဝက်ခန့် ဟောပါဟု ရုတ်တရက် လှည့်ပြောပါသည်။

စောစောကမေးတော့ လျှောက်ကြည့်ရုံသက်သက်ဟု ပြော တယ်။ ယခုတော့ တရားဟောခိုင်းတယ်ဟု မိမိမှာ ဘဝင်မကျ ဖြစ်သွားပါသည်။ သို့သော်လည်း ဘာမျှပြန်မပြောပဲ မြန်မာ ဘာသာဖြင့် နာရီဝက်ခန့် တရားဟောပါသည်။ ဆရာတော်ကြီး က ဘာသာပြန်ပေးသည်။ သီဟိုဠ်အမျိုးသမီးများက ငြိမ်ငြိမ် နာပါသည်။ အဖြူအမျိုးသမီး ... ဘာမှ သိပုံမပေါ်ကြ၊ လက်လှုပ်လှုပ် ကိုယ်လှုပ်လှုပ် ရှိနေကြသည်။

မြန်မာလို ဟောအပြီးတွင် ဆရာတော်ကြီးက ယခုဟော ခဲ့တဲ့ တရားကို အင်္ဂလိပ်လို ပြန်ဟောပါဦးဟု ထပ်ပြောသည်။

စောစောကတော့ ဘဝင်မကျရုံသာဖြစ်သည်။ ယခုတော့ ဒေါသပါ ဖြစ်လာသည်။ အင်္ဂလိပ်လို ဟောကျင့် မရှိကြောင်း ကြိုတင် အသိပေးထားပါလျက်နှင့် ပရိသတ်ရှေ့ကျမှ အရှက်ကွဲအောင် တမင် "တော့ဖြုတ်၊ ဖြုတ်"သလို ဖြစ်နေသည်။ ပရိသတ်ရှေ့မှာ ပြန်ပြောလျှင်လည်း ရိုင်းစိုင်းရာ ကျမည် ဖြစ်၍ ဒေါသဖြစ်ဖြစ်နှင့် အင်္ဂလိပ်လို ဟောချလိုက်ပါသည်။

ဒေါသဖြစ်လာ၍လား မသိ၊ ဟောကျင့်မရှိပေမယ့် ချော ချော မောမော ဟောနိုင်သွားသည်။ သို့သော် ဟောသော တရားထဲတွင် "ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ မရှိ၊ ရုပ်နာမ်မျှသာရှိသည်"ဟူသော စကား ပါသွားသည်။

ထိုကြောင့် အဖြူမ တယောက်က "အရှင်ဘုရား၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ မရှိယင်၊ မေးတာ ဘယ်သူလဲ၊ ဖြေတာ ဘယ်သူလဲ" ဟု ထ,မေးပါသည်။

မိမိသည် သူ့ကို တတ်နိုင်သမျှ ရှင်းပြသည်။ သူကလည်း မကျေနပ်တိုင်း ပြန်ပြန်မေးသည်။ ဟောရသော အချိန်ထက် ရှင်းပြရသော အချိန်က ပိုကြာနေပါသည်။ ဘေးမှာ ငုတ်တုတ် ထိုင်နားထောင်နေသော ဆရာတော်ကြီးကား အင်္ဂလိပ်စကား မတတ်၍ ဘာပြောနေသည်ကို မသိနိုင်ပါ။

သို့သော် သူ အထူး ပင့်ထားသော မြန်မာ ဘုန်းကြီးက အင်္ဂလိပ်လို ဟောနိုင်တယ်ဆိုပြီး သဘောကျနေသလား မသိ။ မိမိမှာမူ အဖြူအမျိုးသမီး ကျေနပ်အောင် ရှင်းမပြနိုင်သဖြင့် အနားတော့ပြီးမှ ကျောက်တွန်းသလို လုပ်သူ ဆရာတော်ကြီး ကိုပဲ မကျေမနပ် ဖြစ်မိသည်။

မေးခွန်းကို မေးသူ အမျိုးသမီးမှာ တရားအားထုတ် ခါစ သာရှိသေးသည်။ အမှတ်တောင် တည့်အောင် မှတ်နိုင်ဟန် မတူသေးပါ။ ဤကဲ့သို့သော ယောဂီမျိုးကို ငါမရှိ သူမရှိ ကြောင်း ဘယ်လိုပင် ဟောဟော ဟောသူသာ လေပြတ်ပြီး သေဖွယ်ရှိသည်။ နံ့သူကတော့ သဘောပေါက် လက်ခံမည် မဟုတ်ပါ။ သူတို့ အဖြူယောဂီများကား တကယ်သဘော ပေါက်မှသာ သဘောပေါက်သည်၊ လက်ခံသည်ဟု ပြောလေ့ ရှိကြသည်။ သံယောင်လိုက်ပြောတာမျိုး အားနာပြီး လက် ခံတာမျိုးတော့ လုပ်လေ့မရှိကြပါ။

ထို့ကြောင့် နောက်ဆုံးမှာ သူ့ကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောရပါသည်။

"ခင်ဗျားမှာ လက်တွေ့ အသိဉာဏ် ဘာမှမရှိသေးဘူး။ လက်ခံနိုင်လောက်တဲ့ အသိဉာဏ် မရှိသေးပဲ ရှင်းပြနေယင် အချိန်ကုန် လူပန်းတာသာ အဖတ်တင်မယ်။ ဒါကြောင့် တပတ်လောက် ကြိုးကြိုးစားစား အားထုတ်ကြည့်ပါ။ အား ထုတ်ကြည့်ပြီးလို့ ရုပ်နဲ့နာမ်ကို ကွဲကွဲပြားပြား သိလာယင် အဖြေကို ကိုယ်တိုင် သဘောကျလာ ပါလိမ့်မယ်။ တပတ် လောက် ကြိုးကြိုးစားစား အားထုတ်ပြီးလို့မှ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ မရှိ ဆိုတာကို သဘော မကျသေးယင် ထပ်မေးပါ၊ အခုတော့ ဦးပဉ္ဇင်းမှာလည်း ကျယ်ကျယ် ပြန့်ပြန့် ပြောစရာမရှိသေးဝါ"ဟု ပြောလိုက်ပါသည်။

သူလည်း သဘောတူပါသည်။ သို့သော် နောက်နှစ်ပတ်ခန့် ကြာသည်အထိ သူတို့လည်း ထပ်မမေးကြတော့ပါ။

အမျိုးသမီးခြံဝင်းမှ ပြန်လာပြီးနောက် ဆရာတော်ကြီးအား ပြောစရာရှိသည်များကို ပြောင်ပြောင်ပင် ဖွင့်ပြောပါသည်။

"တပည့်တော်ကို ဘာမှ ကြိုတင် အသိမပေးပဲ လူရှေ့ကျမှ အင်္ဂလိပ်လို တရားဟောခိုင်းတဲ့အတွက် ရှင်းရဖြေရနဲ့ ဘယ်လောက် ဒုက္ခရောက်ခဲ့တယ်ဆိုတာ ဆရာတော်အမြင်ပဲ။ နောင်ကို ဒီလိုမလုပ်ဖို့ လျှောက်ထားပါတယ်။ တကယ်လို့ မြန်မာလို တရားဟောစရာရှိယင် အနည်းဆုံး ၁-နာရီ ကြိုတင် အသိပေးပါ။ အင်္ဂလိပ်လိုဟောရမယ်ဆိုယင် အနည်းဆုံး ၂-ရက် ကြိုတင်အသိပေးပါ၊ ဘာမှ ပြင်ဆင်မှု စဉ်းစားမှုမရှိပဲ ဟောယင်အဆင်မပြေဖြစ်တတ်ပါတယ်။ နောင်ကို သတိပြုတော်မူပါ"ဟု စကားကို အတတ်နိုင်ဆုံး မရိုင်းအောင်ရွေးပြီး လျှောက်ခဲ့ရပါသည်။

ကြီးကြီးငယ်ငယ် ပြောစရာရှိယင်တော့ ပြောရမည်ပင်။ မပြော၍မသိလျှင်ကိုယ့်အပြစ်၊ ပြောပါလျက်နှင့်မှမသိလျှင် သူတို့အပြစ်တည်း။ ထို့ကြောင့်လည်း "ဆိုရေးရှိက၊ ဆိုအပ်လှ၏။ ဆိုစမျှားလျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့"ဟု ရှေးမြန်မာ့စာဆိုအကျော် ရှင်မဟာရဋ္ဌသာရဆရာတော်က မိန့်ဆိုခဲ့သည် မဟုတ်ပါလော။

"ပြောစရာ၊ ကြုံလာက ပြောသာပြော။
မပြောပြန်၊ ကိုယ့်ဝန်ဖြစ်မယ်၊ မှတ်ရစ်စေသော"

## (၁၆) သီဟိုဠ်လူတုအား တရားစဟောခြင်း

၁၃၄၂-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက်(၂၆-၇-၈၀) နေ့သည် သီဟိုဠ်ဝါဆိုလပြည့်နေ့ဖြစ်ပါသည်။ ယင်းနေ့မှာ သီဟိုဠ်ပရိသတ်အား တရားစဟောခဲ့ရပါသည်။

ထိုနေ့ မွန်းလွဲ ၃-နာရီမှာ တရားဟောပင့်ရန်ဒါယကာအချို့ မိမိအခန်းသို့ ရောက်လာကြသည်။ မိမိအခန်းမှ ဓမ္မာရုံအထိ မိမိကို ပိတ်ဖြူများကြက်မိုးပြီး ပင့်ဆောင်ကြသည်။ အလျား ၃-တောင်ခန့် အနံ ၂-တောင်ခန့် ပိတ်ဖြူစကို အစွန်းတစစီမှာ တိုင်ငယ်တတိုင်စီချည်ပြီး တတိုင်လျှင် ဒါယကာ တယောက်ကျ ကိုင်လျက် ထီးမိုးသလို မိုးကာ ပင့်ဆောင်ကြခြင်းပင်။

တရားနာပရိသတ်သည် တရားဟောရန် ကြွလာသော ဓမ္မကထိကကို မြင်လျှင်မြင်ချင်း ထိုင်ရာမှထပြီး မတ်တတ်ရပ် လက်အုပ်ချီလျက် "ဆာဓု ဆာဓု ဆာဓု" ယု သံပြိုင် အော်ကြသည်။ သာဓု ခေါ်ခြင်းပင်။

ဓမ္မာရုံ အဆောက်အအုံအဝင်ဝ၌ ဒါယကာတယောက်က မိမိ ခြေထောက်ကို ရေဆေးပေးသည်။ တရားဟော ဘုန်းကြီးပလ္လင်ပေါ် ရောက်လျှင် ရောက်ချင်း "ဆာဓု ဆာဓု ဆာဓု" ဟု သံပြိုင် ထပ်အော်ကြသေးသည်။ ပြီးမှပြန်ထိုင်ကြသည်။

သီဟိုဠ် ပရိသတ် အထူးသဖြင့် အမျိုးသမီး များသည် တရားဟောဘုန်းကြီးဘက်သို့ တည့်တည့် ခြေဆင်း၍ ဖြစ်စေ၊ ကျောခိုင်း၍ ဖြစ်စေ၊ ဘေးတိုက်ခြေဆင်း၍ ဖြစ်စေ တရားနာယူ လေ့ ရှိကြပါသည်။ မြန်မာ့ မျက်စိနှင့်တော့ ဘယ်လိုမှ လမိုင်း မကာပ်သည့်ပုံစံမျိုးပင်။

တရားပွဲမဟုတ်ပဲ ဘုန်းကြီးနှင့် အလွတ်တွေ့သည့် အခါမျိုးမှာ ဒါယကာများက ဘုန်းကြီးခြေဖမိုးနှင့်သူတို့၏နဖူးထိအောင် ရှိခိုးလေ့ရှိကြပါသည်။ ပြီးလျှင် သင့်လျော်ရာမှာ မတ်တတ် နေပြီး စကားပြောကြပါသည်။

အမျိုးသမီးများလည်း ခပ်လှမ်းလှမ်းမှဝပ်ချပြီး မတ်တတ်ရပ်နေလေ့ရှိကြပါသည်။ သူတို့ကို နေရာပေးစရာမလိုပါ။ထိုသို့ မတ်တတ်ရပ်နေခြင်းသည် သူတို့၏ အစဉ်အလာ အရိုအသေပြုခြင်းအမျိုး ဖြစ်မည်ထင်သည်။

မိမိ၏ ပထမဆုံးတရားကို မြန်မာလိုပင် ဟောသည်။ သီဟိုဠ်ဆရာတော်ကြီးက ဘာသာပြန်ပေးသည်။

ဟောရာ၌ ပုဂံခေတ်မှစ၍ သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့ အပြန်အလှန် ဆက်ဆံမှုရှိခဲ့ကြပုံ၊ အထူးသဖြင့် သာသနာရေးကိစ္စများတွင် အပြန်အလှန်ကူညီခဲ့ကြပုံ၊ ပဲခူး ကလျာဏီကျောက်စာအရ သီဟိုဠ်နိုင်ငံ ကလျာဏီမြစ်မှာ မြန်မာရဟန်းတော်များ ရဟန်းပြန်ခံခဲ့ကြပုံတို့ကို အခြေခံပြီး သူမသာ ကိုယ်မနာ မိတ်ဆက်စကားစ၍ ပြောပါသည်။

ပြီးမှ ယခုအခါ သီဟိုဠ်မှာ ဝိပဿနာတရား အားထုတ်မှုဘက်၌ အားနည်းနေ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက တရားပြ မြန်မာရဟန်းတော်များကို လွှတ်ပေးရခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ လွှတ်ပေးခြင်းမှာလည်း သာသနာရေးကိစ္စ၌ သည်က ဆရာတော်များကို ကူညီဖို့သာ ဖြစ်ကြောင်းကို ရှင်းပြပါသည်။

ထို့နောက် ဝိပဿနာတရား အားထုတ်ကြဖို့နှင့် ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးတို့ကို ဆက်သက်ဟောကြားပါသည်။

သီဟိုဠ်မှမပြန်မီ မြန်မာလိုတရားပွဲ ၂၇-ပွဲ၊ အင်္ဂလိပ်လို ၃-ပွဲ ဟောကြားခဲ့ပါသည်။ ယင်းတို့အနက် တရားပွဲပေါင်း ၂၀-ခန့်ကို လက်ရေးတိုဖြင့် အစအဆုံး ကူးယူကြပါသည်။

ဟောကြားခဲ့သော တရားအားလုံးသည် ဝိပဿနာတရား အားထုတ်ရန်နှင့် အားထုတ်ပုံ အားထုတ်နည်းတို့နှင့် ပတ်သက်သော အကြောင်း အရာများသာ ဖြစ်ပါသည်။ သို့သော် ဒုစရိုက်အကြောင်း၊ ပုညကိရိယာဝတ္ထု အကြောင်း၊ တဏှာ အကြောင်းတို့ကိုလည်း ဆိုင်ရာဆိုင်ရာ သာဓကဝတ္ထုလေးများ ဖြင့် ကြားညှပ်ဟောကြားခဲ့ပါသေးသည်။

မျက်မှောက်ခေတ် သီဟိုဠ် ပရိသတ်သည် တရားတော်များ ကို မြန်မာ ပရိသတ် လောက် ကျယ်ကျယ် ပြန့်ပြန့် နာကြား ခွင့် ရဟန် မတူတော့ပါ။ သို့သော် ကြားသိရသလောက်ကိုတော့ လိုက်နာ ကျင့်ကြံလေ့ ရှိကြပါသည်။ သီလဆောက်တည်ရာ၌မူ အာဇီဝဋ္ဌမက သီလကိုသာ ဆောက်တည်လေ့ရှိကြပါသည်။

သီဟိုဠ်နိုင်ငံ၌ လူတွေလောက်လေးဂူမမြင်ဘူးကြဟု သိခဲ့ရသည်။ ကျေးငှက်တိရစ္ဆာန်များကို ညှင်းပန်းနှိပ်စက်လေ့မရှိကြ။ ကျီးကန်းများပင်လျှင် ခြောက်လှန့်သူကို ကြောက်ရမှန်း မသိတော့ပါ။

## (၁၇) တရားပွဲဂယက်

ပထမဆုံးဟောကြားသော တရားပွဲအပြီးတွင် ရိပ်သာအဖွဲ့မှ လူကြီးတဦးက ဝမ်းမြောက်ကျေနပ်ကြောင်း လာပြောသည်။

နောက်နေ့ သတင်းစာတစောင်တွင် မိမိ၏တရားကိုအစအဆုံး ထည့်ပေးကြောင်း သီဟိုဠ်ကိုယ်တော်များက ဝမ်းမြောက်ဝမ်းသာ လာပြောကြပါသည်။

တရားထဲမှာ ကလျာဏီသိမ်အကြောင်းပါသွား၍ နှံ့ယက ဆရာတော်ကြီးက ကိုယ်ပိုင်ကားငှားပြီး မိမိကို ကလျာဏီသိမ်နှင့် ကလျာဏီစေတီသို့ လိုက်ပို့ပေးပါသည်။ သူတို့နိုင်ငံမှာ ဓာတ်ဆီ တဂါလံ ၄၆ ကျပ် တရားဝင်ဈေးနှုန်းရှိ၍ ထိုဘုရားဖူး ခရီး အတွက် ငွေ ၂၀၀/-ခန့် ကုန်ပုံပေါ်သည်။

နောက်များမကြာမီ သတင်းစာတစောင်က မိမိနှင့်တွေ့ဆုံပြီး သူတို့နိုင်ငံသို့လာသည့်ရည်ရွယ်ချက်၊အကြာဆုံးနေနိုင်မည့်အချိန်၊ သူတို့နိုင်ငံမှာ ပြသနေသော ဝိပဿနာနည်းနှင့် မြန်မာ့နည်း တူ-မတူ စသည်တို့ကို လာမေးပါသည်။ ယင်းတွေ့ဆုံ မေးမြန်း ခန်းသည် နောက်တနေ့ သတင်းစာတစောင်တွင် ဓာတ်ပုံနှင့်တကွ သတင်းဆောင်းပါးအဖြစ် ပါလာပါသည်။

သူတို့နိုင်ငံက သတင်းစာများမှာ အရွယ်အစားလည်းကြီး စာမျက်နှာမှာလည်း ၂၀-ခန့်ပါရှိကြသည်။ သတင်းစာသမား များမှာ စာမျက်နှာပြည့်အောင် အတော်အကြံအဖန် လုပ်ကြရပုံ ပေါ်ပါသည်။

ဤအချက်ကိုရိပ်မိထားပြီးဖြစ်၍မိမိ၏တရားကို သတင်းစာထဲ အစအဆုံးထည့်ပေးခြင်း၊ မိမိအကြောင်းကို ဓာတ်ပုံနှင့်တကွ ဆောင်းပါးရေးထည့်ပေးခြင်းတို့ကြောင့် မိမိမှာ ဘဝင်မမြင့်ရဲ ခဲ့ပါ။

"သီဟိုဠ်သူ၊ ဘယ်မူနဲ့မြှောက်စား။

အမြဲနေတွက်ဆထားလို့၊ ဝမ်းမသာအား။"

## (၁၈) မုဆိုးစိုင်သင်

မိမိသည် ကြိုတင်ပြင်ဆင်ခွင့်၊စဉ်းစားခွင့်မရပဲ အဖြူယောဂီမ များအား တရားဟောပြောရာ၌ မေးခွန်းတွေ အမေးခံရပြီး ကျေနပ်အောင် မဖြေရှင်းနိုင်ခဲ့ပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့သော် ထိုတရားပွဲပြီးကတည်းက "မုဆိုးစိုင်သင်"ဆိုသလို အတွေ့အကြုံမှ သင်ခန်းစာရခဲ့သည်။ အဖြူယောဂီ များအား ကိုင်တွယ်ရန် နည်းလမ်းကို ကြိုတင်ကြံဆ စီစဉ်ရပါတော့သည်။

ယခင်က ယောဂီတယောက်ရောက်လာလျှင် သီလ ယူခိုင်း သည်။ အလုပ်ပေးတရား ဟောသည်။ ပြီးနောက် တရားထိုင်ရန် လွှတ်လိုက်သည်။ ယခုမူ ဤကဲ့သို့ ခပ်ပေါ့ပေါ့မခိုင်းတော့ပါ။

ရှေးဦးစွာ သူဝိပဿနာတရားထိုင်ဖူး မထိုင်ဖူး မေးကြည့် သည်။ ထိုင်ဘူးလျှင် ထိုင်ဘူးသည့်နည်းနှင့် အားထုတ်ရက် ပေါင်းကို မှတ်သားသည်။

ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဖတ်ဖူးသောစာအုပ်ကို စုံစမ်း သည်။ ဖတ်ဖူးလျှင် ထေရဝါဒစာအုပ်လား၊ မဟာယနစာအုပ် လား ဆိုသည်ကို ကွဲပြားအောင်ထပ်မေးသည်။ ပြီး နောက် ဤဌာန၌ မည်မျှကြာအောင် နေနိုင်မည်ကို ထပ်မေးပါသည်။

ဤသို့မေးမြန်းရခြင်းမှာ ရောက်လာသူယောဂီ၏ ဗုဒ္ဓဘာသာ နှင့် ပတ်သက်ပြီး စာတွေ့ သို့မဟုတ် လက်တွေ့ အသိဉာဏ်ကို ခန့်မှန်းရန်နှင့် သူ့အား လက်တွေ့ များများ အားထုတ်ခိုင်းသင့် သည်၊ သို့မဟုတ် စာတွေ့များများရှင်းပြသင့်သည်ကို ကြိုတင် တွက်ဆနိုင်ရန် ဖြစ်ပါသည်။

အချို့ယောဂီများသည် တရားအားထုတ်နည်း တခုခုကို နှစ်နှင့်ချီပြီး လက်တွေ့အားထုတ်ခဲ့ကြဘူးသည်။ သို့သော် သူတို့

သံသယရှိသော အရာများကို မေးခွင့်မရခဲ့ကြပါ။ ထိုသူမျိုးအား စာတွေ့များများ ရှင်းပြရန်ဖြစ်ပါသည်။

အချို့ယောဂီများမှာ အားထုတ်မည့် ရက်ကလည်းနည်း၊ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍လည်း ဘာမျှမသိ၊ အစိမ်းသက်သက်သာ ဖြစ်ကြသည်။ ထိုသူမျိုးအား ရှုမှတ်နည်းသိရုံ၊ ဗုဒ္ဓဘာသာ အကြောင်းအကြမ်းဖျင်းသိနိုင်ရုံလောက်သာအချိန်လုံလောက်အောင် ပြောရန် ဖြစ်ပါသည်။

စာပေတွေ့ တော်တော်များများ ကြည့်ရှုလေ့လာသူများကိုတော့ လက်တွေ့နှင့် စာတွေ့ ကွာပုံ သဘောပေါက်ရုံလောက်သာ ပြောပြီး၊ အတင်း ဖိအားထုတ်ခိုင်းရန် ကြံရွယ်ထားပါသည်။

ဤသို့ ယောဂီအခြေအနေကို ကြိုတင်အကဲခတ်ရန် မေးမြန်းပြီးနောက်၊ သူ့အား ယခင်က အားထုတ်ဘူးသောနည်း၊ ဖတ်ဘူးသောစာနှင့် ရိုးရာအယူဝါဒဟောင်းများကို ခေတ္တမေ့ထားပြီး၊ မိမိပြသော နည်းအတိုင်း အားထုတ်နိုင် မထုတ်နိုင် သေချာအောင် ထပ်မေးရပါသည်။ သူက အားထုတ်ပါမည်ဟု ဝန်ခံပြောကြားမှ အောက်ပါအတိုင်း အကျဉ်းချုပ်တရား ဟောကြားပါသည်။

"ဝိပဿနာ တရားအလုပ် အားထုတ်တဲ့ အဓိကရည်ရွယ်ချက်ကတော့ ကိလေသာခပ်သိမ်း ငြိမ်းဖို့ဖြစ်တယ်။ ကိလေသာငြိမ်းရင် ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကို ရောက်မယ်၊ နိဗ္ဗာန်ဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဲ့ အာရုံပဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှ ရောက်နိုင်တယ်၊ ယင်းဉာဏ်တွေရဖို့ဆိုတာလဲ ဝိပဿနာဉာဏ် မရင့်သန်ပဲ

မရနိုင်ဘူး။ ဝိပဿနာဉာဏ် ရင့်သန်ဖို့ကလည်း ဝိပဿနာတရား အားမထုတ်ပဲ မဖြစ်ဘူး။ ဝိပဿနာတရား အားထုတ်ရာမှာ အနည်းဆုံး ခဏိကသမာဓိလိုတယ်။ ယင်းသမာဓိလောက်မှ မရှိယင် ဝိပဿနာဉာဏ် မဖြစ်နိုင်ဘူး။ သမာဓိ ဖြစ်ဖို့ ရာမှာလည်း သီလစင်ကြယ်မှုရှိရတယ်။ သီလဟာအခြေခံပဲ။ ဒါကြောင့် တရား အားမထုတ်ခင် သီလယူရမယ်"

ဤကဲ့သို့ ဟောပြီးမှ သူ့အား ရှစ်ပါးသီလပေးသည်။ ပြီးမှ မဟာစည်နည်းအတိုင်း အားထုတ်နည်း အကျဉ်းချုပ် ပြောပြသည်။ ထို့နောက် "ဤနည်းအတိုင်း ၂-ရက်လောက် ဆက်အားထုတ်ပါ။ ဤ ၃-ရက် အတွင်း မှာတော့ ဘာမေးခွန်းမှ မမေးပါနဲ့အုံး။ အမှတ်တဲ့အောင်သာ မှတ်ပါ။ ၃-ရက်ကကျော်ယင် တရားနဲ့ပတ်သက်ပြီး မေးချင်တာမေးပါ၊ အတတ်နိုင်ဆုံး ပြေအောင်ဖြေပါမယ်။ မသိယင်လဲ မသိကြောင်း ပွင့်ပွင့် လင်းလင်း ပြောပါမယ်"ဟု ထပ်ပြောပါသည်။

သူတို့အဖြူယောဂီများသည် အလွန်ပွင့်လင်းကြသည်။ မေးစရာရှိလျှင် အားမနာတမ်း မေးလေ့ရှိကြသည်။ တချို့ မေးခွန်းများသည် မြန်မာပြည်မှာသာဆိုယင် မောင်နှင့်နှမ၊ သားနှင့်အမိ မကြားရဲ၊ မပြောရဲသော မေးခွန်းမျိုးပင် ပါသည်။ မကျေနပ်ယင် ရှေ့ဆက်ဟော၍မရ။ ထပ်ထပ်သာ ရှင်းပြခိုင်းတတ်ကြသည်။ သူတို့လဲ ပွင့်ပွင့်လင်းလင်း ပြောတတ်ကြသည်။ သူတို့ကို ပွင့်ပွင့်လင်းလင်း ပြောယင်လဲ ကျေနပ်ကြသည်။

ထို့ကြောင့် "သိယင် အတတ်နိုင်ဆုံး ကြိုးစားဖြေပါမည်။ မသိယင် မသိကြောင်း ပြောပါမည်"ဆိုသည်ကို သူတို့ သဘော

ကျကြပါသည်။ မိမိပြောသည့်အတိုင်း ကြိုးကြိုးစားစား အား ထုတ်ကြသည်။ ၃-ရက်အတွင်း မေးခွန်းမမေးကြတော့ပါ။

ယောဂီများ အမှတ်တဲ့အောင် ရှုမှတ်လာနိုင်ယင်"အာရုံနှင့် မှတ်စိတ်" ကွဲကွဲပြားပြား သိမသိ စစ်မေးကြည့်သည်။ သူတို့၏ လက်တွေ့ အသိဉာဏ်ကို ခန့်မှန်းရန်ဖြစ်သည်။သူတို့ခန့်မှန်းရသည် မှာ အလွန်လွယ်သည်။ တကယ်သိမှ သိသည်ဟု ဖြေကြသည်။ မသိပဲ သံယောင်လိုက်ပြီး ဘယ်တော့မှ မဖြေကြပါ။

အာရုံနှင့်မှတ်စိတ် မကွဲသေးယင် ယခင်အတိုင်း ဆက်မှတ် ခိုင်းသည်၊ အာရုံတခြား မှတ်စိတ်တခြား ကွဲကွဲပြားပြားသိလျှင် သူတို့အား အပြောမှန်နှင့် သဘောမှန်ကို ဤသို့ စဟောပါ သည်။

"ဒီနေ့ အပြောမှန်နှင့် သဘောမှန်အကြောင်းနဲ့ပြောမယ်။ လောက လူသားတွေက 'ရှိပါတယ်'လို့ လက်ခံသတ်မှတ်ထားတာ မှန်သမျှ အကုန်ရှိတယ်။ ယောကျ်ား၊မိန်းမ၊သားသမီး စသည် အကုန်ရှိတယ်။ ဒါဟာ အပြောမှန်ပဲ။

"လောက လူသားတွေက ရှိပါတယ်လို့ လက်ခံ သတ်မှတ် ထားတာ မှန်သမျှ ဘာမှမရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ပုဂ္ဂိုလ် သတ္တဝါ ဘာမှမရှိ၊ တလောကလုံး သိတတ်သောသဘောနာမ်နဲ့ မသိတတ်သောသဘော ရုပ်၊ ဤနာမ် ရုပ် နှစ်ပါးသာ ရှိတယ်။ ဒါဟာသဘောမှန်ဖြစ်တယ်။

"အပြောမှန်က 'လူလူချင်းဆက်ဆံတဲ့နေရာ၊ဒါနပြုတဲ့နေရာ၊ သီလဆောက်တည်တဲ့နေရာ၊ သမထကမ္မဋ္ဌာန်း၊ အထူးသဖြင့် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းတဲ့နေရာမျိုးမှာ မှန်တယ်။ဒီလိုနေရာမျိုး

မှာ အပြောမှန်ကို မပယ်ရဘူး။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည်မရှိလို့ မပြောရဘူး။

"သဘောမှန်က ဝိပဿနာတရားအားထုတ်တဲ့နေရာမှာ မှန်တယ်။ တရားအားထုတ်လို့ အရိယာဖြစ်သွားယင် 'ငါ သူတပါး မရှိ၊ ရုပ်နာမ်မျှသာ ရှိတယ်' ဆိုတဲ့ သဘောမှန်ကို သူ့အလိုလို သိလာလိမ့်မယ်။ အရိယာ မဖြစ်သေးခင်တော့ ငါ သူတပါး မရှိဘူးဆိုတာကို အတင်းမှတ်ထားရသေးတယ်။

"အပြောမှန်လောကသိရုံနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး၊ သဘောမှန်ကို လက်တွေ့သိမှသာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်။ ဒါကြောင့် သဘောမှန်သိရေးအတွက် ဆက်ရှင်းပြအုံးမယ်။

"အခု မျက်စိဖြင့် မြင်နေရတဲ့ ပုံသဏ္ဍာန်ကိုကြည့်ပြီး 'ဒါက ယောကျ်ားပဲ၊ ဒါက မိန်းမပဲ' စသည်ဖြင့် ခေါ်ဝေါ်မှတ်ယူနေကြတယ်။ ဒီပုံသဏ္ဍာန်ဟာ စင်စစ် ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-မျိုး အစုအဝေးမျှသာ ဖြစ်တယ်။ ဒီ ၃၂-မျိုးကို ဆံပင်တစု၊ မွေးညှင်းတစု စသည်ဖြင့် တခုချင်းခွဲလိုက်ပါ။ ထို့နောက် ဆံပင်သက်သက်ကိုပဲ ယောကျ်ားခေါ်သလား၊ မိန်းမခေါ်သလား။ မွေးညှင်းသက်သက်ကိုပဲ ယောကျ်ားခေါ်သလား၊ မိန်းမခေါ်သလား စသည်ဖြင့် ၃၂-မျိုးလုံးကုန်အောင် မေးခွန်းမေးကြည့်ပါ"

ဤသို့ပြောပြီး ၃၂-ကောဋ္ဌာသကို ရေတွက် ပြပါသည်။ နားထောင်သူက အထိုက်အလျောက် မှတ်မိလျှင် သူ့နေရာသူပြန်ရောက်သောအခါ သူ့ကိုယ်သူ မေးကြည့်ဖို့ မှာကြားပါသည်။ နက်ဖန်ကျမှ ဆက်ရှင်းပြအုံးမည်ဖြစ်ကြောင်း ပြောကာ လွှတ်လိုက်ပါသည်။

နောက်နေ့မှာ သူ့ဟာသူမေးဖြေကြည့်လို့ 'ငါ သူတပါး မရှိကြောင်း'ရိပ်စားမိသွားယင် ဆက်ရှင်းပြပါသည်။ မရိပ်စားမိသေးယင် ကိုယ်တိုင်ထပ်မေးပြီး သူ့ကိုဖြေခိုင်းပါသည်။ ထို့နောက်—

"ငါ သူတပါး မရှိပုံကိုတော့ ရိပ်စားမိလောက်ပြီ။ အခု ရုပ်နာမ်မျှသာရှိပုံကို ဆက်ရှင်းပြအုံးမယ်။ တကိုယ်လုံးလိုက်စမ်းကြည့်ပါ။ တချို့မာတယ်၊ တချို့ပျော့တယ်၊ ဒါဟာ ပထဝီရုပ်ခေါ်တယ်။ ပျော့မှန်းမာမှန်း သိတာကတော့ နာမ်ဖြစ်တယ်။

"တခါတရံ အေးတယ်၊ တခါတရံပူတယ်။ ဒါဟာ တေဇောရုပ်ပဲ၊ ပူမှန်းအေးမှန်းသိတာကတော့ နာမ်ပဲ။

"ကွေးတာ၊ ဆန့်တာ၊ သွားတာ၊ လှည့်တာစတဲ့ လှုပ်ရှားမှုသဘော၊ ထောက်ခံမှုသဘောတွေဟာ ဝါယောရုပ်ပဲ။ သူတို့ကို သိတာကတော့ နာမ်ဖြစ်တယ်။

"ဒါကြောင့် သဘောမှန်အရ ပြောမယ်ဆိုယင် ရုပ်နဲ့နာမ်သာရှိတယ်။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ မရှိဘူး"ဟု အကြမ်းမျဉ်းလောက် ရှင်းပြပါသည်။

ပြီးမှ "အခုပြောခဲ့တာလောက် သိရုံနဲ့တော့ တရားမရနိုင်သေးဘူး၊ ဒါက 'ကြားသိ ကြံသိ' အဆင့်လောက်ပဲ ရှိသေးတယ်။ လက်တွေ့သိ စစ်စစ် မဟုတ်သေးဘူး၊ လက်တွေ့သိ ဉာဏ်သိ ဖြစ်အောင် ကိုယ်တိုင် ရှုမှတ်ရတယ်။ ဒါကြောင့် ကြိုးကြိုး စားစား ဆက်မှတ်ပါအုံး။ ကျန် တာတွေကိုလည်း နောက်မှ တဖြည်းဖြည်း ဆက်ရှင်းပြပါအုံးမယ်"ဟု ပြောပြီး သတ်မှတ်ခိုင်းပါသည်။

ဤနည်းသည် စာရေးသူအဖို့တော့ အလွန်အောင်မြင်သော နည်းဖြစ်ပါသည်။ ဤကဲ့သို့ သူတို့၏ လက်တွေ့ အသိဉာဏ်ကို ရှေ့၊ စာတွေ့ရှင်းပြမှုကို နောက်ထားပြီး အဆင့်ဆင့်ရှင်းပြပါက "ငါ၊ သူတပါး၊ မရှိယင်၊ မွေးတာဘယ်သူလဲ၊ သေတာဘယ်သူလဲ" ဟူသော မေးခွန်းမျိုး အမေးမခံရတော့ပါ။ မဟုတ်ယင်တော့ မေးခွန်းတွေ ဒလကြမ်း ပစ်ဝင်လာတတ်ကြောင်း ကိုယ်တွေ့ကြုံခဲ့ရပါသတည်း။

အမျိုးမျိုး သူ့အယူ၊ ကိုယ့်မူနဲ့ ဖြေရှင်း၊
လမ်းမှားသူ၊ လမ်းမှန်ရောက်၊
ဝမ်းမြောက်ဖွယ်မင်း။

## (၁၉) အသေးစိတ် ထပ်မံရှင်းပြခြင်း

ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည် မရှိပုံကို ၃၂-ကောဋ္ဌာသ ကုန်အောင် မေးခွန်း မေးဖြေ ခိုင်းသော နည်းဖြင့် အကြမ်းမျဉ်း ရှင်းပြပြီးနောက် ယောဂီသဘော ပေါက်လာလျှင် ရုပ်နှင့်နာမ်သာ ရှိပုံကို အသေးစိတ် ထပ်မံ ရှင်းပြပါသည်။

ရှေးဦးစွာ "အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိနှင့် တွေးစရာ" ဤ ၆-မျိုးကို မိမိက ရွတ်ဆိုပြသည်။ သူတို့ကိုလည်း လိုက်ဆိုခိုင်းသည်။ ဤ ၆-မျိုးကို အာရုံ၆-ပါးဟု ခေါ်ကြောင်း ပြောပြသည်။

ပြီးမှ "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နှင့် မနောအကြည် (ဘဝင်စိတ်)" ဤ ၆-မျိုးကို မှတ်ထားခိုင်းသည်။ ဒွါရ ၆-ပါးဟု ခေါ်ကြောင်းလည်း ပြောပြသည်။

ထို့နောက် "မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်နှင့် တွေးသိစိတ်" ဤ ၆-မျိုးကတော့ ဝိညာဏ် ၆-ပါးဖြစ်ကြောင်း ပြောပြပါသည်။

တဖန် 'မြင်ခိုက် ကြားခိုက်' စသည်မှာ ရုပ်နှင့်နာမ် ၂·မျိုးသာ ရှိပုံကို ဤသို့ ဆက်ရှင်းပြပါသည်။

"အဆင်းအမျိုးမျိုးက မျက်စိအကြည်ကို လာထိခိုက်တဲ့အခါ မြင်သိစိတ် (နှင့်ယှဉ်ဘက် စေတသိက်) ဖြစ်ပေါ်လာတယ်။ 'အဆင်းရယ်၊ မျက်ဒိအကြည်ရယ်၊ မြင်သိစိတ်ရယ်' ဒီ ၃·မျိုးထဲမှာ အဆင်းဟာ မသိတတ်တဲ့ရုပ်တရား၊ မျက်စိအကြည်ကလည်း မသိတတ်တဲ့ ရုပ်တရားဖြစ်တယ်။ မြင်သိစိတ်ကတော့ နာမ်တရားဖြစ်တယ်။

"မြင်တတ်တာဟာ 'မြင်သိစိတ်' နာမ်တရားရဲ့ အလုပ်သာဖြစ်တယ်၊ ရုပ်ရဲ့အလုပ် မဟုတ်ပါဘူး။ ဒါဟာ သဘောမှန်ပဲ။"

"ငါမြင်တယ်၊ သူမြင်တယ်၊ မျက်စိကမြင်တယ် စသည်ဖြင့် ပြောနေကြတာကတော့ အပြောမှန်မျှသာဖြစ်တယ်။ တကယ်မဟုတ်ဘူး။ သဘောမှန်အရ ပြောရယင် မြင်ဆဲမှာ တကယ်ရှိတာဟာ ရုပ်နဲ့ နာမ်မျှသာဖြစ်တယ်။ မြင်တတ်တာဟာလဲ မြင်သိစိတ်သာ ဖြစ်ပါတယ်"

ဤကဲ့သို့ ရှင်းပြပေမယ့် တချို့က 'မြင်တတ်တာဟာ မြင်သိစိတ်ဖြစ်တယ်' ဆိုတာကို သဘောမပေါက်ပါ။ ထိုအခါ လက်တွေ့သာဓက တခုခုပြ၍ ဟောရ ရှင်းပြရပါသည်။

ထိုယောဂီမျိုးအား "တခါတရံ မျက်စိဖွင့်ပြီး အိပ်ပျော်နေတဲ့ လူတယောက်ယောက်ကို တွေ့ဘူးပါသလား"ဟု မေးကြည့်သည်။ သူက တွေ့ဘူးကြောင်းဖြေသည်။

"တွေ့ဘူးယင် အဲဒီ အိပ်ပျော်နေသူ ရှေ့မှာ အခြားတယောက်ယောက်က တခုခုလုပ်ပြမယ်ဆိုယင် သူမြင်မလား"ဟု ထပ်မေးပါသည်။

"မျက်စိပွင့်နေပေမယ့် အိပ်ပျော်နေယင် မမြင်နိုင်ပါ"ဟု သူက ပြောသည်။

သူတို့သည် အမေးအမြန်းထူပေမယ့် ဟုတ်ယင်ဟုတ်တယ် မဟုတ်ယင် မဟုတ်ဟု အမှန်အတိုင်း ပြောတတ်ပါသည်။

ဒါဖြင့် "အဲဒီအိပ်ပျော်နေသူမှာ မျက်စိမရှိဘူးလား"ဟု ဆက်မေးသည်။ သူက "ရှိပါသည်"ဟု ဖြေသည်။

"မျက်စိရှိယင် ဘာပြုလို့ မမြင်သလဲ၊ မြင်တတ်တာဟာ မျက်စိဖြစ်ယင် အိပ်ပျော်နေပေမယ့် မြင်ရမယ်"ဟု ရှင်းပြပါသည်။

သာမန်ကြည့်ယင် ဤရှင်းပြချက်သည် 'သူပြောခြင်း'ဟု ထင်စရာပင်။ သို့သော် သေသေချာချာ ဆင်ခြင်ကြည့်ယင် 'ဘုပြောခြင်း' မဟုတ်ကြောင်း သိသာပါသည်။

"တကယ်လို့ လူက မြင်တယ်ဆိုယင် အိပ်ပျော်နေပေမယ့် လူရှိနေတာပဲ၊ မြင်ပါတော့လား။ မြင်တတ်တာဟာ လူမဟုတ်လို့သာ မမြင်ခြင်း မဟုတ်လား"ဟု မေးပါသည်။

ထိုအခါ အမေးခံရသူမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာတတ်သည်။ ဒါဖြင့် လူကလည်း မမြင်တတ်ဘူး၊ မျက်စိကလည်းမမြင်တတ်ဘူးဆိုယင် ဘယ်သူကမြင်သလဲဟု ထပ်မေးတတ်ပါသည်။

မြင်ဆဲမှာရှိတဲ့ အဆင်းရယ်၊ မျက်စိအကြည်ရယ်၊ မြင်သိစိတ်ရယ်၊ ဒီ ၃-မျိုးထဲက အဆင်းကလဲ အမြင်ခံရတဲ့ သဘောမျှဖြစ်တယ်။ မမြင်တတ်ဘူး။ မျက်စိကလဲ မြင်စေတတ်တဲ့ အထောက်အပံ့အကြောင်းမျှသာ ဖြစ်တယ်။ သူလဲမမြင်တတ်ဘူး။ ကဲ.... ဒါဖြင့် ဘယ်သူကျန်သလဲ။ မြင်သိစိတ်ပဲ ကျန်တယ်မဟုတ်လား။ ဒါကြောင့် 'မြင်သိစိတ်ကမြင်တတ်တာ' လို့ ပြောခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြပါသည်။

အချိန်ရသော ယောဂီများအား အာရုံ ၆-ပါး တရက်၊ ဒွါရ ၆-ပါးတရက် ဝိညာဉ် ၆-ပါးတရက်၊ ဤသို့တရက်စီခွဲပြောပြီး၊ မိမိ၏ရှေ့မှာပင် အလွတ်မှတ်မိသွားအောင် ဆိုခိုင်းပါသည်။ လက်တွေ့များများ ရှုမှတ်စေလို၍ အချိန်ဆွဲခြင်း ဖြစ်သည်။ အချိန်မရသောသူများကိုတော့ တနေ့တည်း အကုန်ပြောပြပါသည်။

အချိန်များများရနိုင်ယင် ကြားဆဲ၊နမ်းရှူဆဲ၊ စားဆဲ၊ထိဆဲ၊ တွေးဆဲတွေမှာ ရုပ်နှင့်နာမ်သာရှိပုံကို ကြားဆဲ ရုပ်နာမ်တရက်၊ နာမ်ဆဲရုပ်နာမ်ဘရက် စသည်ဖြင့် အချိန်ဆွဲရှင်းပြပြီး များများ အားထုတ်ခိုင်းပါသည်။

နာကြားသူသည် လက်တွေ့ရှုမှတ်ရာ၌ ရုပ်နှင့်နာမ်ကိုကိုယ်တွေ့ ဉာဏ်ဖြင့် ကွဲကွဲပြားပြား တကယ်သိပြီးသူ ဖြစ်ပါက အထက်ပါ ရှင်းပြချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံလေ့ ရှိပါသည်။ အမေရိကန် ယောဂီအချို့ဆိုလျှင် လက်ဖြောက်တီးပြီး "ယား.... ဟုတ်ပြီ" ဟု နှုတ်မြွက်၍ လက်ခံလေ့ရှိပါသည်။

ယောဂီရဲ့ အခြေအနေကိုလည်း မခန့်မှန်း၊ မိမိဟောပြော ဖြေကြားမည့် တရားစင်ကိုလည်း ကြိုတင် ပြင်ဆင် ထားခြင်း မရှိပဲ၊

မေးချင်ရာမေးခွင့်ပြုပြီး ကြုံသလိုသာ ဖြေကြားမယ် ဆိုယင် တော့ ဆရာတပည့် နပမ်းချရမည့်ဒုက္ခနှင့် မုချတိုးမယ်သာ ရှိပါ တော့သတည်း။

ပွဲမဝင်ခင်၊ ပြင်ဆင်မှု၊ ပြုကြမမှားး။
မပြင်ဆင် ထင်ရာလုပ်၊ ဒုက္ခတွေများ။

## (၂၀) မြန်မာ့နည်းကျကျ

ကိုယ်တိုင် အားထုတ်၍ “နာမ်ရုပ်ကွဲ၊ ကြောင်းကျိုးမြင်” သည်အထိ ကိုယ်တွေ့ဉာဏ်မရှိသေးသူ အဖြူယောဂီအား ‘ပြုလုပ် သူမရှိ၊ ဖန်ဆင်းသူမရှိ၊ အကြောင်းအကျိုးမျှသာရှိသည်’ စသော တရားကို သွားဟောပါက ဆရာတပည့်ဆက်ဆံရေးအဆင်မပြေ ဖြစ်တတ်ပါသည်။ သူ့ဘာသာကို နှိမ်သည်ဟု ထင်သွားတတ် ပါသည်။

အဖြူ ယောဂီများသည် အခြား ဘာသာဝင် မိဘများမှ ပေါက်ဖွားလာကြသူများ၊ အခြားဘာသာဝင် လူများကြားမှာ ကြီးပြင်းလာကြသူများ ဖြစ်ကြသည်။လောလောဆယ် ဝိပဿနာ တရားအားထုတ်နေစေကာမူ၊ မိရိုးဖလာ ဘာသာအစွဲကို ပျောက် နိုင်ကြသေးသူများ မဟုတ်ကြပါ။

အကယ်၍ မူလဘာသာကို စွန့်လာခဲ့စေကာမူ သူတို့သည် သိပ္ပံပညာ တန်းဘားသော နိုင်ငံများမှဖြစ်၍ အရာရာကို လက် တွေ့ပြနိုင်မှသာ ယုံကြည်ချင်ကြပါသည်။

ထို့ကြောင့် သူတို့၏ ကိုယ်တွေ့ဉာဏ်ကို အခြေပြုပြီး၊ ဟော သင့်မှ ဟောခဲ့ပါသည်။ မဟောသင့်သေးဟု ယူဆချင် သူတို့

ကိုယ်တိုင်က "ဖန်ဆင်းသူရှိပါသလား" စသည်ဖြင့် မေးလာစေကာမူ မဖြေသေးပဲ နောက်မှ ရှင်းပြပါမည်ဟု ပြောထားပြီး "ကြောင်းကျိုးကွဲ" သည်အထိ ဆက်လက် အားထုတ်ခိုင်းပါသည်။

ယောဂီကိုယ်တိုင် လက်တွေ့အားထုတ်၍ "ကြောင်းကျိုးကွဲ" သလျှင်ကား သူမေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ "ဖန်ဆင်းသူ၊ ပြုလုပ်သူမရှိကြောင်း၊အကြောင်း အကျိုးမျှသာရှိကြောင်း" ကို ဟောပြောပါသည်။

ဟောဆဲ၌ တခုခုဖြင့် ကုလားထိုင်လက်တန်း၊ စားပွဲစသည်ကို ခေါက်ပြသည်။ ဒေါက်- ဒေါက်- ဒေါက် အသံမြည်ဆဲတွင် ကြားသလားဟု ယောဂီကို မေးသည်။ သူက ကြားပါသည်ဟု ဖြေသည်။

တဖန် နှစ်ချက်သုံးချက် ထပ်ခေါက်ပြပြီး အသာရပ်ထားလိုက်သည်။ အသံပျောက်သွားမှ သူ့ကိုကြားသလားဟု ထပ်မေးသည်။ သူက မကြားတော့ကြောင်း ဖြေသည်။ ဘာကြောင့် မကြားတော့သလဲ ထပ်မေးရာ အသံမရှိလို့ မကြားတော့ကြောင်း သူပြန်ဖြေပါသည်။

ဒီတော့မှ "အေး....ဟုတ်တယ်၊ အသံမရှိယင် မကြားရဘူး၊ အသံရှိမှသာ ကြားရတယ်။ ဒါကြောင့် အသံက အကြောင်းတရား၊ ကြားတတ်တဲ့ ကြားသိစိတ်က အကျိုးတရားပဲ" ဟုရှင်းပြပါသည်။

ပြီးမှ "သင့်နားကို လုံအောင်ပိတ်ထားပါ၊ ဦးဇင်းက ပြန်ခေါက်ပြမယ်" ဟု ပြောပြီး ခပ်ဖြေးဖြေး သုံးလေးချက် ပြန်

ခေါက်ပြယင်း ကြားမကြား ထပ်မေးပါသည်။ သူက မကြား တော့ပါဟု ဖြေသည်။

''အေး....ဟုတ်တယ်၊ အသံရှိနေပေမယ့် နားကို လုံးဝ လုံအောင် ပိတ်ထားမယ်ဆိုယင် မကြားရဘူး၊၊ ဒါကြောင့် နား အကြည်ရုပ်ဟာလဲ အကြောင်းတရားပဲ။ ကြားတတ်တဲ့ ကြားသိ စိတ်တခုဟာ အနည်းဆုံး အသံကလဲရှိမှ၊ နားအကြည်ရုပ်လဲရှိမှ ဖြစ်ပေါ်နိုင်တယ်။ (မနသိကာရ၊ အာကာသတို့ကို တမင်ချန်ထား ပါသည်။)

အထက်ပါသဘောတရားကို ထောက်ဆလျှင် ''ကြားတတ် အောင် ဖန်ဆင်းတတ်သူ၊ ပြုလုပ်တတ်သူမရှိ၊ ကြားသူလဲမရှိ၊ ကြားဆဲမှာ အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိသည်'' ဆိုတာ သိလောက်ပါပြီဟု ရှင်းပြသည်။

အချိန်ရလျှင် အခြား 'မြင်ခိုက်၊ စားခိုက်၊ နမ်းရှူခိုက်၊ ထိခိုက်၊ ထွေးခိုက်'တွေမှာလဲ အကြောင်းအကျိုးမျှသာ ရှိပုံကို ရှင်းပြပါသေးသည်။

နားထောင်သူယောဂီကသာ မှတ်တိုင်း မှတ်တိုင်း မှတ်စရာ အာရုံနှင့် မှတ်သိစိတ်၊ ဒီနှစ်မျိုးပဲရှိတယ်၊ ငါသူတပါး မရှိဘူး၊ မှတ်စရာအာရုံနှင့် မှတ်သိစိတ် နှစ်မျိုးမှာလဲ မှတ်စရာအာရုံက အယင်ဖြစ်တယ်၊ မှတ်သိစိတ်က နောက်မှဖြစ်တယ်ဆိုတာ ကိုယ် တွေ့ သိထားလျှင်၊ အထက်ပါရှင်းပြချက်ကို ခြွင်းချက်မရှိ လက်ခံကြောင်း ကိုယ်တိုင်သိခဲ့ရပါသည်။

ဤရှင်းပြချက်သည် ယေရှယ်စဉ် ကတည်းက တရားနာရ လွန်း၍ ဝရားရည်ဝနေသူ မြန်မာ ဗုဒ္ဓဘာသာဝင်များ အဖို့

လှယ်လှန်းနေ၍ 'တရားဖြစ်သည်'ဟုတောင်၊ ထင်ချင်မှ ထင်ပါမည်။ မြန်မာများအနေဖြင့် ထင်ချင်သလို ထင်နိုင်သည်။ မိမိကတော့ အခြားဘာသာစွဲရှိသူ၊ သိပ္ပံနည်းကျကျ ရှင်းပြမှ လက်ခံလေ့ရှိသူ အဖြူယောဂီများအား 'မြန်မာ့နည်း ကျကျ' အလှယ်ကူဆုံး ရှင်းပြ ဟောကြားပြီး သူတို့အပေါ် ဆရာလုပ်ခဲ့ပါသတည်း။

ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန်၊ အခြေခံကိုင်စွဲ။
သူ့နည်းပါ၊ ထပ်ဖြည့်စွက်၊ သူ့ထက်သာမြဲ။ ■

## (၂၁) ဘာ့ကြောင့်များကွယ် မေးကြတယ်

အဖြူယောဂီတို့ မေးသော မေးခွန်းများအနက် စာတွေ့သဘောလောက်ဖြင့် ရှင်းပြ၍ရရှိနိုင်သော မေးခွန်းများလည်း အတော်အသင့်ပါပါသည်။ ယင်းမေးခွန်းမျိုးကိုမူ ဖြေနိုင်လျှင် အချိန်မဆွဲပဲ ချက်ချင်းပင် ရှင်းလင်းဖြေကြား ပေးခဲ့ပါသည်။ ယခု အမေရိကန်ယောဂီတိုင်းလိုလို မေးသော မေးခွန်းတခုကို ဖော်ပြပါမည်။

"လူသူမနီးတဲ့ တောကြီးမျက်မဲထဲမှာ သစ်ပင်တပင်ရှိသတဲ့။ ထိုသစ်ပင်ဟာ လေလဲ့မတိုက်၊ လူလဲမခုတ်မလှဲပါပဲနှင့် အလိုအလျောက်လဲကျတဲ့အခါ 'ဝုန်း'ကနဲ အသံမြည်သွားပါသတဲ့။ ထိုအသံဟာ ဘာ့ကြောင့်ဖြစ်ပါသလဲ"တဲ့။

သူတို့သည် မေးခွန်းမေးလျှင် တိုက်ရိုက်မမေးပဲ တခါတရံ အသိုင်းတွေအဝိုင်းတွေနှင့် လေကြောရှည်မေးခွန်းမျိုး မေးလေ့ရှိကြပါသည်။သူတို့ပြောသမျှ စကားလုံးတိုင်းကိုသာ သိအောင်

အာရုံစိုက်နေလျှင် တခါတရံ စကားလုံးတိုင်းရဲ့ အဓိပ္ပာယ်ကို မသိတာနှင့်ပဲ မေးခွန်းရဲ့ဆိုလိုချက်ကို မျက်ကြေပြတ်သွားတတ်ပါသည်။ ထို့ကြောင့် မိမိက လေ့ကြောရှည် မေးခွန်းမျိုးနှင့် ကြုံလျှင် ဆိုလိုချက်လောက်သာ ခြုံငုံသိနိုင်ရန်အာရုံစိုက်ပါသည်။ မသိလျှင်လည်း တိုက်ရိုက် ပြန်မေးခိုင်းပါသည်။

သင်္ဂြိုဟ်သင်ဘူးပြီး "သဒ္ဒေါ စိတ္တောတုဇော = အသံသည် စိတ်နှင့် ဥတုကြောင့် ဖြစ်သည်"ဟူသောဝါကျကို မှတ်မိပါက အထက်ပါ မေးခွန်းကို သာမဏေငယ်လေးများပင် ဖြေနိုင်ပါသည်။သို့သော် သူတို့က အလေးအနက်ထားပြီး မေးလာသဖြင့် 'ရောင်းသူ ဝယ်သူ အသံတူစေရန်' မိမိကလည်း အလေးအနက်ထားပြီး ဤသို့ ဖြေကြားခဲ့ပါသည်။

"အသံ (ရုပ်) ဟာ စိတ်ကြောင့်ဖြစ်တဲ့ အသံ၊ ဥတုကြောင့်ဖြစ်တဲ့ အသံလို့ နှစ်မျိုးရှိတယ်။ စကားပြောသံ၊ သီချင်းဆိုသံတို့ဟာ စိတ်ကြောင့်ဖြစ်ကြတယ်။လေတက်သံ၊လေလည်သံ၊ မိုးခြိမ်းသံ၊ သစ်ပင်လဲကျသံတို့က ဥတုကြောင့် ဖြစ်ကြပါတယ်။

"ရုပ် ၂၈ ခုထဲမှာ 'မြေ၊ ရေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်' ဤရှစ်မျိုးလည်းပါတယ်။ ဤရှစ်မျိုးဟာ ပြောတဲ့အခါ တခုစီခွဲပြော၍ ရပေမယ့်၊ ဖြစ်တဲ့အခါ ရှစ်မျိုးလုံး တစုတည်း တပေါင်းတည်း ဖြစ်ကြတယ်။ယင်းတို့ကို ခွဲခြမ်းမရသော ရုပ်များလို့ ခေါ်တယ်။

"ဤရုပ်ရှစ်မျိုးဟာ အရာဝတ္ထုတိုင်းမှာပါတယ်။ သစ်ပင်မှာလည်းပါတယ်။ (သစ်ပင်လည်း ရုပ်အစုမျှသာ)။ ပကတိမြေ

ကြီးထဲမှာလည်းပါတယ်။ ထို့ကြောင့် လဲကျသော သစ်ပင်မှာ ပါတဲ့ ရုပ်ရှစ်မျိုးထဲက 'သဘော မြေဓာတ်'နဲ့ ပကတိမြေကြီး ထဲမှာပါတဲ့ 'သဘောမြေဓာတ်'တို့ ထိခိုက်မိတဲ့အခါ 'ဝုန်း' ခနဲ အသံမြည်ခြင်းဖြစ်တယ်။ ဒီအသံမျိုးမှာ ဥတုကြောင့်ဖြစ်တယ်"။

အဖြူယောဂီများသည် သူတို့မေးသော မေးခွန်းကို မိမိက ဖြေပြလျှင် 'လက်ခံလျှင် လက်ခံတယ်၊ လက်မခံလျှင်လည်း လက်မခံပါ၊ သဘောမပေါက်ပါ'ဟု ပွင့်ပွင့်လင်းလင်း ပြောလေ့ ရှိကြပါသည်။

သို့သော် အထက်ပါ မေးခွန်းကို ပြောပြသောအခါ သူတို့ သည် ဘာမျှပြန်မပြောပဲ၊ အင်းမလုပ် အဲမလုပ် ဘာမျှ မထူး ခြားသလို ငုတ်တုတ်ကြီး ခဏငြိမ်နေပြီးမှ အခြားအကြောင်း အရာတခုခုကို ဆက်မေးတတ်ကြပါသည်။

သူတို့၏ အမူအရာကို အကဲခပ်ရသည်မှာ 'ဒီအဖြေမျိုးကို တနေရာရာ၌ သူတို့ကြားဘူး၊ သို့မဟုတ် ဖတ်ဘူးပြီး ဖြစ်ဟန် တူသည်။ 'ဟုတ်လောက်တယ်'ဟု သူတို့ကိုယ်တိုင် လက်ခံထား ပြီးပုံ ပေါ်ပါသည်။ သို့သော် သေချာအောင် ထပ်မေးခြင်း သို့မဟုတ် မိမိအားအကဲစမ်းလို၍မေးခြင်းဖြစ်မည် ထင်ပါသည်။

ဘယ်လိုအကြောင်းကြောင့်ပဲ မေးမေး၊ မိမိမှာ ဖြေဆို ရှင်းပြရမည့်သူ ဖြစ်နေ၍ တတ်နိုင်သလောက် ကြိုးစားပြီး ရှင်းလင်းဖြေကြား ခဲ့ရပါသတည်း။

သူတို့ရဲ့ပြဿနာ၊ အဖြေဟာ အလွယ်လေး၊
သင်္ဂြိုဟ်မှာ ပါပါလျက်နှင့် ဘယ့်တွက်ကြောင့်မေး။

## (၂၂) ဆေးကြမ်းတိုက်ရခြင်း

အဖြူယောဂီတို့ မေးသော မေးခွန်းများကို ဖြေကြားရာ၌ တခါတရံ မလှဲမရှောင်သာ၍ ခပ်ကြမ်းကြမ်း ဖြေကြားရသော အခါလည်း ဖြေကြားခဲ့ရပါသေးသည်။

၃၀-၇-၈၀ နေ့က အသက် ၃၁-နှစ်အရွယ် 'ဂျင်းမာတင်'ဆိုသူ (တိုင်းပြည်နှင့်လူမျိုးကို တမင်ချန်ထားပါသည်။) အမျိုးသားတဦး တရားအားထုတ်ရန် ရောက်လာသည်။ သူသည် ဂျပန်ပြည်မှာတနှစ်၊ အိန္ဒိယမှာ ၂-နှစ်ခန့် မဟာယာန်နည်းနှင့် ဟိန္ဒူယောဂနည်းတို့ကို အားထုတ်ခဲ့ဘူးသည်။ ဗုဒ္ဓဘာသာကို လေ့လာနေသည်မှာ လေးနှစ်နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

မိမိထံမှာ ၃၀-၇-၈၀ နေ့မှ ၂၀-၈-၈၀ နေ့ထိ အားထုတ်သွားစဉ်အတွင်း မေးခွန်းပေါင်း ၆၀-နီးပါးခန့်မေးသွားသည်။ မိမိကလည်း သူတို့ပြောသော အင်္ဂလိပ်လေသံကို အပြည့်အဝနားလည်နိုင်ရန် ရည်ရွယ်၍ မေးချင်ရာမေးရန် ခွင့်ပြုထားပါသည်။ တနည်းအားဖြင့် တရားပြယင်း အင်္ဂလိပ် စကားပြောသင်ယူခြင်းပင်။

သူကလည်း ယခင်ဌာနများမှာ မေးခွင့် မရခဲ့သည်များကို အတိုးချပြီး မိမိထံကျမှ စိတ်ထဲရှိသမျှ စွတ်မေးပါတော့သည်။ သူမေးသော မေးခွန်းများအနက် ထူးထူးခြားခြား မှတ်မိနေသော မေးခွန်းတခုကို ဖော်ပြပါမည်။

"အရှင်ဘုရား၊ တပည့်တော်လည်း သူများမိန်းမနဲ့တွဲပြီး သွားချင်ရာသွား လုပ်ချင်ရာလုပ်နေပါတယ်။ တပည့်တော် မိန်းမ

ကလည်း တခြားယောကျ်ားနဲ့တွဲပြီး သွားချင်ရာသွား လုပ်ချင်ရာ လုပ်တာပါပဲ။ ဒါအပြစ်ရှိပါသလား''တဲ့။

မိမိက''အပြစ်ရှိပါတယ်''ဟု ခပ်ပေါ့ပေါ့ပင် ဖြေလိုက်ပါသည်။

''တပည့်တော် ကတော့ အပြစ်မရှိဘူးလို့ ယူဆပါတယ်။ အပြစ်ရှိကြောင်း ရှင်းပြပါအုံး''ဟု သူကထပ်မေးသည်။

''သင်တို့တိုင်းပြည်မှာ လင်ခိုးမယားခိုးတွေကို အရေးယူတဲ့ ဥပဒေများ မရှိဘူးလား''ဟု မိမိကပြန်မေးပါသည်။

''တပည့်တော်မှာ ဥပဒေသမားတဦး မဟုတ်၍ အတိအကျတော့ မသိပါ၊ သိရသလောက်တော့ မရှိပါ''ဟု သူက ဖြေပါသည်။

ထိုအခါ မိမိက ဝေဠုဒွါရေယျသုတ္တန်မှ ကာမေသုမိစ္ဆာစာရနှင့်ပတ်သက်သော အင်္ဂလိပ်ဘာသာပြန် စာပိုဒ်ကို ညွှန်ပြပြီး သူ့ကို ဖတ်ခိုင်းသည်။ ပြီးမှ—

''ဒါဟာ သူတပါး သားမယားကို မပြစ်မှားသင့်ကြောင်း ဘုရားကိုယ်တော်တိုင် ဟောပြချက်ကို ဘာသာပြန်ထားတဲ့ စာပိုဒ်ပဲ၊ ဦးပဥ္စင်းတို့လည်း ဒီဘုရားဟောအတိုင်း ပြန်ဟောနေခြင်းဖြစ်တယ်။ ဘုရားဟောကို ကျော်လွန်ပြီး ကိုယ့်သဘောနဲ့ ကိုယ်ဟောလို့ မရဘူး''ဟု ရှင်းပြပါသည်။

''ဘုရားဟောဆိုတာကိုတော့ ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် ကာမေသု မိစ္ဆာစာရနဲ့ ပတ်သက်ပြီး အပြစ်ရှိတယ် ဆိုတာ တပည့်တော် နှစ်နှစ်ခြိုက်ခြိုက်သဘောမပေါက်သေးဘူး။ တပည့်

တော် သဘောပေါက်အောင် ထပ်ရှင်းပြပါအုံး''ဟု ထပ်တွန့် မေးခွန်းတက်လာ ပြန်ပါသည်။

ဘုရားဟောကိုလည်း ထုတ်ပြပြီးပြီ။ ဘုရားဟော ထက် ကျော်လွန်ပြီး မဟောနိုင်ကြောင်းကိုလည်း ပြောထားပြီးပြီ။ သို့ပါလျက် ''သဘော မပေါက်သေးပါ'' ဟု ဆိုလာသော ခေါင်းမာလှသည့် တပည့်ကျော်အား ခပ်ကြမ်းကြမ်းကိုင်မှဖြစ် တော့မည်။ ထို့ကြောင့် အောက်ပါအတိုင်း ပြောရပါတော့ သည်။

''သင် တိရစ္ဆာန်လောကကို ကြည့်ပါ။ ခွေးတို့ နွားတို့မှာ ခွေးထီးကလည်း တွဲချင်ရာခွေးမနဲ့တွဲတယ်၊ ခွေးမကလည်းတွဲချင် ရာ ခွေးထီးနဲ့တွဲတယ်၊ ကိုယ်ပိုင်ဇနီး ခင်ပွန်း မရှိကြဘူး၊နွားတွေ လည်း ထိုနည်းလည်းကောင်းပဲ။

''သင်တို့မှာလည်း သူ့မယား ကိုယ့်မယား၊ သူ့ခင်ပွန်း ကိုယ့်ခင်ပွန်း သတ်မှတ်ချက်မထားပဲ တွဲချင်ရာ တွဲနေကြယင် သင်တို့ဟာ တိရစ္ဆာန်နဲ့ ဘာထူးတော့မှာလဲ''ဟု ပြောချ လိုက် ပါသည်။

မိမိက သူ မျက်နှာပျက်သွားလိမ့်မည်ဟုထင်ခဲ့မိသည်။သို့သော် သူက မျက်နှာမပျက်ရုံမျှမက မိမိစကားဆုံးသည်နှင့် တပြိုင်နက် လက်ဖျောက်တီးပြီး ''ယား....ဟုတ်ပြီ၊ သဘောပေါက်ပြီ''ဟု ဝမ်းမြောက်ဝမ်းသာ လက်ခံသွားပါသည်။

''ရောဂါကြမ်းယင် ဆေးကြမ်းတိုက်ရမယ်''ဆိုသလို အခုမှပဲ အနာနှင့်ဆေး လိုက်အောင် တိုက်ကျွေးမိပါတော့သတည်း။

## (၂၃) ဘုရားပန်းပြဿနာ

ဂျင်းမာတင် မေးသော မေးခွန်းများအနက် မြန်မာတို့နှင့် သက်ဆိုင်သော မေးခွန်းတခုကို ဖော်ပြပါအုံးမည်။

"တပည့်တော် မြန်မာနိုင်ငံကို ရောက်ဘူးတယ်။ သီဟိုဠ်နဲ့ မြန်မာ တူတာတခု တွေ့ရတယ်။ စေတီတွေ ဆင်းတုတွေရှေ့မှာ လူတွေဟာ ရိုရိုသေသေ ထိုင်ပြီး ရှိခိုးကြ၊ ပန်းလှူကြတယ်။ အဲဒီလို ပန်းလှူဒါဟာ အကျိုးရှိနိုင်ပါမလား၊ ဘုရားရှေ့မှာ ရှုပ်မနေဘူးလား"တဲ့။

မိမိက "အကျိုးရှိပါတယ်"ဟု ဖြေပါသည်။

"ဒီအဖြေမျိုး ကိုတော့ တပည့်တော် ကြားဘူးလှပါပြီ။ ဒီလောက်တော့ တပည့်တော်လည်း ဖြေတတ်တာပေါ့။တပည့်တော် သဘောပေါက်အောင် ဖြေစေလိုလို့ အရှင်ဘုရားကို မေးတာပဲ"ဟု ထပ်ပြောပါသည်။

"ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့်၊ လျှာပြတ်အောင် ဟောသော်လည်း၊ ဟောယင်းသာ ပုံတော်မူမည်"ဟူသော ဦးပုညစာချိုး အတိုင်း ဤကဲ့သို့သော ပုဂ္ဂိုလ်များအား ပန်းလှူ၍အကျိုးရှိပုံကို သာဓက ဝတ္ထုတွေပြပြီး ဟော၍တော့ ရမည်မထင်ပါ။ ထို့ကြောင့် သူတို့နှင့်ကိုက်အောင် ဟောကြားခဲ့ပါသည်။

"သာမန်လူတွေရဲ့ စိတ်ကို ၂-မျိုးခွဲထားကွာ။ တမျိုးက ကောင်းတဲ့စိတ်။ တမျိုးက မကောင်းတဲ့စိတ်။ ကောင်းတဲ့စိတ်ဖြင့် 'ပြုလုပ်တာ၊ ပြောဆိုတာ၊ ကြံစည်တာ'ကို ကောင်းတဲ့ကံလို့ ခေါ်တယ်။ မကောင်းတဲ့စိတ်ဖြင့် 'ပြုလုပ်တာ၊ ပြောဆိုတာ၊ ကြံစည်တာ'ကို မကောင်းတဲ့ကံလို့ ခေါ်တယ်။

"ကောင်းတဲ့ အလုပ်ကို လုပ်ယင် ကောင်းကျိုးရနိုင်တယ်၊ ပမာကွာ ကလေးတယောက် ရေနစ်နေတယ် ဆိုကြပါစို့၊ အဲဒီကလေးကို မင်းက ကယ်လိုက်တယ်၊ ကလေးအသက် မသေလို့ သူ့မိဘတွေက မင်းကို ကျေးဇူးတင်ကြ၊ ဘေးက လူတွေက မင်းကို ချီးကျူးကြတယ် ဆိုကြပါစို့။ ကလေးကို မင်းကယ်တာ ကောင်းတဲ့အလုပ်ပဲ။ ကလေးအသက်မသေတာ၊ မင်းချီးကျူးခံရတာ၊ ကျေးဇူးတင် ခံရတာဟာ ကောင်းတဲ့ အလုပ်ကို လုပ်လို့ ကောင်းကျိုးရရှိခြင်းပဲ။

"တခါ မင်းကလူတယောက်ကို သတ်တယ် ဆိုကြပါစို့။ အစိုးရက မင်းကို ဖမ်းဆီး၊ ဆိုင်ရာဥပဒေအရ အပြစ်ပေးတယ် ဆိုကြပါစို့။ လူသတ်တာဟာ မကောင်းတဲ့ကံပဲ။ ဖမ်းဆီးခံရ တာ ဆိုင်ရာဥပဒေအရ အပြစ်ပေးခံရတာဟာ မကောင်းတဲ့ အလုပ်ကိုလုပ်လို့ မကောင်းကျိုး ရရှိခြင်းဖြစ်တယ်။ ဒါလောက် ဆိုယင် 'ကောင်းတဲ့ကံက ကောင်းကျိုးကို ဖြစ်စေတယ်၊ မကောင်းတဲ့ကံက မကောင်းကျိုးကို ဖြစ်စေတယ်' ဆိုတာ မင်း သိသာလောက်ပြီ။

"တို့နိုင်ငံမှာ လူတွေ စေတီရှေ့၊ ဆင်းတုတော်ရှေ့မှာ ရှိခိုးကြ ပန်းလှူကြတယ်။ အဲဒီအခိုက် သူတို့သန္တာန်မှာ ကောင်းတဲ့စိတ် ဖြစ်နေတယ်။ ကောင်းတဲ့စိတ်နဲ့ ရှိခိုးခြင်း၊ ပန်းလှူဒါန်းခြင်း ဟာ ကောင်းတဲ့ကံပဲ။ ဒါကြောင့် ဒီကောင်းတဲ့ကံဟာ တချိန် ချိန်မှာ မှချကောင်းကျိုးပေးမယ်။

"နောက်ဘဝ အကျိုးကို ထားလိုက်အုံး၊ အခုဘဝမှာပဲ ကောင်းတဲ့စိတ် ဖြစ်နေခိုက်မှာ ထိုစိတ်က ကောင်းသောရုပ်ကို ဖြစ်စေတယ်။ ဒါကြောင့် သူ့မျက်နှာ အသွင်အပြင် ကြည်လင်

နေတယ်။ ကိုယ့်မိတ်ဆွေ၊ သို့မဟုတ် ဆွေမျိုးတဦးဦး မျက်နှာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျဖြစ်နေတာကို မြင်ရယင် မြင်ရ သူလည်း စိတ်ချမ်းသာတယ်၊ ဒါဟာ လောလောဆယ် ကောင်း ကျိုးတွေပဲပေါ့'' ဟု ရှင်းပြ လိုက်ပါသည်။ သည်တော့မှ သူလည်း ''သဘောပေါက်ပါပြီ''ဟု ဝန်ခံသွားပါသည်။

''အနာနှင့်ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေးမခက် ပါတကား။''

## (၂၄) သိလျှင် ပြဿနာ

ယခုအခါ မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားရောက်သူ မြန်မာနိုင်ငံသား ရဟန်း ရှင်လူ အတော်အသင့် များလာသည်။ သွားရောက်ကြသည့် ကိစ္စချင်းတော့ တူချင်မှ တူပေမည်။ သို့သော် မည်သည့် ကိစ္စကြောင့်ပဲ သွားသွား၊ မြန်မာနိုင်ငံသားများသာ ဖြစ်ကြ၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှု စသည်တို့ကိုတော့ လေ့လာ သွားသင့်ပါသည်။

စုံအောင် အသေးစိပ် မလေ့လာနိုင်စေကာမူ၊ မိမိတို့၏ အလုပ်ကိစ္စနှင့် အနီးစပ်ဆုံး အကြောင်းအရာကို အသေးစိပ် လေ့လာသွားပြီး ကျန်တာတွေကို အကြမ်းပျဉ်းလောက်တော့ လေ့လာသွားသင့်ပါသည်။ မလေ့လာပဲ အမှုမဲ့ အမှတ်မဲ့ သွားပါက မိမိနိုင်ငံအကြောင်း မေးသူနှင့် တိုးလာလျှင် အခက် ကြုံရတတ်ပါသည်။

မိမိသည် ၂၂-၁၁-၈၀ ခုနေ့က ကိုလံဘိုမြို့ မြန်မာသံရုံး တတိယ အတွင်းဝန် ဦးအေးကျော်လွင်ထံမှ အောက်ပါစာကို ရရှိခဲ့ပါသည်။

စာအမှတ်၊

ရက်စွဲ၊ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

ဆရာတော် ဦးသုန္ဒရဘုရား—

ဆရာတော်ဘုရားထံ ရိုသေစွာ ဦးတင်၍ လျှောက်ထားအပ်ပါသည်ဘုရား။ တပည့်တော် ကျန်းမာစွာရှိနေမည် သာသနာပြုနိုင်မည်ဟု ဆုတောင်း မျှော်လင့်မိပါသည် ဘုရား။

အကြောင်းမှာ တပည့်တော်၏ သံအမတ်ကြီး ဦးမောင်မောင်ကြီးသည် သာသနာရေးကိစ္စ တချို့တို့ကို ဆရာတော်အား လျှောက်ထားခွင့်ပြုနိုင်ရန်နှင့် ဖူးတွေ့ခွင့်ပြုပါရန် တပည့်တော်အား စေခိုင်း၍ ဖြစ်ပါသည်။ ဆရာတော်အနေဖြင့် ခွင့်ပြုနိုင်မည်ဆိုပါက တပည့်တော်အား စာဖြင့် ပြန်ပြီး အကြောင်းကြားစေလိုပါသည်။ တပည့်တော် ရုံးမှကားဖြင့် လာရောက်ကြိုပါမည်။ နံနက်စာ ဆွမ်းကိုလည်း တပည့်တော်၏ အိမ်မှာပင် ဘုဉ်းပေးစေလိုပါသည်။ သံအမတ်ကြီးအား တွေ့နိုင်ရန်အတွက် ၂၄၊ ၂၅၊ ၂၆ ရက်များအတွင်း တရက်ရက်သတ်မှတ်ပေးပါရန် ဖြစ်ပါသည်။ ဖုန်းဖြင့် အကြောင်းကြားပါကလည်း ဖြစ်နိုင်ပါသည်။ ဖုံးနံပါတ်မှာ ၈၇၆၀၇ဖြစ်ပါသည်။

ဆရာတော်ကြီးတင်၍ လေ့လာပေးပါရန် တင်လျှောက်အပ်သည်မှာ—

(၁) မြန်မာနိုင်ငံမှာ မယ်သီလရှင်ဘောင် (ရဟန်းဘောင်ကဲ့သို့) ဝင်ရိုးထုံးစံ ရှိပါသလား။ ရှိခဲ့ယင် ဘယ်လိုဝင်ရပါမည်လဲ။

(၂) သံဃာများကဲ့သို့ သိမ်ဝင်တာများ ရှိပါသလား။

(၃) သံဃာများ၊ သီလရှင်များ သိမ်ဝင်ယင် ဘယ်လို အဆင့်အတန်း (**ordin**) လုပ်ပါသလဲ။

(၄) မယ်သီလရှင်နှင့် ပတ်သက်၍ အခေါ်အဝေါ် ဘယ်နှစ်မျိုး ရှိနေပါသလဲ။ သီဟိုဠ်မှ သီလရှင်များနှင့် ပတ်သက်၍ မလေ့လာ မသိရှိနိုင်စွမ်းပါ။ ဆရာတော်မှ လေ့လာပြီး သံအမတ်ကြီးအား မိန့်ကြားပေးပါရန် ဖြစ်ပါသည် ဘုရား။

သံအမတ်ကြီးနှင့် တွေ့ဆုံနိုင်မည့်ရက်ကို ဆောလျင်စွာ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြန်ကြားပေးပါရန် မေတ္တာ ရပ်ခံအပ်ပါသည်ဘုရား။

ဦးတင်လျက်
(အေးကျော်လွင်)
ကိုလံဘို။

သူ့စာမှာ ရှင်းနေပါသည်။ မိမိအား သီလရှင်များ အကြောင်း ကြိုတင်လေ့လာထားရန်နှင့် တွေ့ဆုံနိုင်မည့် ရက်ချိန်းပေးရန် ဖြစ်ပါသည်။

မိမိမှာ မြန်မာနိုင်ငံတွင် ရှိစဉ်က ရန်ကုန်မြို့ ဘောင်ဒရီလမ်း အလယ်တောရတိုက်၊ ပြန်တန်ဆာကျောင်းမှာ အနှစ် ၂၀-ခန့် နေခဲ့ပါသည်။ အလယ်တောရတိုက်မှာ သီလရှင် အတော်များများ ရှိပါသည်။ သို့သော် မိမိမှာ ယနေ့အထိ ရင်းနှီးသောသီလရှင်တဦးမျှမရှိ။ သီလရှင်အကြောင်း စိတ်လည်း မဝင်စား၊ လေ့လည်း မလေ့လာခဲ့ပါ။ သီလရှင်နှင့်လည်း အပေါင်း အသင်း မလုပ်ပဲ တမင်ရှောင်ခဲ့ပါသည်။

ထို့ကြောင့် သီလရှင်အကြောင်း ကွင်းတင် လေ့လာယူရန် စာရသောအခါ အတော် အလုပ်ရှုပ်သွားသည်။ ပါမည် ထင်သည့် စာအုပ်များကို ကြည့်ရသည်။ သီဟိုဠ်ဆရာတော်ကြီး ကိုလည်း သီဟိုဠ်သီလရှင်အကြောင်း မေးရသည်။ သို့သော် သိလိုသလောက်တော့ အကုန်မသိရပါ။

(၁) သီလရှင်နှင့် ပတ်သက်သော နာမည်များ၊ (၂) သီဟိုဠ် သီလရှင်များ ပေါ်ပေါက်ပုံ (၃) သီလရှင် သိမ်မဝင်ရပုံ သီလ ရှင် စောင့်ထိန်းရမည့် သီလ၊ ဤမျှလောက်သာ တိတိကျကျ ဖြေစရာရပါသည်။

ကျန်တာတွေကိုတော့ မိမိကိုယ်တိုင် အတိအကျမသိပါ။ ခန့်မှန်းခြေလောက်သာ ပြောပြဖို့ စိတ်ကူး ထားရပါသည်။ အတိအကျသိချင်လျှင်တော့ ရဝေထွန်း၏ သီလရှင်သမိုင်းကို လှမ်းမှာရန် တိုက်တွန်းမည်ဟု ကြံရွယ်ထားပြီး ၂၅-၁၁-၈၀ နေ့မှာ လာကြိုရန် အကြောင်း ပြန်လိုက်ပါသည်။

ချိန်းထားသောရက်မှာ ဦးအေးကျော်လွင် ကိုယ်တိုင်ကားနှင့် လာပင့်၍ လိုက်သွားသည်။ သံရုံးမှာ မြန်မာသံအမတ် ဦးမောင်မောင်ကြီးနှင့် တွေ့ပြီး သီလရှင်အကြောင်း မေးကြ ဖြေကြသည်။ သီလရှင်သမိုင်းကိုပါ မေးနေ၍ ခန့်မှန်းခြေ လောက်သာ ပြောပြပြီး ရဝေထွန်းစာအုပ်ကို မှာ၍ လိုက်ပါ ပေးလိုက်သည်။

သူ့အား ဘာကြောင့် သီလရှင်အကြောင်း မေးပါသလဲဟု စုံစမ်းကြည့်သည်။ သည်တော့မှ ဗုဒ္ဓဘာသာဝင် နိုင်ငံအစိုးရ ယဉ်ကျေးမှုဌာနက သူ့ကို မေး၍ သူက မိမိအား တဆင့် မေးရကြောင်း ပြန်လျှောက်ပါသည်။

ကိုင်း၊ ဘယ့်နှယ်ရှိစ။ ဗုဒ္ဓဘာသာဝင် နိုင်ငံအစိုးရ ယဉ်ကျေးမှုဌာနက သီလရှင်အကြောင်း မသိ၍ မြန်မာသံအမတ်ကို မေးသည်။ သာသနာရေးကိစ္စ ဖြစ်နေ၍ မြန်မာသံအမတ်က နိုင်ငံခြားသာသနာပြု ထွက်လာသူ မြန်မာဘုန်းကြီးအား မိုင် ၂၀-ကျော် ခရီးမှ အားကိုးတကြီး ပင့်ပြီး မေးသည်။

မြန်မာဘုန်းကြီးမှာလည်း မိမိနှင့် အနီးစပ်ဆုံး သီလရှင်အကြောင်းလောက်ကိုမှ လေ့လာရကောင်းမှန်း မသိခဲ့။ အမေးရှိ၍သာ မရှောင်သာသဖြင့် အထိုက် အလျောက် ရှင်းပြခဲ့ရပါသည်။

သံအမတ်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ နောင်ကို အကူအညီလိုယင်လည်း အမိန့်ရှိပါ။ တပည့်တော်တို့က လိုယင်လည်း ကူညီပါဟု လျှောက်ထားပြီး သူ့ကိစ္စရှိသဖြင့် အပြင်ထွက်သွားပါသည်။

မိမိမှာမူ သူကျေးဇူးတင်သည်ကိုပင် ဝမ်းမသာအားပါ။ မိမိနှင့် အနီးစပ်ဆုံးလည်းဖြစ်၊ ဘာမျှလည်း မဖြစ်လောက်သည့် ကိစ္စကလေးကျမှ အထင်သေးပြီး မလေ့လာခဲ့မိ၍ အတိအကျ စုံစုံစေ့စေ့ မဖြေနိုင်ခဲ့သည့်အတွက် မိမိကိုယ်မိမိ မကျေမနပ် ဖြစ်ခဲ့ပါသတည်း။

တပြည်ရွာ ပွက်ခွာသွားမယ်၊
မြန်ပြည်ဘွား ရဟန်းရှင်လူ၊ နားစိုက်တော်မူ။
ကိုယ့်လူမျိုး ကိုယ့်အယူ၊
သိဖွယ်ဟူ—(သမျှ) လေ့လာသွား။
တပြေစံ သိလိုသမျှကို ဖြေပြစေသား။

## (၂၅) နောက်ဘဝပြဿနာ

"အတိတ်ဘဝရှိပါသလား၊ လူဝင်စားရှိပါသလား၊ နောက်ဘဝ ရှိပါသလား" ဟူသော မေးခွန်းများသည် အလွန်အမေးများသော အဖြူကြိုက် မေးခွန်းများ ဖြစ်ကြပါသည်။

ဤမေးခွန်းတခုခုကို မေးလာသူသည် သူကိုယ်တိုင် ဝိပဿနာတရားအားထုတ်၍ မှတ်တိုင်း မှတ်တိုင်း မှတ်ရော အာရုံ၏ ပေါ်လာပြီးနောက် ပျောက်သွားသော သဘောကို မသိလျှင် မိမိက လုံးဝမဖြေပါ။ သူကိုယ်တိုင်က မှတ်စရာအာရုံ၏ ပေါ်လာပြီးနောက် ပျောက်သွားသော သဘောကို ညာဏ်သိ၊ သိမှသာ အောက်ပါအတိုင်း အမေးအဖြေပြုလုပ် ရှင်းပြပါသည်။

မေး။ ။သင့်ကို အပြောမှန်နှင့် သဘောမှန်အကြောင်း ရှင်းပြခဲ့တာ မှတ်မိသေးရဲ့လား။

ဖြေ။ ။မှတ်မိပါတယ်။

မေး။ ။မှတ်တိုင်း မှတ်တိုင်း မှတ်ရော အာရုံလေး ပေါ်လာတာပျောက်သွားတာကိုရော ကိုယ်တွေ့ သိရဲ့လား။

ဖြေ။ ။သိပါပြီ။ (သိလောက်ပြီ ထင်မှမေး၍ ဤသို့ ဖြေခြင်းဖြစ်သည်။)

"အာရုံကလေ ပေါ်လာတာတွေဟာ အပေါ်၊ ပျောက်သွားတာက အဆုံးပဲ၊ ဒါကို သေသေချာချာ မှတ်ပေါ့ ဒါ ညာဏ်ရဲ့ အစဆုံး စိတ်ဟာ မွေးစိတ် (ပဋိသန္ဓေစိတ်) ဖြစ်တယ်။ ဒါ ညာဏ်ရဲ့ နောက်ဆုံး စိတ်ကတော့ သေစိတ် (စုတိစိတ်) ဖြစ်တယ်။ မွေးစိတ်နဲ့

သေစိတ်ကြားကာလဟာ တဘာဝ တသက်တာ ကာလပဲ၊ ဒါကို သေသေချာချာ မှတ်ထားပါ။

"သင်ဟာ ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်"လို့ အစဉ် အတိုင်းမှတ်နေတယ်ဆိုကြပါစို့။ အဲဒီမှာ"ဖောင်းတာနဲ့ပိန်တာ" ယှဉ်ကြည့်ယင် ဖောင်းတာက အယင်ဖြစ်တယ်၊ ပိန်တာကနောက် ကဖြစ်တယ်။ "ပိန်တာနဲ့ဖောင်းတာ" ယှဉ်ကြည့်ယင် ပိန်တာက အယင်၊ ဖောင်းတာက နောက်ဖြစ်တယ်။

"ဖောင်းတာနဲ့ ပိန်တာနှစ်ခုမှာ ဖောင်းတာ ပျောက်မသွား ယင် ပိန်တာမပေါ်နိုင်ဘူး။ ဖောင်းတာ ပျောက်သွားတာဟာ ပိန်တာပေါ်ဖို့ဖြစ်တယ်။ ဒါကို အယင်ဖြစ်တဲ့ သဘောတရားက နောက်ဖြစ်တဲ့ သဘောတရားကို ကျေးဇူးပြုတယ်လို့ ဆိုတယ်။ ဒီနေရာမှာ ကျေးဇူးပြုတယ်ဆိုတာ "ဖြစ်စေ၊ တည်စေတာ" ပါပဲ။

"ပိန်တာနဲ့ ဖောင်းတာ နှစ်ခုမှာလည်း ပိန်တာက အယင်၊ ဖောင်းတာက နောက်ဖြစ်တယ်။ အယင်ဖြစ်တဲ့ ပိန်တာ ပျောက် သွားတာနောက်ဖြစ်တဲ့ ဖောင်းတာပေါ်လာဖို့ ဖြစ်တယ်။ ဒါဟာ လည်း ရှေ့ဖြစ်တဲ့သဘောတရားက နောက်ဖြစ်တဲ့ သဘောတရား ကို ကျေးဇူးပြုခြင်းပဲ။

"ကဲ....ဒီလောက်ဆိုယင် သဘောတရား တခုဟာ သူ့အယင် ဖြစ်တဲ့ သဘောတရားရှိသလို သူ့နောက်မှဖြစ်တဲ့ သဘောတရား လည်း ရှိတယ်ဆိုတာ သိသာလောက်ပြီ။ ဒါကြောင့် သင့်ကို ထပ်မေးအုံးမယ်"

**မေး။** ။ဒီဘဝရဲ့ အစဆုံးစိတ်ဟာ မွေးစိတ်ဖြစ်ကယ်ဆိုတာ ပြောခဲ့ပြီးပြီ။ အဲဒီ မွေးစိတ်မှာ သူ့အရင်ဖြစ်ခဲ့ပြီး သူ့ကို ကျေးဇူးပြုလိုက်တဲ့ စိတ်ရှိကို ရှိတယ်။ အဲဒါ ဘာစိတ်လဲ။

**ဖြေ။** ။(ဤမေးခွန်းကို အများအားဖြင့် သူတို့မဖြေတတ်ကြပါ။ သို့သော်လည်း ဒီဘဝရဲ့ အစအဆုံး မွေးစိတ်မှာ သူ့ကို ကျေးဇူး ပြုလိုက်သော ရှေ့စိတ် တခုခုရှိတယ်ဆိုတာတော့ သူတို့သဘောကျကြပါသည်။ ထို့ကြောင့် မိမိကပဲ) အယင်ဘဝက သေစိတ်ဟာ သည်ဘဝ မွေးစိတ်ရဲ့ ရှေ့စိတ်ဖြစ်တယ် ဟု(အဖြေမေးလိုက်ပါသည်။ သူတို့ကလည်း သည်တော့မှ) "ဟုက်ပြီ"ဟု(ဆိုတတ်ကြပါသည်။)

**မေး။** ။သည်ဘဝရဲ့ နောက်ဆုံးစိတ်ဟာ သေစိတ် ဖြစ်ကြောင်း ပြောခဲ့ပြီးပြီ။ ဒီဘဝရဲ့ နောက်ဆုံးစိတ် ဖြစ်တဲ့ သေစိတ်မှာလည်း (ရဟန္တာတို့ရဲ့ စုတိစိတ်ကို မဆိုလိုပါ။) သူ့နောက်မှ ဖြစ်တဲ့ စိတ် ရှိတယ်။(အသညသတ်ကို မဆိုလိုပါ)။ အဲဒါ ဘာစိတ်ဖြစ်မလဲ။

**ဖြေ။** ။ဒီမေးခွန်းကိုလည်း သူတို့ မဖြေတတ်ကြပါ။ သို့သော် ဒီဘဝ သေစိတ်မှာ နောက်လိုက်စိတ် ရှိတယ် ဆိုသည်ကိုတော့ သဘောပေါက်ကြပါသည်။ ထို့ကြောင့် မိမိကပဲ ဒီဘဝသေစိတ်ရဲ့ နောက်လိုက်စိတ်ဟာ နောက်ဘဝရဲ့ မွေးစိတ်ဖြစ်က သည်ဟု ဖြေပြပါသည်။

နားထောင်နေသူ ယောဂီကသာ ရှုမှတ်ခိုက်မှာ မှတ်စရာ အာရုံ၏ 'ပေါ်မှုပျောက်မှုသဘော'ကို တကယ်ညာဏ်တွေ့ သိယင် အထက်ပါ ရှင်းပြချက်ကို ခြွင်းချက်မရှိ လက်ခံပါသည်။ ယင်းကို လက်ခံပါမှ ဤသို့ အပြီးသတ်ရှင်းပြလိုက်ပါသည်။

''အပြောမှန်အရဆိုယင် 'ငါသည် အရင်ဘဝက မွေးခဲ့ သေခဲ့ ပြီးပြီ၊ ဒီဘဝမှာလည်း မွေးပြီးပြီ၊ ဒီဘဝမှာ သေရလိမ့်အုံးမယ်။ နောက်ဘဝမှာလည်း မွေးလိမ့်၊ သေလိမ့်အုံးမယ်'လို့ ပြောကြတယ်။ ဒါကြောင့် အတိတ်ဘဝရှိတယ်။ လူဝင်စားရှိတယ်။ အနာဂတ်ဘဝလည်း ရှိတယ်။

''သို့သော်လည်းသဘောမှန်အရဆိုယင်အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဆိုတာ မပြတ်၊ ဖြစ်ပျက် နေတဲ့ ရုပ်နာမ် အစဉ်မျှသာ ဖြစ်ပါတယ်''ဟု ရှင်းပြလိုက်ပါသည်။

သူတို့လည်း ကျေနပ် သဘောပေါက်ကြ ပါသည်။ မေးသူသဘောကျ လက်ခံလျှင် ဖြေသူမှာ ဝမ်းမြောက်စမြဲပင်။

အပြောမှန်သက်သက်ကြည့်၊ ဘဝဆိုတာ တကယ်ရှိ။
သဘောမှန်သက်သက်ကြည့်၊ ရုပ်နာမ်မျှသာ တကယ်ရှိ။

## (၂၆) အသားစားမှုပြဿနာ

''အမဲသားငါးစားသူဟာ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်ပါ့မလား''

ဤမေးခွန်းသည်လည်းအဖြူကြိုက်မေးခွန်းတခုပင်ဖြစ်သည်။ အထူးသဖြင့် မေတ္တာကို အခြေခံသော ရိုးရာဘာသာအစွဲရှိသူ၊ ဟိန္ဒူယောဂအကျင့် ကျင့်ဖူးသူနှင့် ဂျပန်ဇင်နည်း အားထုတ်လာခဲ့ဖူးသူ အဖြူယောဂီများက ပို၍မေးကြပါသည်။

အထက်ပါ အမေးကို–

"အမဲသားငါးစားတိုင်း ဗုဒ္ဓဘာသာဝင်မဖြစ်ဟု မပြောနိုင်ပါ"ဟု လိုရင်းကို ဖြေကြားလျှင် သူတို့ သဘောမကျကြပါ။ ထို့ကြောင့် သူတို့ သဘောကျ လက်ခံစေရန် စိတ်ရှည်ရှည်ထား၍ ရှင်းပြီး၊ အမှန်ရောက်အောင် အောက်ပါအတိုင်း အကော်ဆွဲဆောင် ဟောကြားရပါသည်။

"အခု သင်မေးတဲ့ မေးခွန်းမျိုးကို မြတ်စွာဘုရားကိုယ်တိုင် အမေးခံခဲ့ရဘူးတယ်။ မေးသူက ဇီဝက သမားတော်ကြီးပဲ။

"မိမိအတွက် ရည်ရွယ်သတ်ထားသော အသားဖြစ်ကြောင်း (၁) ကိုယ်တိုင်မြင်လျှင်၊ (၂) ကိုယ်တိုင်ကြားလျှင်၊ (၃) သံသယရှိလျှင် ယင်းအသားမျိုးကို ရဟန်းတော်များ မစားကောင်းပါ။ 'မြင်ခြင်း၊ ကြားခြင်း၊ သံသယရှိခြင်း' ဤ ၃-ပါးကို အစွန်း ၃-ပါးဟု ခေါ်တယ်။ ယင်းအစွန်း ၃-ပါးမှ လွတ်သော အသားကိုမူ စားကောင်းတယ်။

"အခု ပြောခဲ့တာဟာ မြတ်စွာဘုရားက ဇီဝကအား ဟောကြားတဲ့ ဇီဝကသုတ္တန်ရဲ့ ဆိုလိုချက် အကျဉ်းချုပ်ပဲ။ ဒါကြောင့် အသားစားရုံနဲ့တော့ ဗုဒ္ဓဘာသာဝင် မဖြစ်ဟု မပြောနိုင်ပါ"

အထက်ပါအတိုင်း ရှင်းပြပြီး၊ မိမိပြောသောစကား ခိုင်မာစေရန် ဇီဝကသုတ္တန် အင်္ဂလိပ်ဘာသာပြန်မှ အင်္ဂလိပ်ပုဒ်ကို ညွှန်ပြ၍ ဖတ်ခိုင်းပါသည်။ သို့သော် သူက သဘောမကျသေးပါ။

"အမဲသားငါးစားယင် သတ်ဖြတ်သူကို သွယ်ဝိုက်သောနည်းဖြင့် အားပေးရာ မရောက်ပေဘူးလား" ဟု ထပ်ဆင့်မေးခွန်းထုတ်လာပါသည်။

မိမိက ကမ္မပထမြောက်သော အကုသိုလ်ကံနှင့် မမြောက်သော အကုသိုလ်ကံကို ဤသို့ပြောပြသည်။

"အကုသိုလ်ကံတခုဟာ အပါယ်ပဋိသန္ဓေကျိုး ကိန်းသေပေးလျှင် ကမ္မပထမြောက်တယ်။ အပါယ် ပဋိသန္ဓေအကျိုးပေးမှန်း မပေးမှန်း မသေချာယင် ကမ္မပထ မမြောက်ပါ။

"ပါဏာတိပါတ အကုသိုလ်ကံဟာ အင်္ဂါ ၅-ပါး ပြည့်စုံမှ ကမ္မပထမြောက်တယ်။ အင်္ဂါ ၅-ပါးကတော့ (၁) သတ္တဝါဖြစ်ခြင်း၊ (၂) သတ္တဝါဟု အမှတ်ရှိခြင်း၊ (၃) သတ်လိုစိတ်ရှိခြင်း၊ (၄) သတ်ဖို့လုံ့လပြုခြင်း၊ (၅) သေခြင်းတို့ဖြစ်တယ်။ ဒါ့ကြောင့် အသားစားရုံနဲ့တော့ သတ်ဖြတ်ခြင်းကို အားပေးရာရောက်တယ်လို့ မဆိုသင့်ဘူး" ဟု ရှင်းပြပါသည်။

သို့သော် သူကတော့ လက်ခံသည့် အမူအရာမပြပါ။ ထို့ကြောင့် သူ့အား အာမဂန္ဓသုတ် အကျဉ်းချုပ်ကို ထပ်ပြောပါသည်။ ယင်းသုတ်သည် တိဿအမည်ရှိ ရသေ့တဦးက မေး၍ ကဿပမြတ်စွာဘုရားက ဟောကြားသောသုတ်ဖြစ်သည်။

ကဿပ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ လူဝတ်ကြောင်ဘဝမှာ သက်သတ်လွတ်စား ပုဏ္ဏားမျိုးဖြစ်သည်။ သို့သော် ဘုရားဖြစ်လာသောအခါ ကြုံသလိုဘုဉ်းပေးသည်။ အမဲသားငါးလှူသူရှိလျှင် အမဲသားငါးပါ ဘုဉ်းပေးသည်။ ယင်းကိုသက်သတ်လွတ်စား ပုဏ္ဏားမျိုး တိဿရသေ့က ကျေနပ်ဟန်မတူပါ။

ထို့ကြောင့်"အမဲသားငါးစားယင်စင်ကြယ်မှုဖြစ်ပါမလား" ဟု ကဿပမြတ်စွာဘုရားအား သူကမေးလာသည်။

မြတ်စွာဘုရားက "အမဲသားငါးစားရုံနဲ့ မစင်ကြယ်မှုမဖြစ်နိုင်၊ သူ့အသက်သတ်ခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်း၊ သူတပါးသားမယားပြစ်မှားကျူးလွန်ခြင်း စတဲ့မကောင်းမှုတွေ ကျူးလွန်မှသာ မစင်ကြယ်မှုဖြစ်နိုင်တယ်"ဟု ရှင်းပြပါသည်။

အထက်ပါ ကဿပ မြတ်စွာ ဘုရား ဟော အာမဂန္ဓသုတ် အကျဉ်းကို အဖြူယောဂီများအား မိမိကတဆင့် ရှင်းပြသည်။ ယင်းသုတ် အင်္ဂလိပ်ဘာသာပြန်ကိုလည်း သူ့အား ဖတ်ခိုင်းပါသည်။ သို့သော် ကျမ်းကိုးကျမ်းကား အခိုင်အမာပြပြီး မိမိက ပြောနေ၍သာ သူတို့ ငြိမ်နေကြသည်။ ကျေနပ် လက်ခံသည့် အမူအရာ လုံးဝမပြကြပါ။

ထို့ကြောင့် နည်းပရိယာယ်ပြောင်းပြီး သူတို့အား အောက်ပါအတိုင်း ရှင်းပြရပြန်ပါသည်။

"စောစောက ရှင်းပြခဲ့တာတွေကတော့ စာပေ ကျမ်းဂန်နဲ့ အညီ ရှင်းပြခဲ့ခြင်းပဲ။ အခု မိမိတဦးတည်းရဲ့ အယူအဆကို ပြောပြအုံးမယ်။

"သက်သတ်လွတ်စားပြီး သမထအားထုတ်ယင် ပိုပြီး အာနိသင်တက်တယ်လို့ ပြောကြတယ်။ ကိုယ်တိုင်တော့ စမ်းမကြည့်ဘူးပါ။ ဒါ့အပြင် မိုးခေါင်ရေရှား အပူပိုင်းဒေသ အချို့မှာလည်းအမဲသားလို အသား အစားများယင် နူနာရောဂါ ဖြစ်တတ်ကြောင်း သိရတယ်။

"ဒါကြောင့် သမထအားထုတ်သူများ၊ ရောဂါရှိသူများ၊ သို့မဟုတ် ရောဂါမဖြစ်လိုသူများအဖို့ အ သား မ စား ယင်

ပိုကောင်းမယ်၊ အသားမစားလို့လည်း အပြစ် မဖြစ်ပါဘူး။ ဒါဟာဦးပဉ္စင်းရဲ့ အယူအဆပဲ။

"ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း သက်သတ်လွတ်စားနေပါတယ်။ ဒါပေမယ့် တပည့်တွေကိုတော့ သက်သတ်လွတ်စားဖို့ အတင်းအကြပ် မတိုက်တွန်းပါဘူး"

သူတို့ဘက် ခပ်ဖေးဖေး ရှင်းပြလိုက်ပါသည်။ သည်တော့မှ ဘသားချောတို့ သဘောကျပြီး ပြုံးလာကြပါသည်။ ထိုအခါ ကျမှ မိမိက ပြောလိုရာကို ဤသို့ ဆက်ပြောပါသည်။

ဒါပေမယ့် ဝိပဿနာတရားအားထုတ်တဲ့အခါမှာ ကိလေသာ မဖြစ်ရေးသာ အဓိကဖြစ်တယ်။အသားစားမှု မစားမှုက အဓိက မဟုတ်ဘူး။

"သက်သတ်လွတ်စားသူ တဦးဟာ သူစားနေတဲ့ အစာကို နှစ်သက်ယင် လောဘဖြစ်တယ်၊ မနှစ်သက်ယင် ဒေါသဖြစ်တယ်။ စားဆဲရုပ်နာမ်ကို အမှန်အတိုင်း မသိပြန်တော့လည်း မောဟဖြစ်တယ်။ ဒီလောဘ၊ ဒေါသ၊ မောဟတွေဟာ ကြောက်စရာ ကိလေသာ တရားဆိုးတွေပဲ။

"ဒီလိုပဲ အသားစားသူဟာလည်းသူစားနေတဲ အမဲသားငါး ကိုနှစ်သက်ယင် လောဘ၊မနှစ်သက်ယင် ဒေါသဖြစ်တယ်။စားဆဲ ရုပ်နာမ်ကို အမှန်အတိုင်း မသိယင် မောဟ ကိလေသာ ဖြစ်တာပဲ။

"ဒါ့ကြောင့် ဝိပဿနာတရားအားထုတ်သူဟာ သက်သတ်လွတ်ပဲစားစား၊ အမဲသားငါးပဲစားစား၊ ကိလေသာမဖြစ်ရေး သာအဓိကဖြစ်တယ်။ ကိလေသာမဖြစ်အောင် စားရမယ်"

အထက်ပါအတိုင်း ရှင်းပြပြီးမှ စားရာ၌ ရှုမှတ်ပုံ ရှုမှတ်နည်း အသေးစိတ်ကို ညွှန်ပြပါသည်။ အမှတ်နှင့် စားလျှင်လည်း မှတ်တိုင်းမှတ်တိုင်း အခိုက်အတန့်အားဖြင့် ကိလေသာ ငြိမ်းငြိမ်းသွားပုံကိုလည်း သဘောပေါက်အောင် ရှင်းပြပါသည်။ ပြီးမှ—

"ကဲ— ဒီလောက်ဆိုယင် အမဲသားငါး စားသင့်မစားသင့်နဲ့၊ သားငါးစားယင် ဗုဒ္ဓဘာသာဝင် ဖြစ်ပါ့မလား ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သင်ကိုယ်တိုင်ပဲ ဆုံးဖြတ်ပေတော့" ဟု သူတို့အား တာဝန်လွှဲလိုက်ပါသည်။

သူတို့လဲ့ "အို.... သဘောပေါက်ပါပြီ" ဟု ဝမ်းမြောက်ဝမ်းသာ လက်ခံသွားကြပါသတည်း။

သူ့အကြိုက် သူ့အနေ၊ ကိုက်အောင်လေ ဖြေကြား။
စိတ်ရှည်ရှည်စွဲအောင်ဟောမှ၊ သဘောကျသွား။

## (၂၇) ဦးနောက်ပြဿနာ

ကန္ဒုဗောဇမှာ ပြင်သစ်သူ အသက် ၃၀-ရွယ်ခန့် ဗုဒ္ဓဘာသာ သီလရှင်တဦး ရှိနှင့်နေသည်။ သူ့ဘွဲ့မှာ မသုနန္ဒာဖြစ်သည်။ သီလရှင်ဆိုသော်လည်း အဝါရောင်မဝတ်၊ အဖြူရောင်သာ ဝတ်ထားသည်။

သူသည် ဤရိပ်သာ၌ ပထမအကြိမ် လူဝတ်နှင့် တရား အားထုတ်ပြီးနောက် သီလရှင်ဝတ်သည်။ မိမိရောက်သွားသောအခါ အခြားသီဟိုဠ် အမျိုးသမီးများကို အိမ်တိုင်ယာရောက် လိုက်လံ

တရားပြနေပြီ၊ သူကား အိမ်ထောင်စွန့်ပြီး သီလရှင်ဝတ်ကြောင်း သိရသည်။

မိမိရောက်သွားပြီး တပတ်ခန့်အကြာတွင် မိမိနှင့်သူ စကားလာပြောသည်။ သူလည်း အင်္ဂလိပ်အသံထွက် သိပ်မမှန်၊ မိမိကလည်း အင်္ဂလိပ်စကားပြော အလေ့အကျင့်မရှိ။ ထို့ကြောင့် ပထမအကြိမ် စကားဝိုင်း ဖျက်လိုက်ရသည်။

ဒုတိယအကြိမ်၌ သူ၏ တရားပြဆရာ သီဝလိကိုပါ ခေါ်လာသည်။ မိမိတို့အချင်းချင်း စကားနားမလည်လျှင် သီဝလိက ကြားဝင်ပြောပေးရန်ဖြစ်သည်။ သူကား "သူတရားအားထုတ်နေစဉ် မှတ်စရာတခုစိကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း သဘောတရားတော်တော် များများကို သိသိသွားသည်။ သူသိသော အရာများကို နာမည်တပ်ပေးပါ"ဟု ပြောလာသည်။

"စိတ်တခုဟာ အာရုံတခုကိုသာ သိမြဲဖြစ်တယ်။ တကြိမ်ရှုမှတ်ရာမှာ သဘောတရား တော်တော် များများကို မသိနိုင်ပါ"ဟု မိမိက ပြောပြသည်။ ပိုမိုခိုင်မာစေရန် ဓမ္မပဒလာ ဒွေရင်္ဂမံ ကေစာရံ-စသော ဂါထာကို ရွတ်ပြပြီး အဓိပ္ပါယ်ကိုပါ ရှင်းပြသည်။

သူက အလျော့မပေးပါ။ သူများမသိပေမယ့် သူသိသည်ဟု ထပ်ပြောပါသည်။ သူ့ဆရာကလည်း-

"သူတို့ အနောက်နိုင်ငံသူ နိုင်ငံသားတွေက သိပ်စူးစမ်းလေ့လာတတ်တယ်။ သူပြောတာ ဖြစ်နိုင်တယ်။ အရှင်ဘုရားသာ ရှင်းပြပေးလိုက်ပါ"ဟု ဝင်ပြောသည်။

ထိုအခါ သူ့ဆရာ၏ အခြေအနေကိုလည်း ရိပ်မိလိုက်သည်။ သူရှုမှတ်နေစဉ် စာသိ အတွေးတွေ ဝင်နေကြောင်းကိုလည်း

သိလိုက်ပါသည်။ ထို့ကြောင့် စာတွေ့သဘောကို အောက်ပါ အတိုင်း ရှင်းပြလိုက်ပါသည်။

"သင် ဖောင်းတယ်လို့ တချက်မှတ်လိုက်တယ် ဆိုကြပါစို့။ ဖောင်းတာဟာ ဝါယောရုပ်ပဲ။ ဒါပေမယ့် ဝါယော တခုတည်း တော့ မဟုတ်ဘူး။ ရုပ်ဟာတခုတည်း ဖြစ်လေ့မရှိဘူး။ အနည်း ဆုံးရှစ်မျိုး တပေါင်းတည်း တစုတည်းဖြစ်တယ်။ ထင်ရှား ရာကို ခေါင်းတပ်ပြီး ဖောင်းတာဟာ ဝါယောရုပ်လို့ လွယ် လွယ်ပြောလိုက်ခြင်းပဲ။

"အဲဒီ ဖောင်းမှုသဘောလေး တခုထဲကို နာမည်ပေးမယ် ဆိုယင် (၁) ဝါယောရုပ် (၂) ဖောဋ္ဌဗ္ဗာရုံ (၃) ရူပက္ခန္ဓာ (၄) ဖောဋ္ဌဗ္ဗာယတန (၅) ဖောဋ္ဌဗ္ဗဓာတ် (၆) ဒုက္ခသစ္စာ လို့ ခေါ်နိုင်တယ်။"

အထက်ပါအတိုင်း ပြောပြလိုက်သောအခါ ပြင်သစ်မက သူသိချင်နေတာတွေဟာ အဲဒါ တွေ့ပါပဲလို့ ဝမ်းမြောက် ဝမ်းသာ ပြောပါသည်။ မိမိက–

"အဲဒါတွေဟာ ကိုယ်တွေ့မဟုတ်ဘူး။ စာတွေ့သဘောတွေပဲ ခုလိုပြောနိုင်တာဟာ ကျက်ထား မှတ်ထားလို့ ပြောနိုင်တာ"ဟု အမှန်အတိုင်း ပြောပြပါသည်။

"စာတွေ့ပဲဖြစ်ဖြစ် ဘာတွေ့ပဲဖြစ်ဖြစ်၊ အဲဒါတွေကိုပဲ သိချင် တယ်။ ရုပ်တခုစီ စိတ်တခုစီကို အဲဒီနာမည်မျိုးတွေ တပ်တပ်ပြီး သင်ပြပေးပါ"ဟု သူက ထပ်ပြောပါသည်။

ဒီအဖြူမ သီလရှင် ဘယ်လိုပြောလို့မှ နားဝင်မည် မထင်၍ နောက်နေ့ကျလျှင် ရေးစရာစာအုပ်ယူခဲ့ပါဟု ပြောပြီး လွှတ် လိုက်ရပါသည်။

နောက်နေ့ကစပြီး၊ အဖြူမအား 'မြင်သိစိတ်အစဉ်၊ ကြားသိစိတ်အစဉ်'စတဲ့ ဝီထိတွေကို အင်္ဂလိပ်လို တနေ့တဝီထိ သင်ပြပေးပါသည်။ ဝီထိမှာပါတဲ့ စိတ်တခုစီ တခုစီကိုလည်း နာမည်တွေရနိုင်သမျှ တပ်ပေးပါသည်။ သူလည်း အသေးစိပ်ရေးမှတ်ပါသည်။ စိတ်လည်း အတော်ဝင်စားပုံ ပေါ်သည်။ ပြင်သစ်ဘာသာဖြင့် ဗုဒ္ဓဘာသာအကြောင်း စာအုပ်ရေးရန် သူအချက်အလက် စုနေကြောင်း ခုမှ သိရပါသည်။

မြင်စိတ်သည် စက္ခုဝတ္ထုမှာ ရှိသည်။ ကြားစိတ်က သောတဝတ္ထုမှာ နံစိတ်ကဃာနဝတ္ထုမှာ၊ စားသိစိတ်က ဇိဝှါဝတ္ထုမှာ ထိသိစိတ်က ကာယဝတ္ထုမှာ၊ တွေးသိစိတ် (ကျန် စိတ်အားလုံး) က ဟဒယဝတ္ထုမှာ မှီသည်ဟု စိတ်အသီးသီးနှင့် သူတို့ရဲ့ မှီရာအသီးသီးကိုပါ ရှင်းပြပါသည်။

ထိုအခါသူက "ဒီလိုဆိုယင် ဦးနှောက်က ဘယ်ရောက်သွားသလဲ၊ဦးနှောက်အကြောင်းလည်းမပါပါလား"ဟုမေးပါသည်။ မိမိက "ဦးနှောက်ဟာ ဒီကိုယ်ထည်ရဲ့ အစိတ်အပိုင်းတခုသာဖြစ်တယ်• ကာယဝိညာဉ်ခေါ် ထိသိစိတ်ရဲ့ တည်ရာလောက်သာ ဖြစ်နိုင်တယ်"ဟု ရှင်းပြပါသည်။

သူက အရာရာကို ဦးနှောက်ကသာ သိသည်။ ထို့ကြောင့် သူတို့ အနောက်တိုင်း အယူအဆအရ မနောဝိညာဉ်၊ သို့မဟုတ် တွေးသိစိတ်ဟာ ဦးနှောက်မှာသာ တည်ရမည်၊ ဟဒယဝတ္ထုခေါ် နှလုံးမှာ မတည်နိုင်ဟု ငြင်းချက် ထုတ်လာပါသည်။

တရားဟောရာမှာ ဗုဒ္ဓစာပေ ဘောင်အတွင်းကသာ ဟောရကြောင်း မိမိသဘောနှင့်ဟောလို့မဖြစ်ကြောင်း၊ ဗုဒ္ဓစာပေမှာ

ဟာဒယဝတ္ထုကို တွေးသိစိတ်ရဲ့ တည်ရာအဖြစ် ဖော်ပြထား ကြောင်း ရှင်းပြပါသည်။

"ဒီလိုဆိုယင် အနောက်နိုင်ငံသားတွေကို ပြန်ဟောယင် လက်ခံကြမှာ မဟုတ်ဘူး"

သူက ထပ်ပြောသည်။

"လက်ခံတာမခံတာတော့မတတ်နိုင်ဘူး၊ စာထဲပါတဲ့အတိုင်း ဟောရမှာပဲ"

မိမိက ပြောလိုက်ပါသည်။

ထိုအခါ အဖြူမက မိမိမျက်နှာကို စေ့စေ့ကြည့်ပြီး "စာထဲ ပါတယ်ဆိုတိုင်း ယုံရမှာလား၊ မျက်ကန်းတောတိုး မယုံနိုင်ပါ" ဟု အားမနာပါးမနာ မျက်နှာထိ မျက်နှာထားနှင့် ပြောလာ ပါသည်။

အချိန်ကလည်း တရားစစ်ချိန်နီးလာ၊ သူ့ကို ထပ်ရှင်းပြ နေယင်လည်း အနည်းဆုံး နောက်ထပ် နာရီဝက်ခန့်ကြာနေအုံး မည်။ သို့ဖြစ်၍ နောက်နေ့မှ ဆက်ရှင်းပြမည်ဟု ပြောလိုက်ရပါ သည်။

သူက ဦးနှောက်နှင့်ပတ်သက်၍ သူတို့ အနောက်နိုင်ငံ အယူ အဆကိုသိချင်ယင် စာအုပ်ယူလာမည်ဟု ပြောသေးသည်။ မိမိက မလိုချင်ကြောင်း ပြောလိုက်ပါသည်။ သူလည်း မိမိကို အထင် သေးသွားဟန်ဖြင့် ခပ်ထေ့ထေ့ပြုံးကာ ထသွားပါသည်။

သူနန္ဒာထွက်သွားပြီးနောက် ဩစတြေးလျ ယောဂီတဦး တရားစစ်ခံရန် ရောက်လာသည်။ မိမိကစစ်မေးစရာများ စစ်မေး သည်။ ပြီးမှ သူ့အား "ထူးထူးခြားခြား မေးစရာများရှိပါ သလား" ဟု ထပ်မေးကြည့်သည်။

ထိုအခါသူက စောစောက သီလရှင်နှင့်ပြောနေတာ သူကြားကြောင်း အဲဒီ ဦးနှောက်အကြောင်းကိုပဲ ဆက် ရှင်း ပြ ပါ ဟု ပြောလာပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် မိမိကိုယ်တိုင် ဗုဒ္ဓစာပေကျမ်းဂန် အကုန်မနွံစပ်ပါ။ ထို့ ပြင် မြတ်စွာဘုရား ကိုယ်တိုင်ကတော့ တွေးစိတ်ရဲ့ မှီရာကို တိုက်ရိုက်မဟော၊ ဝတ္ထုရုပ်ဟုသာ သာမန် ဟောသည်•ဟူသော ရေးသားချက်များကိုလည်း ဖတ်ရှုဖူးသဖြင့် ဦးနှောက်ပြဿနာကို ရှင်းပြရန် အာတော်ဝန်လေးနေပါသည်၊

သို့သော် အဖြူအမျိုးသမီးအပြင် အဖြူအမျိုးသားပါ တိုက်တိုက် ဆိုင်ဆိုင် ရှင်းပြဘို့ ပြောလာသဖြင့် မရှောင်သာတော့ပဲ သူတို့၏ အနောက်တိုင်းယုတ္တိဗေဒပညာကိုမှီးကာ အောက်ပါ အတိုင်း သူ့ကိုစဉ်းစားခိုင်းပြီး ရှင်းပြခဲ့ပါသည်။

"ဘုရားဟော မဟာသတိပဋ္ဌာနသုတ်မှာ ပထဝီဓာတ် ၂၀- ဆိုတာပါတယ်။ အဲဒီ ၂၀-ထဲမှာ ဦးနှောက်ကို ပထဝီဓာတ် အဖြစ် ဟောထားတယ်။ ဟဒယဝတ္ထုခေါ် နှလုံးကိုလည်း ပထဝီဓာတ်လို့ပဲ ဟောထားတယ်။ ဒါကြောင့် နှစ်ခုစလုံးဟာ ပထဝီဓာတ်ချင်း အတူတူပဲ။

"တကယ်လို့ ဦးနှောက်တည်းဟူသော ပထဝီဓာတ်ဟာ တွေးသိစိတ်ရဲ့ တည်ရာဖြစ်နိုင်ယင် နှလုံးတည်းဟူသော ပထဝီဓာတ်ဟာ တွေးသိစိတ်ရဲ့ တည်ရာဖြစ်နိုင် မဖြစ်နိုင် စဉ်းစားပါ။

"အပြောမှန်အရဆိုယင် 'ဒါက ဦးနှောက်ပဲ' လို့ ခွဲခြား ပြောလို့ရပါတယ်။ ဒါပေမယ့် သဘောမှန်အရဆိုယင် ဦးနှောက် ဆိုတာလည်း မရှိဘူး၊ နှလုံးဆိုတာလည်းမရှိဘူး၊ ရုပ်အစုအဝေး မျှသာ ရှိတယ်။

“ဦးနှောက်ဆိုတာ ‘မြေ၊ ရေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်’ အနည်းဆုံး ဒီရုပ်ရှစ်မျိုး အစုမျှသာဖြစ်တယ်။ (တခြားရနိုင်သော ရုပ်များကို ရှင်းမပြခဲ့ပါ) နှလုံးဟာလည်း ‘မြေ၊ ရေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်’ အနည်းဆုံး ဒီရုပ်ရှစ်မျိုးပဲ ပါရှိတယ်။

“ဒါကြောင့် ဦးနှောက်တည်းဟူသော ရုပ်အစုဟာ တွေးသိစိတ်ရဲ့ တည်ရာဖြစ်နိုင်ယင်၊ နှလုံးတည်းဟူသော ရုပ်အစုဟာ တွေးသိစိတ်ရဲ့ တည်ရာ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားပါ။

“အခုပြောခဲ့ပြီးတာကတော့ စာပေကျမ်းဂန်ကို အခြေခံပြီး ပြောခဲ့ခြင်းပဲ။ အခုအလွတ်သဘော ပြောပြအုံးမယ်။

“တခုခုကို စဉ်းစားနေခိုက်မှာစိတ်ဟာခေါင်းထဲ(ဦးနှောက်)မှာ ရှိတယ်လို့ ထင်ရတယ်။ သေသေချာချာ စဉ်းစားကြည့်ပါ။ ဒါပေမယ့် ဝမ်းနည်းတဲ့အခါ၊ ဝမ်းသာတဲ့ အခါတို့မှာတော့ စိတ်ဟာ ရင်ထဲ (နှလုံး)မှာရှိတယ်လို့ ထင်ရတယ်။ သေသေချာချာ စဉ်းစားကြည့်။ ဒါဟာ ကိုယ်တွေ့အရ ပြောခြင်းပဲ။

“အခု ရှင်းပြခဲ့ပြီးတာတွေကို ခြုံလိုက်ယင် သဘောမှန်အနေနဲ့ ကြည့်ပါက ဦးနှောက်ဟာလည်း အဓိကမဟုတ်ဘူး၊ နှလုံးသားဟာလည်း အဓိကမဟုတ်ဘူးဆိုတာ ရိပ်မိလောက်ပြီ။ ပြောတဲ့ အခါမှာ ဦးနှောက်ပဲ နှလုံးပဲ စသည်ဖြင့် ပြောကြပေမယ့် လက်တွေ့ ရှုမှတ်တဲ့ ဝိပဿနာ ယောဂီအဖို့ကတော့ ဖြစ်ဆဲရုပ်နာမ်ရဲ့ မမြဲတဲ့သဘော၊ အသစ်အဟောင်း ပြောင်းလဲ ဖြစ်ပျက်နေတဲ့(ဆင်းရဲ)သဘော၊ ငါကောင်၊ သူကောင် မဟုတ်တဲ့သဘောတွေကို ဉာဏ်သိ၊ သိဖို့သာ အဓိကဖြစ်တယ်။

"ဒါကြောင့် သူတပါးကို ပြောဟောယင် ဦးနှောက်နဲ့နှလုံး ဆိုတဲ့ ဝေါဟာရမသုံးပဲ၊ တွေးသည့်စိတ်ရဲ့ တည်ရာကို 'မှီစရာ ဝတ္ထုရုပ်'လို့သာ မြတ်စွာဘုရား ဟောသလို သာမန်ဟောယင် ပြဿနာပေါ်စရာ မရှိပါ"

အထက်ပါအတိုင်း ဦးနှောက်ပြဿနာက မလွဲမရှောင်သာ၍ ဖြေခဲ့ရပါသည်။

အဖြူမနှင့် ထပ်တွေ့သောအခါမှာ အထက်ပါ သဘောမျိုး ပါသည့် သူတို့ အနောက်နိုင်ငံသူတဦး ရေးသော စာအုပ်ကိုပါ ဖတ်ခိုင်းလိုက်ပါသည်။ အဖြူမ သီလရှင်လည်း ထိုအခါမှစ၍ မိမိကို အတော်အားနာသွားဟန် ရှိပါသည်။ သူ့စကား လွန် သွားကြောင်းလည်း သိသွားပုံပေါ်သည်။

သူ ပြင်သစ်ပြည် ပြန်ခါနီးတွင် မုန့်ထုပ်များဖြင့် မိမိအား လာကန်တော့သည်။ သူ့ကို စိတ်ရှည်ရှည်ထားပြီး သင်ပြပေး သဖြင့် ကျေးဇူးတင်ကြောင်း ပထမဆုံးနှင့် နောက်ဆုံး ပြော ကြားသွားပါသည်။ အယင်တခါမှ မပြောခဲ့ဘူးပါ။

မိမိကလည်း အမြင်မှန်ရသွားသူ အဖြူမအား မြန်မာပြည်မှ ပါလာသော အင်္ဂလိပ်ဘာသာပြန် ဝိပဿနာ အလုပ်ပေးတရား စာအုပ်၊ ဉာဏ်စဉ်စာအုပ် ၅အုပ်၊ ပဋိစ္စသမုပ္ပါဒ်နှင့် အဘိဓမ္မာ စာအုပ်တို့ကို လက်ဆောင်ပေးလိုက်ပါသည်။ သူကား ပြင်သစ် ပြည်ရောက်လျှင် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် ဆောင်ရွက် မည့်သူ ဖြစ်ကြောင်း သိရ၍ ပေးလိုက်ခြင်း ဖြစ်ပါသတည်း။

မျက်နှာကို စေ့စေ့ကြည့်၊ ခပ်ထိထိပြောလာ၊
ပြင်သစ်သူပါ။

စာရှိတိုင်းခယုံပါ(တဲ့)၊ ဆင်ခြေမှာလွန်များ။
ထေရ်ဆရာရှောင်မရလို့၊ သဘောကို နိုင်းချိန်ဆ၊
ဟောမှငြိမ်သွား။

## (၂၈) သက်ဆုံးတိုင်ပင် မှတ်စေချင်

"အရှင်ဘုရား၊ တပည့်တော်တို့ ပြန်ကြ ရပါတော့မယ်။ တပည့်တော်တို့အား တသက်လုံး လိုက်နာသင့်တဲ့ အပြီးသတ် အဆုံးအမစကား မြွက်ကြားတော်မူပါ"

အထက်ပါစကားကို လျှောက်ထားသူကား ဩစတြီးယား ပြည်သား ဖြစ်ပါသည်။ သူကား မုက်ဆိတ်ဖွားဖွား၊ ကျင်စွယ် ကားကား၊ မျက်နှာထား ရှုတင်းတင်းနှင့် စကားနည်းသူ ဖြစ်ပါ သည်။ သူ့နာမည် လီယိုတီကောင်းစကိုင်း၊ အသက် ၃၂-နှစ် အလုပ်အကိုင်မှာ စက်ပြင်ဆရာတည်း။

သူသည် ဇနီးဖြစ်သူနှင့်အတူ ကန္ဒြဗောဓ ရိပ်သာသို့ ၁၁-၁၁-၇၀ ခုနေ့မှာ တရားအားထုတ်ရန် ရောက်လာပါသည်။ သူ့ဇနီးမှာ သူတို့နိုင်ငံ ရုံးတရုံးက အရာရှိဖြစ်ကြောင်း သိရ သည်။ သူတို့နှစ်ဦးလုံး အင်္ဂလိပ်စကား အထိုက်အလျောက်သာ တတ်ပါသည်။ သူတို့ မိခင် ဘာသာမှာ ဂျာမန်ဘာသာ ဖြစ် ကြောင်း သိရသည်။

ထုံးစံအတိုင်း သူ့အား အလုပ်ပေး တရားဟောသည်။ နောက်နေ့မှာ တရားစစ်မေးပါသည်။ ထိုအခါ "အရှင်ဘုရား မနေ့က ပြောတဲ့ထဲမှာ ကိလေသာပယ်ဖို့ တရားအားထုတ်ရတယ် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ရှုမှတ်

တိုးရရန် ကူညီပါဟု လာပြောပါသည်။ မိမိက အဖွဲ့ရုံးမှ ထောက်ခံစာတောင်းပြီးဆက်ဆောင်ရွက်ရန် ပြောလိုက်ပါသည်။

သူလည်း အဖွဲ့ရုံးမှ ထောက်ခံစာ ရယူပြီး မိမိထံ ပြန်လာသည်။ ဗီဇာရက် ထပ်တိုးပြီး ရယင် ဆက်အား ထုတ်ပါမည်။ ဗီဇာထပ်မရ၍ ပြန်ရလျှင်လည်း အရှင်ဘုရားကို လာနှုတ်ဆက်ပါမည်ဟုပြောကာ ကိုလံဘိုသို့ ထွက်ခွာသွားပါသည်။

နောက်တနေ့ နံနက်မှာ မျက်စိပျက် မျက်နှာပျက်နှင့် သူရောက်လာပါသည်။ အထုပ်အပိုးတွေပါ တပါတည်း ယူလာသည်။ သူ ဗီဇာရက် ထပ်မရကြောင်း မိမိက ရိပ်မိလိုက်သည်။

ဗီဇာရက် ထပ်မရကြောင်း၊ လာစဉ်က အသွားအပြန် လက်မှတ်နဲ့ လာတာ မဟုတ်ပဲ အလာ လက်မှတ်နဲ့သာ လာ၍ ယပ်မပေးကြောင်း၊ နှစ်ယောက်အတွက် လာစရိတ်မှာ မြန်မာငွေ တသောင်းကျော် ကုန်ကြောင်း၊ ပြန်ရတော့မည် ဖြစ်၍ တသက်လုံး လိုက်နာစရာ အပြီးသတ် အဆုံးအမစကား မြွက်ကြားပါမည့်အကြောင်း သူက လျှောက်ထားပါသည်။

တရားကို ကြိုးကြိုးစားစား လိုလို ချင်ချင် အားထုတ်ချင်ပါလျက်၊ ဗီဇာရက် ထပ်မရ၍ သူတို့ပြန်ရတော့မည်ကို သိရသဖြင့်၊ မိမိမှာ စိတ်မကောင်းဖြစ်မိပါသည်။

"ဒို့မြန်မာနိုင်ငံမှာတော့ လွယ်လွယ်နှင့် တရားအားထုတ်နိုင်ကြသည်။ သို့နှင့်တောင် တချို့မြန်မာတွေက တရားအားထုတ်ဖို့ စိတ်မပါကြဘူး။ ရနိုင်ခဲသော အခွင့်အရေးကို သက်သက်မဲ့ လက်လွှတ်ခံနေကြခြင်းပဲ။ နိုင်ငံခြားသားတွေမှာတော့ ငွေ

ထောင်နဲ့ သောင်းနဲ့ အကုန်ခံ လာရောက်ပြီး အားထုတ်ချင်တာတောင် စိတ်ရှိသလောက် အားမထုတ်နိုင်ကြရှာဘူး''ဟု တွေးမိကာ ငိုင်နေမိပါသည်။ ခဏကြာမှ သူ့ဇနီးကိုပါ သွားခေါ်ရန် ပြောလိုက်ပါသည်။

မကြာမီ သူ့ဇနီးတယောက်တည်း မိမိအခန်းထဲ ရောက်လာသည်။ မဆူမပိန်၊ မနိမ့်မမြင့်၊ အသားမှာဖြူပြီး နုနေသည်။ ''အရှင်ဘုရား၊ တပည့်တော်ကို ဘာပြောချင်ပါသလဲ''ဟု မေးလာသည်။

မိမိက လီယိုတီကောင်းစကိုင်း ဘယ်ရောက်သွားလဲ နှစ်ယောက်လုံးကို ဟောမှဖြစ်မည်ဟု ပြောလိုက်ရာ အဖြူမလေးလဲ အပြင်ထွက်ပြီး သူ့ယောကျ်ားကို လှမ်းခေါ်လိုက်ပါသည်။

ဒီတော့မှ တပည့်ကျော် ဩစတြေးယန်းမှာ ဆရာဖြစ်သူ မြန်မာရဟန်းကို အခန်းထဲမှာ သူ့ဇနီးချောနှင့် နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် ပြောချင်ရာ ပြောနိုင်ရန် တမင်ရှောင်ပေးကြောင်း ရိပ်မိလိုက်သဖြင့် 'ချောက်ကျစေမယ့် စေတနာပါကလား''ဟု တွေးမိပြီး ကျောချမ်းသွားပါသည်။

ထိုနောက် သူတို့နှစ်ယောက်လုံးအား ဝေဠုဒ္ဒါရေယျသုတ်အကျဉ်းချုပ်ကို ဤသို့ ဟောကြားပါသည်။

''အခါတပါးမှာ မြတ်စွာဘုရားဟာ ဝေဠုဒ္ဒါရရွာကို ရဟန်းတော်များနဲ့အတူ ရောက်လာတယ်။ အဲဒီအခါ ရွာသားတွေက ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့အား လူ့ဘောင်မှာ သားသမီး၊ ဇနီးမယား၊ ဆွေမျိုးသားချင်း၊ အခြွေအရံ၊ အသင်းအပင်းများနှင့်အတူ လူ့စည်း

စိမ်စံစားပြီးတော့လည်း နေနိုင်၊ သေပြီး နောက်ဘဝ ကျတော့လည်း ကောင်းရာဘုံဘဝ ရောက်နိုင်တဲ့ တရားဟောကြားတော်မူပါ''လို့ လျှောက်ထားကြတယ်။

''ဒါနဲ့ မြတ်စွာဘုရားက (၁) သူ့ အသက်သတ်ခြင်း၊ (၂) သူ့ဥစ္စာခိုးယူလုယက်ခြင်း၊ (၃) သူတပါး သားမယား ပြစ်မှားခြင်း၊ (၄) သူတပါး အကျိုးစီးပွား ပျက်ပြားအောင် လိမ်ပြောခြင်း၊ (၅) ချစ်ခင်သင့်မြတ်နေသူ နှစ်ဦးကို ကွဲပြားအောင် ကုန်းတိုက်ခြင်း၊ (၆) ကြမ်းကြမ်းတမ်းတမ်း ဆဲရေးခြင်း၊ (၇) အကျိုးမဲ့ အဓိပ္ပာယ်မဲ့စကားတွေ ပြောဆိုခြင်း၊ ဤတရား(၇)ပါးမှ ရှောင်ကြဉ်ပြီး ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအပေါ် ယုံကြည်မှုမြဲကြဖို့ ဟောကြားပါတယ်။

''အဲဒီတရား (၇)ပါးထဲမှာ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားမှုမှ ရှောင်ကြဉ်ဖို့ မပါလို့ ဆေးခြောက်လဲ ပြန်သောက်မနေနဲ့အုံး၊ အရက်သေစာ စသည် သောက်စားတာဟာ သူတပါးသားမယားအား ပြစ်မှားမှုထဲမှာ အကျုံးဝင်တယ်၊ သူလဲအပြစ်ရှိတယ်၊ ရှောင်ကြဉ်ရမယ်။

အထက်ပါတရား (၇)ပါးမှ ရှောင်ကြဉ်ရမယ် ဆိုတာဟာ လွယ်အောင်ပြောရယင် ငါးပါးသီလ စောင့်ထိန်းဖို့ပါပဲ။ ဘုရား တရား သံဃာ အပေါ်မှာ ယုံကြည်မှုမြဲဖို့ဆိုတာကလည်း အရိယာဖြစ်မှ ထာဝရတည်မြဲတယ်။ ဒါကြောင့် အရိယာဖြစ်အောင် ဝိပဿနာတရား အားထုတ်ဖို့ တိုက်တွန်းတဲ့ သဘောပါပဲ။

''သင်တို့ဟာကိုယ့်တိုင်း ကိုယ့်ပြည် ပြန်ရောက်ပြီး လူဝတ်နဲ့ ဆက်နေကြမယ်ဆိုယင်(၁) ၅ပါးသီလကိုမြဲအောင်စောင့်ထိန်းပါ

(၂) ရဘနာသုံးပါးအပေါ် ယုံကြည်မှုမြဲသည်အထိ အားထုတ်လက်စ တရားကို ဆက်အားထုတ်ကြပါ။ ဒါဟာ သင်တို့အတွက် တသက်လုံး လိုက်နာစရာ အမြိုးသတ် အဆုံးအမတရားပဲ'' ဟု ပြောကြားလိုက်ပါသည်။

"အရှင်ဘုရားနှင့် မသေခင် ပြန်တွေ့နိုင်လိမ့်အုံးမယ်လို့ မျှော်လင့်ပါတယ်'' ဟု နှုတ်ဆက်ကာ ရှိခိုးဝပ်ချပြီး သူတို့ဇနီးမောင်နှံ ထွက်ခွာ သွားကြပါတော့သည်။

စောင့်ထိန်းကြ ပဉ္စသီ၊ ခါးဝတ်ထည်အလား။
ဗုဒ်္ဓ၊ ဓမ်၊ သံ၊ ယုံကြည်မြဲအောင်၊ အားခဲကြများ။

## (၂၉) မကြွားလိုပါ

အဖြူယောဂီများအား ဟောပြောပြသရာ၌ အောင်မြင်မှုရှိသော အကြောင်းများကို ဖော်ပြခဲ့ပြီးပါပြီ။ သို့သော် လူသားတိုင်းသည် မိမိတို့ဆိုင်ရာ ဆောင်ရွက်စရာများကို ဆောင်ရွက်ရာ၌ အောင်မြင်မှုရှိသလို မအောင်မြင်မှုများလည်း ရှိစမြဲဖြစ်ပါသည့် မိမိသည်း လူတိုင်းထဲက ဖြစ်သဖြင့် ထိုနည်းလည်းကောင်း ပင်။

သို့ဖြစ်၍ မိမိ၏ အောင်မြင်မှုများကိုသာ ဖော်ပြပြီး၊ မအောင်မြင်မှုများကို မဖော်ပြပါက ကြွားရာ ရောက်နိုင်ပါသည်။ ထိုသို့ မဖြစ်ရလေအောင် မိမိ၏ မအောင်မြင်မှုများအနက် တခုကို နမူနာအဖြစ် ဖော်ပြပါအုံးမည်။

၁၀-၁၀-၈၀ နေ့က ပြင်သစ်အမျိုးသား ယောဂီတဦး ရောက်လာပါသည်။ သူသည် အခြားအနောက်တိုင်းသား များထက် ကိုယ်လုံးကိုယ်ထည်ရှေး၊အရုပ်အမောင်းပါ ပိုမိုထွားကျိုင်း မြင့်မားသည်။ အင်္ဂလိပ်စကားကို အထိုက်အလျောက် သာ ပြောတတ်သည်။ အခြားအဖြူယောဂီများထက်ပင် ပို၍ သန့်သန့် ရှင်းရှင်း နေတတ်သည်။

သူကား ဂျပန်ဇင်နည်းကို ၁၀-နှစ်တိတိ အားထုတ်လာသူ ဖြစ်ကြောင်း သိရသည်။မိမိညွှန်ပြသောနည်းကိုလည်း လေးလေး စားစား နာယူမှတ်သားသည်။ မေးခွန်းများလည်း မကြာခဏ မေးသည်။ အင်္ဂလိပ်ဝေါဟာရမသိလျှင် ပြင်သစ် အင်္ဂလိပ် အဘိဓာန်ကြည့်ပြီး ပြောသည်။

အလေ့အကျင့် တခုခု စွဲလာလျှင် ဖျောက်ဖို့ ခက်ကြောင်း ကိုယ်တွေ့ကြုံဖူးသည်။ မိမိသည် ကိုရင်ဘဝမှာ တရားအားထုတ် နည်း တနည်းကို နည်းနည်းပါးပါး စမ်း ကြည့် ခဲ့ ဖူး သည်။ ဖြစ်ဖြစ်မြောက်မြောက် အားထုတ်ခြင်းတော့ မဟုတ်ပါ။နောက် ဆက်အားမထုတ်ပဲနှစ်ပေါင်းများစွာပစ်ထားခဲ့ပါသည်။သို့သော် ရဟန်း ၅-၀ါအလွန်မှာ ရန်ကုန်သာသနာ့ရိပ်သာဝင်ပြီး မဟာ စည် နည်းအတိုင်း အားထုတ်ရာ ပစ်ထားသောနည်း ဝင်ဝင် လာ၍ အတော်ကသိကအောက် ဖြစ်ဖူးပါသည်။

ယင်းအတွေ့အကြုံအရ ပြင်သစ်ယောဂီအား ကိုယ်ချင်းစာမိ သည်။ သူလည်း ၁၀-နှစ်တိုင်တိုင် ဆက်တိုက်အားထုတ်လာသော နည်းကို ဖျောက်ဖို့လွယ်မည်မဟုတ်ပါဟု သဘောပေါက်ထား သည်။ ထို့ကြောင့် သူ့ကိုတဖြည်းဖြည်း သိမ်းသွင်း ပော

ကြားရင်း ကိုယ့်ဘက်ပါအောင် ကြိုးစားကြည့်ပါသည်။ မိမိပြောသမျှကို လေးလေးစားစား နားထောင်သည်။ သို့သော် အနိစ္စ၊ ဒုက္ခ၊ အနတ္တအကြောင်း ပြောတိုင်း ပြောတိုင်း သူနှင့် အငြင်းအခုံဖြစ်ပြီး၊ ဆွေးနွေးပွဲ ရပ်ဆိုင်းပစ်ရလေ့ရှိသည်။

သူတို့သည် တခုခုကို သဘောမပေါက်လျှင် ထပ်ခါထပ်ခါ မေးလေ့ရှိသည်။ အခုလည်းသူက "သူ သဘောပေါက်သည် အထိ အနိစ္စ၊ ဒုက္ခ၊ အနတ္တအကြောင်းရှင်းပြပါအုံး"ဟု ထပ်ကာထပ်ကာ ပြောလာသည်။ ရှင်းပြတိုင်းလည်း အငြင်းအခုံ ဖြစ်သည်။ နောက်ဆုံးမတတ်သာ၍ ဆရာကြီး ဦးဖေမောင်တင်၏ အနတ္တလက္ခဏသုတ် ဘာသာပြန်ကို ပါဠိတကျော့၊ အင်္ဂလိပ်ဘာသာပြန်တကျော့ ဖတ်ပြသည်။ သူအင်္ဂလိပ်ဝေါဟာရ သိပ်မသိ၍ အချို့စာပိုဒ်များကို အလွယ်ဆုံး အင်္ဂလိပ်စကားဖြင့် ဖော်နိုင်သမျှပြန်ရှင်းပြရသည်။

ဤနည်းဖြင့် ရှင်းပြရာ အနတ္တလက္ခဏသုတ် တသုတ်လုံးသာ ကုန်သွားသည်။ သူကတော့ အပြည့်အဝ သဘောမကျသေး။ အရှင်ဘုရားဟောပြောတာကို စာတွေ့သဘောအရတော့ လက်ခံပါသည်။ ကိုယ်တွေ့သဘောအရတော လက်မခံနိုင်ပါဟု ပွင့်ပွင့်လင်းလင်းပဲ ပြောပါသည်။

အခြားသူများမှာ မိမိညွှန်ပြသည့်အတိုင်း တပတ်ခန့် အားထုတ်လိုက်ရုံနှင့် ရှင်းပြသမျှကို လက်ခံပါသည်။ သူ့ကိုတော့ တလနီးပါးကြာအောင်ဟောတာတောင် မရပါ။ မိမိညွှန်ပြသည့် နည်းအတိုင်း သူအပြည့်အဝ လိုက်နာအားထုတ်မှု မရှိကြောင်း သိရှိထားပြီး ဖြစ်ပါသည်။

သူ့ကိုဆွဲဆောင်လို့ရလိုရငြား သီးခံဟောကြား လာခဲ့ခြင်းသာ ဖြစ်ပါသည်။ ဟာလပြည့်လာပြီ။ သူကတော့ သဘောထားမပြောင်းသေးပါ။ အနိစ္စအကြောင်း စကားစပ်တိုင်း ငြင်းရခုန်ရတုန်းပင်။ သို့သော်စိတ်တော့ မဆိုးပါ။ ဆွေးနွေးပွဲပြီးယင်ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပင် ဆက်ဆံပါသည်။

နောက်ဆုံးတော့ မတတ်သာ၍ ပြောင်ဖွင့်မေးရသည်။

"ခင်ဗျားနဲ့ လူချင်း တွေ့လာတာ တလတောင်ရှိလာပြီ။ ပွင့်ပွင့်လင်းလင်းပဲမေးမယ်။ ဦးပဥ္စင်းညွှန်ပြတဲ့နည်းကိုပဲ ခင်ဗျားအားထုတ်သလား၊ အယင်အားထုတ်လာခဲ့တဲ့ ဇင်နည်းကိုပဲ ခင်ဗျား အားထုတ်သလား"

သည်တော့မှ သူကရယ်ပြီး "စရှုမှတ်ခါစမှာတော့ အရှင်ဘုရားပြောသလို ရှုမှတ်ပါတယ်။ ဒါပေမယ့် မကြာခင်တပည့်တော်နည်းကိုပဲ တပည့်တော် ပြန်အားထုတ်ပါတယ်"ဟု သူကလည်းအမှန်အတိုင်း ပြောပါသည်။

ထို့ကြောင့် "ခင်ဗျားနည်းနဲ့ ခင်ဗျား အားထုတ်တဲ့အခါ ဖြစ်ပုံကို ပြောပြစမ်းပါအုံး"ဟု မေးကြည့်သည်။

"တရားထိုင်လိုက်လို့ မကြာခင်မှာ ပတ်ဝန်းကျင်တခုလုံးကို ဘာမှသတိမရ၊ မိမိကိုယ်ကိုလည်း သတိမရ၊ နှစ်သက်မှု မနှစ်သက်မှု ဘာမှမရှိပဲ စိတ်ငြိမ်နေတာလေးတခုပဲရှိတယ်။ အဲဒီ ငြိမ်နေတဲ့ စိတ်ကလေးကလည်း အထိုင်ဖြုတ်မှ ပျောက်သွားတယ်။ အရှင်ဘုရားပြောသလို 'ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်' မဟုတ်ဘူး။ ဒါကြောင့် အရှင်ဘုရား ပြောတဲ့ အနိစ္စကို စာတွေ့သဘောအရပဲ လက်ခံတယ်။ ကိုယ်တွေ့သဘောအရ လက်မခံကြောင်း ပြောခဲ့တာပဲ"ဟု သူက ရှင်းပြပါသည်။

သူ့ပြောစကားအရဆိုလျှင် သမာဓိလွန်နေကြောင်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားသော တရားတော်များကို အကျဉ်းချုပ်လိုက်ယင် "သီလ၊ သမာဓိ၊ ပညာ" သိက္ခာ ၃-ပါးရကြောင်း၊ ရှေးဦးစွာ ပြောပြသည်။ ပြီးမှ မဟာသတိပဋ္ဌာနသုတ် သမ္မာသမာဓိဆိုင်ရာ ပါဠိတော်ကို ပါဠိတကျော့ အင်္ဂလိပ်တကျော့ ဖော်ပြပါသည်။

'ဈာန်'ဆိုသော ဝေါဟာရကို မသုံးပဲ၊ သမာဓိ၏ ပထမအဆင့်မှာ ဘယ်အခြေအနေ၊ ဒုတိယ၊ တတိယအဆင့်မှာ ဘယ်လိုအခြေအနေရှိသည်ကို စာတွေ့သဘော ရှင်းပြပါသည်။ သည်အထိ သူ ဘာမျှမပြော၊ ငြိမ်နေသည်။

စတုတ္ထအဆင့် အခြေအနေ ရှင်းပြ ပြီးသောအခါ သူက "အဲဒီအတိုင်း ဖြစ်နေပါတယ်"ဟု ဆိုလာပါသည်။ ဟုတ်မဟုတ်တော့ မိမိလည်း မသိနိုင်ပါ။ သူနှင့် တရားဆွေးနွေးစဉ်ကာမဟုတ် အငွေ့အသက်ပါသော အပြောအဆိုမျိုးကိုတော့ ပြောသံမကြားခဲ့ရပါ။

"ဒီလိုဆိုယင် သိက္ခာ ၃-ပါးမှာ သမာဓိ အဆင့်လောက်ပဲ ရှိလိမ့်မယ်၊ ပညာစခန်း မရောက်သေးဘူး"ဟု မိမိက ပြောလိုက်ပါသည်။

သည်တော့မှ "တပည့်တော် တရား မပြည့်စုံသေးကြောင်း ဝန်ခံပါသည်"ဟု သူက ဆိုပါသည်။ ထိုသို့ ဝန်ခံသော်လည်း သူရိပ်သာမှ ပြန်သွားသည်အထိ သူ၏ ဇင်အစွဲကိုတော့ ပြုတ်အောင် ဟောလို့ မရခဲ့ပါ။

အရာရာ ငါလုပ်ဆောင်၊ အောင်စမြဲ။
ဒီလိုသာ ဖွင့်ဟပြော၊ ကြားသောသူပဲ။

## ၃၀-နောက်ဆုံး ယောဂီ

၁-၁-၈၁ခု နေ့က ဂေါ်တန်ဂူသရီးဆယင် အမည်ရှိ အသက် ၃၂-နှစ်အရွယ်၊ အဖြူယောဂီ တဦး ရောက်လာပါသည်။ (တိုင်းပြည်နှင့် လူမျိုးကို တမင်ချန်ထားသည်။)

မိမိတွေ့ဆုံခဲ့ရသော အဖြူယောဂီများမှာ မုတ်ဆိတ်ဖားလျား ကျင်စွယ်ကားကား၊ ပါးသိုင်းမွေးဗလပွ၊ ဆံကေသာ ထူလ ပျစ်နှင့် မြင်ရသူ စိတ်ညစ်ဖွယ်အသွင်မျိုးတွေသာ များပါသည်။

သို့သော် အသစ်ရောက်လာသူ တပည့်ကျော် ဂေါ်တမ်ကား တမူထူးနေသည်။ မုတ်ဆိတ်ကျင်စွယ်နှင့် ပါးသိုင်းမွေးများကို တရက်တခါလောက် ရိတ်ပယ်သည်။ ဗိုလ်ကေကိုလည်း ခပ်တိုတို ကြည့်ကောင်းရုံ သပ်သပ်ယပ်ယပ် ညှပ်ထားပါသည်။ အဝတ် အထည်များကိုလည်း တနေ့တခါ ဖွပ်လျှော်ပြီး ဖြူဖြူစင်စင် ဝတ်ဆင်လေ့ရှိပါသည်။ ကိုယ်လုံးကိုယ်ပေါက်နှင့် အရပ် အ မောင်းမှာ အဖြူအမျိုးသားချင်း နှိုင်းယှဉ်လျှင် အလယ်အလတ် သာ ရှိသည်၊

သူသည် မိမိကိုတွေ့လျှင် တွေ့ချင်း ရင်းရင်းနှီးနှီး ဆက်ဆံ သည်။ သူ့အမူအရာမှာ ကွဲကွာနေသော ဆွေမျိုးရင်းချာကို တွေ့ရသလိုပင်၊ အခက်အခဲ တခုခုကြောင့် အားကိုး အားထား ပြုချင်နေသော ပုံမျိုးလည်း ပေါ်နေပါသည်။

အခြားယောဂီများအား ဟောကြားသော အစီအစဉ်အတိုင်း သူ့ကိုလည်း အလုပ်ပေးတရား ဟောကြားပါသည်။ သူသည် အင်္ဂလိပ်စကားပြောသောလူမျိုး ဖြစ်ပါလျက် မိမိက အင်္ဂလိပ်

လို ငါးခွန်းလောက် ပြောလျှင် သူက နှစ်ခွန်းလောက် ပြန်ပြန် မေးနေပါသည်။

သူ ပြန်မေးလွန်း၍ မိမိမှာ အင်္ဂလိပ်အသံထွက် မှားနေသည့်ထင်ပြီး အတော်သတိထားလျက် တလုံးချင်း ပီပီသသ ဖြစ်အောင် တတ်နိုင်သလောက် ကြိုးစားပြောပါသည်။ မရပါ။ သူကတော့ မကြာခဏ ပြန်မေးမြဲ မေးနေပါသည်။

တခါတခါလည်း နားထောင်နေယင်း ငိုင်ငိုင် သွားတတ်ပါသည်။ အားထုတ်၍ တပါတ်ခန့် ကြာလာသည်အထိ အာရုံနှင့် မှတ်စိတ်တောင် မကပ်သေး။

မိမိက "တရားအားထုတ်ရတာ ကောင်းရဲ့လား" ဟု မေးကြည့်ရာ၊ "အိမ်ကို စိတ် ပြန်ပြန်ရောက်နေတာ၊ ဘယ်လိုလုပ်ကောင်းနိုင်မလဲ၊ အရှင်ဘုရားနဲ့ စကားပြောနေယင်းတောင် စိတ်က အိမ်ပြန်ပြန်ရောက်သွားသေးတယ်" ဟု ပြောပါသည်။

ဒီတော့မှ မိမိပြောသော အင်္ဂလိပ်စကားကို သူပြန်မေးနေသည့် အကြောင်းမှန်ကို သိရပါတော့သည်။ "ဘာဖြစ်လို့ အိမ်ပြန် ရောက်ရောက် သွားရတာလဲ" ဟု ထပ်မေးကြည့်သည်။ ထိုအခါ တပည့်ကျော် ဂေါ်တန်က သူ့အဖြစ်ကို ရင်ဖွင့်ပြောကြား ပါတော့သည်။

သူသည် မြို့ကြီးသား အိမ်ထောင်ရှင်ဖြစ်သည်။ သူ့ဇနီးကို အလွန်ချစ်သည်၊ သူ့ဇနီးကမူ သူ့ကို မချစ်တော့။ အခြားအသစ်တယောက်နှင့် ပြောင်ပြောင်ပင် ဖောက်ပြားနေသည်။ သူ့ထံမှ တရားဝင် ပြတ်စဲခွင့်ကိုပင် တောင်းနေသည်။သို့သော် သူက သူ့ဇနီးကို မပြတ်နိုင်၊ ချစ်တုန်းချစ်ဆဲပင်။

စိတ်ပြေလက်ပျောက်ဆိုသလို အိန္ဒိယသို့ သွားရောက်ခဲ့သည်။ ဟိန္ဒူယောဂအကျင့်ကို အတော်ကြာအောင် အားထုတ်ကြည့်သည်။ သို့သော် သူ့ဇနီးအပေါ် စွဲလန်းစိတ်ကို မဖျောက်နိုင်ခဲ့ပါ။

ထို့ကြောင့် ဤ ရိပ်သာသို့လာပြီး ဝိပဿနာတရား အားထုတ်သည်။ တပတ်လောက်ရှိလာပြီ၊ ဇနီးအပေါ် စွဲလန်းစိတ်ကတော့ လုံးဝမပျောက်သေးပါ။ အနေဝေး၍ ပိုတောင်ဆိုးလာပါသေးသည်တဲ့။

"အရှင်ဘုရားကို အားကိုးပြန်တော့လည်း အရှင်ဘုရားတရားက တနေ့လာလဲ ဖောင်းတာ ပိန်တာ၊ ထိုင်တာ ထိတာ၊ သွားတာ၊ ရပ်တာ မှတ်ခိုင်း၊ နောက်တနေ့လဲ ဒါပဲ မှတ်ခိုင်းနဲ့ ဒီအတိုင်းဆို မဖြစ်သေးပါဘူး၊ တရားအသံအဆန်း ကလေးများလဲ ဟောပါအုံး"ဟု ပြောလာပါသည်။

သူ့ကို အလွန်သနားသွားသည်။ သူ့ရုပ်ရည်၊ သူ့အမူအရာ သူ့ပြောပုံဆိုပုံနှင့်သာ မြန်မာပြည်မှာ မြန်မာလူမျိုး ဖြစ်ပါက ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်နိုင်ပါသည်။ ယခုတော့ ပျိုတိုင်းကြိုက်ဖို့ဝေးစွ၊ ရှိရင်းစွဲလေးတောင် လက်လွတ်နေရရှာသည်။ သူ့ဇနီးအပေါ် စွဲမက် စိတ်မပျောက်ယင် တသက်လုံး သူ စိတ်ဒုက္ခ ရောက်ရှာတော့မည်။

ထို့ကြောင့် သူ့ဇနီးအပေါ် စွဲမက်စိတ်ပျောက်အောင် တရားဟောဖို့ အကြံအဖန် လုပ်ရသည်။ ဇနပဒကလျာဏီအပေါ် စွဲမက်နေသူ နန္ဒရဟန်းအား မြတ်စွာဘုရား တရားဟောပုံကို သတိရမိသည်။ သို့နှင့် သူ့ကို စာရွက်တရွက် သွားယူခိုင်းသည်။

သုံးဆယ့်နှစ်ကောဋ္ဌာသကို အင်္ဂလိပ်လို ကူးခိုင်းသည်။ ယင်းကို အရကျက်ပြီးမှ တရား ဆက်အားထုတ်ဖို့ မှာပြီး လွှတ်လိုက်ပါသည်။

နောက်နေ့တရားစစ်ချိန်၌ သူ့အား ကျက်ခိုင်းထားသော သုံးဆယ့်နှစ်ကောဋ္ဌာသ ရ·မရ မေးကြည့်ရာ သူက ရကြောင်း ပြန်ပြောပါသည်။ ထိုအခါ မိမိက-

"ဂေါတမ်ဆိုတာ ဆံပင်သက်သက်ကို ခေါ်သလား မွေးညှင်းသက်သက်ကို ခေါ်သလား" စသည်ဖြင့် ကိုယ့်ဖာသာ ကိုယ် မေးခွန်း ၃၂-မျိုးမေးပါ။ ဤနေ့ ညနေတညနေလုံး တရားမမှတ်ပဲ၊ ယင်းမေးခွန်းများကိုသာ ထပ်ကာ ထပ်ကာမေး နေပါ"ဟုပြောပြီး ပြန်လွှတ်လိုက်ပါသည်၊

နောက်တနေ့၌ သူ့အမူအရာ အနည်းငယ်ပြောင်းလာသည်။ ခါတိုင်း မိမိပြောယင် ပြုံးပြီး နားထောင်လေ့ရှိသည်။ ယခုမူ ခပ်ဘည်တည် နားထောင်သည်။ မိမိက မေးခိုင်းတဲ့အတိုင်း မေးခွန်းတွေ မေးကြည့်တော့ ဂေါတမ်ဆိုတာ တွေ့ရဲ့လား၊ ရှိရဲ့ လားဟု မေးကြည့်သည်။

"မေးခွန်းမေးနေဆဲမှာတော့ ဂေါတမ်မရှိဘူး။ ခုလိုအလုပ်မဲ့ နေယင် ပြန်ရှိလာတာပဲ"ဟု သူကဖြေပါသည်။

"ကိစ္စမရှိဘူး၊ အရိယာမဖြစ်သေးယင် ငါ သူတပါး ယောကျ်ား မိန်းမ ရှိတယ်ဆိုတဲ့ အစွဲဟာ အမြဲတန်းမပျောက် သေးဘူး၊ ဆင်ခြင်တဲ့အခါမှာ ပျောက်ယင်ပဲ တော်လှပါပြီ"ဟု ပြောပြီး တရားဆက်ဟောပါသည်။

"ချမြင်နေရတဲ့ သဏ္ဌာန်ကြီးကိုအစွဲပြုပြီးဂေါတမ်လို့ခေါ်နေခြင်းပဲ။ ဒါပေမယ့် ဆံပင်တစု၊ မွေးညှင်းတစု၊ ခြေသည်းလက်သည်းတစု စသည်ဖြင့် တခုစီတခုစီ ခွဲပြီး ကြည့်လိုက်တော့ ဂေါတမ် မရှိဘူးဆိုတာ သင်ကိုယ်တိုင် ရိပ်စားမိလာပြီ။ သင်မရှိသလို၊ သင့်ဇနီးလည်း မရှိဘူး။ သင်စွဲမက်နေတဲ့ သင့်ဇနီးရဲ့ကိုယ်ဟာလဲ ဒီ သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေး မျှသာ ဖြစ်တယ်။

"နောက်ပြီး ဒီကိုယ်ကောင်ကြီးဟာ ဘာမှ တင့်တယ်တာမဟုတ်ဘူး၊ မသေခင်ပြုပြင်နိုင်၊ ချယ်သနိုင်လို့သာ တင့်တယ်တယ်ထင်နေရတာ၊ တကယ်တင့်တယ်တာ ဘာမှမရှိဘူး။

"မျက်စိပေါက်ကလည်း မျက်ရည်တွေ မျက်ချေးတွေ၊ နှာခေါင်းပေါက်ကလည်း နှပ်တွေ နှပ်ချေးတွေ၊ နားပေါက်ကလည်း နားဖါချေးတွေ၊ ပါးစပ်ကလည်း တံတွေးတွေ၊ ကျင်ငယ်ပေါက်ကလည်း ကျင်ငယ်တွေ၊ ကျင်ကြီးပေါက်ကလည်း ကျင်ကြီးတွေ နေ့စဉ် ယိုထွက်နေကြတယ်။ တိုတိုပြောရယင် ဒီတကိုယ်လုံးက ထွက်သမျှဟာ ဘာတခုမှ တင့်တယ်တာ မဟုတ်ဘူး။

"ပမာက္ခာ၊ ငါးသေလေးတကောင်ကို သင်ရတယ်ဆိုကြပါစို့။ အဲဒီ ငါးသေကလေးကို ဈေးမှာသွားရောင်းယင် တကျပ်တပြား ရနိုင်တယ်။တယောက်ယောက်ကို အလကား သွားပေးယင် မင်းကို ကျေးဇူးတင်မယ်။ ကဲ...မင်းမှာ လူသေတကောင်ရလို့ သူများကို သွားပေးယင် ဒါမှမဟုတ် သွားရောင်းယင် ဘယ့်နှယ်နေမလဲ၊ မင်းကိုသူများက ရိုက်တောင် လွှတ်လိုက်အုံးမယ်။

"ဒါ့ကြောင့် ဒီကိုယ်ကောင်ကြီးဟာ ငါး သေ တ ကောင် လောက်တောင် တန်ဖိုးရှိတာမဟုတ်ဘူး။ မသေခင် ပူပြင်နိုင် လို့သာ တန်ဖိုးရှိတယ်ထင်နေရတာ။ တို့ကိုယ်ကောင်ကြီးတန်ဖိုး မရှိ၊ မတင့်တယ်သလို၊ မင်းဇနီးရဲ့ ကိုယ်ဟာလည်း ဒီအတိုင်းပဲ။ ဒီလို ငါးသေလောက်မှ တန်ဖိုးမရှိတဲ့ မင်းဇနီး အကျင့်ပျက်ကို စွဲမက်နေတာဟာ မင်းမိုက်ရာမကျပေဘူးလား"

အထက်ပါအတိုင်း ရှင်းပြလိုက်သောအခါ ဂေါ်တမ်မှာ လက်ခုပ်တီးပြီး၊ ဟက် ဟက်ဟက်ပက် ရယ်ပါတော့သည်။ အတန် ကြာမှ "တရားရှုထောင့်ဘက်က ကြည့်ယင် သေးတွက်အောင် မှန်ပါပေတယ်"ဟု ပြောပါသည်။

"ယောဂီပဲ၊ တရားရှုထောင့်ဘက်ကမကြည့်လို့ ဘယ်ရှုထောင့် ဘက်က ကြည့်ချင်သေးလို့လဲ"ဟု မိမိက ပြန်မေးပါသည်၊ သူက ဘာမှပြန်မပြောတော့ပါ။ သဘောပေါက်သည့် ဟန်ဖြင့်ပြုံးပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေပါသည်။

ထိုတရားပွဲပြီးကတည်းကသူသည် ဝိပဿနာတရားကို ကြိုးကြိုး စားစား အားထုတ်ပါတော့သည်။ ယွေ့ယွေ့ထူးထူးတောင် သိပ်မမေးတော့ပါ။

သူတရားအားထုတ်၍ ၂၂-ရက်မြောက်၌ မိမိမှာ ကျန်းမာရေး အခြေအနေကြောင့် ကိုလံဘိုသို့ ပြောင်းဖို့ စီစဉ်နေစဉ် သူလာပြီး ဝမ်းနည်းစကား ပြောကြားပါသည်။

"တပည့်တော်ကို စိတ်ပြောင်းသွားအောင် တရားဟောကြား ပြီးမှ အရှင်ဘုရား ဒီကထွက်ခွာတော့မယ်ဆိုလို့ တပည့်တော် စိတ်မကောင်းပါ။ အကူအညီလိုက ကူညီပါရစေ"ဟု ပြောလာ ပါသည်။

"သင့်ကို စာတွေ့သဘောတွေ တော်တော်များများ ဟော ကြားထားပြီးပြီ။ လက်တွေ့အားထုတ်နည်းကိုလည်း တော်တော် စုံအောင် ညွှန်ပြပြီးပြီ။ သူတို့ကလည်း ဆက်လက် ညွှန်ပြကြပါ လိမ့်မယ်။ လက်တွေ့ အသိဉာဏ်ရအောင် ကြိုးကြိုးစားစား အားထုတ်ပါ၊ဉာဏ်စဉ်တက်ပြီး အမြင်မှန်ရလာလေလေ၊ မင့်ဇနီး အပေါ် စွဲမက်စိတ် လျော့ပါးလာလေလေ ဖြစ်ပါလိမ့်မယ်"ဟု မိမိက အားပေးစကား ပြောကြားခဲ့ပါသည်။

သူကား ကန္တာရဗောဓိရိပ်သာ၌ မိမိတရားဟောကြား ပြသခဲ့ ရသော နောက်ဆုံးအဖြူယောဂီပင် ဖြစ်ပါသတည်း။

ကြုံရလေချစ်တပည့်၊ ကြားရသည့်ငါဆရာ၊သနားလှပါ။
ဘာဝနာ၊ ဆက်ကာပရှုစမ်း။
အမြင်မှန် ဉာဏ်စဉ်တက်ယင်၊ မင့်ချစ်သူအကျင့်ပျက်ကို၊
စွဲမက်စိတ်ခန်း။

## လှမ်းကြွကြွနေခဲ့

မိမိသည် ကန္တာရဗောဓိရိပ်သာ၌ ၁၂-၇-၈၀ နေ့မှ ၂၄-၁-၈၁ နေ့ထိ ၆-လနှင့် ၁၂-ရက် နေခဲ့သည်။ ထိုရက်များအတွင်း ရောက်ပြီး ၄-လခန့်သာ ကျန်းမာရေး အခြေအနေ ကောင်းပါ သည်။ နောက်ပိုင်းမှာ ကျန်းမာရေးအခြေအနေ ယိုယွင်းလာ ပါသည်။

ပို၍ဆိုးသည်မှာ အသားဝါ၊ အသည်းယောင် ရောဂါကို ရိုးရိုးဗိုက်ပွလေနာထသည်ထင်မိခြင်းပင်၊ အနာတခြား ဆေးဝါး ခတ်စာတခြားဖြစ်ကာ၊ ကုလားပြည်မှာ သေကံမရောက်၍သာ

အသက်မပျောက်ခဲ့ခြင်း ဖြစ်ပါသည်။ ရောဂါဖြစ်စမှာ မိမိသာမက မြန်မာဆရာဝန်များပါ အသားဝါအသည်းယောင် ရောဂါမှန်း မသိခဲ့ကြ။ ၂-လနီး ကြာ၍ အခြေအနေ ပြင်းထန်ဆိုးမှ သိကြရသည်။

ယိုယွင်းလာသော မိမိ၏ကျန်းမာရေး အခြေအနေကြောင့် (၂၄-၁-၈၁) ညနေ တရားစစ်ပြီးချိန် ၅-နာရီမှာ ကိုလံဘို မြန်မာကျောင်းသို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ကန္ဒုဗောဓရိပ်သာ ဆရာတော်ကြီးနှင့် သူ့တပည့်များအား အောက်ပါပစ္စည်းများကို လှူဒါန်းထားခဲ့ပါသည်-

(၁) မြန်မာပြည်မှ ပါလာသော နိုင်လွန် သပိတ်အိတ်နှင့် မြန်မာသပိတ်တလုံး၊ (သူတို့ငွေနှင့် ၂၀၀ိ ကျော်တန်သည်)။ (၂) မြန်မာ နှစ်ထပ်သင်္ကန်းတထည်၊ သီဟိုဠ် နှစ်ထပ်သင်္ကန်း တထည်။ (၃) သီဟိုဠ်သင်္ကန်း ဒွိစုံနှစ်စုံနှင့် သင်းပိုင် နှစ်တည်။ (၄) မြန်မာဘုန်းကြီးဆောင်း ထီးတလက်၊ (သူတို့ငွေနှင့် ၁၀၀ိ ကျော်တန်သည်)။ (၅) ၇၅-ကျပ် တန် ဂျပန်ဖိနပ်တရံ (သူတို့ငွေနှင့် ၁၅၀ိ ခန့်တန်)။ (၆) သီဟိုဠ်ဘုန်းကြီးဆောင်း ပိုးထည်တို့အပြင် နို့မှုန့်ဗူး၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ စသော သူတို့ လှူထားသမျှအားလုံး နီးပါး ပြန်လှူထားခဲ့ပါသည်။

မိမိအတွက် ဓမ္မဒူတာငွေ ၇၂၄ ကျပ်၊ (မြန်မာငွေ ၃၆၂ ကျပ် ခန့်) သီဟိုဠ်ကောသီ တထည်၊ နှစ်ထပ်သင်္ကန်း ကာယည်၊ သင်္ကန်းနက်သား ဆင်းတုဥာဏ်တော် ၄-လက်မခန့် တဆူ၊ ဆရာတော်ဘုရားကြီးအတွက် သင်္ကန်းနက်သား တောင်ဝှေးတချောင်း မိမိအတွက် ရင်းတောင်ဝှေးမျိုးတချောင်းတို့ကိုသာယူခဲ့ပါသည်။

ကိုလံဘိုမြန်မာကျောင်းမှာ ၈-ရက်ခန့်နေခဲ့သည်။ မြန်မာ ဘုန်းကြီး နှစ်ပါး၊ သံရုံးအရာရှိ တဦးနှင့် မြန်မာဆရာဝန် အချို့တို့က မိမိကိုမပြန်ပဲ ကိုလံဘိုမှာဆက်နေရန် ပြောကြပါသေးသည်။

သို့သော် အခြေအနေမပေး၍ သံရုံး တတိယ အတွင်းဝန် ဦးအေးကျော်လွင်အား မိမိမြန်မာပြည် ပြန်နိုင်ရန် အမြန်ဆုံး စီစဉ်ပေးဖို့ အကူအညီတောင်းရပါသည်။

မြန်မာသံအမတ်ကြီးနှင့်တကွ မြန်မာသံရုံးအမှုထမ်း မိသားစု တို့ကပါ တတ်နိုင်သမျှ အကူအညီ ပေးလိုက်ကြပါသည်။ အထူး သဖြင့် ဦးအေးကျော်လွင်မှာ မိမိပစ္စည်းများကို ကိုယ်တိုင် သယ် ယူပြီး လေယာဉ်ထွက်ခွာခါနီးအထိ လိုက်လံကူညီပေးပါသည်။

ဤသို့ဖြင့် ၃၀-၁-၈၁ နေ့ သီဟိုဠ်စံတော်ချိန် ၁-နာရီ ၁၅-မိနစ်မှာ ယိုးဒယားဂျက်လေယာဉ်ဖြင့် သီရိလင်္ကာမှ ထွက်ခွာ ခဲ့ပါသည်။ ထိုနေ့ညနေ သီဟိုဠ်စံတော်ချိန် ၄-နာရီ ၁၅-မိနစ် ခန့် (ယိုးဒယားနာရီ ၅း၄၅ နာရီ)ခန့်မှာ ယိုးဒယား လေဆိပ်သို့ ဆိုက်ရောက်သည်။

သီဟိုဠ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ သံကြိုးရိုက် အ ကြောင်းကြားမှုကြောင့် ထိုင်းနိုင်ငံ မြန်မာသံရုံးမှ ဦးမြင့်သန်းက ဆီးကြိုပြီး အစစ အရာရာ ကူညီလုပ်ဆောင်ပေးသည်။

ဘန်ကောက်မြို့ ဝိတိုရိယ ဟော်တယ်တွင် တည်းခိုရသည်။ လေဆိပ်မှ ဟော်တယ်ထိ အသွားအပြန် ကားငှားခ၊ ယိုးဒယား ဘတ်ငွေ ၁၈ ပေးရသည်။ ည ၈-နာရီ ၃၀မှ နံနက် ၈နာရီ ၃၀ ထိတည်းခိုခသက်သက် ယိုးဒယားဘတ်ငွေ ၄၅၀-ကျသည်။ ဟော်တယ်ရှိ ဈေးနှုန်း အနည်းဆုံး အစာဖြစ်သော ဘဲဥတလုံး

အတွက် ယိုးဒယားဘတ်ငွေ ၁၂-ဘတ်ဈေးရှိသည်။ တရားဝင်လဲ နှုန်းအရ မြန်မာငွေ တကျပ်လျှင် ယိုးဒယားဘတ်ငွေ ၄ ဘတ် ဖြစ်သည်။ သီဟိုဠ်မှ မလေ့သာမရှောင်သာ လိုက်ပါလာ သော အမေရိကန် ဒေါ်လာ ၃၀-ဒေါ်လာကား ယိုးဒယား မှာပင် ပျောက်နေရစ်ခဲ့ပါသည်။

နောက်တနေ့ ၃၁-၁-၈၁ နံနက်၊ ယိုးဒယား စံတော်ချိန် ၁၁း၃၀ နာရီမှာ ယိုးဒယားလေဆိပ်မှ ထွက်ပြီး မြန်မာနိုင်ငံ ရန်ကုန်လေဆိပ်သို့ ၁၂း၃၀ နာရီ (မြန်မာစံတော်ချိန် ၁၂ နာရီ)မှာ ပြန်ရောက်ခဲ့ပါသည်။

မိမိသည် ယယ်စဉ်ကပင် ရှေးအခေါ် သီဟိုဠ်၊ ယခုအခေါ် သီရိလင်္ကာသို့ သွားချင်ခဲ့သည်။ တကယ်တန်း ရောက်သွားပြီး သော အခါ၌မူ "တခါရောက်က တခေါက်မသွားချင်" ဆို သလို ဖြစ်ခဲ့ပါသည်။ သို့သော် သွားလိုသူများအား အောက်ပါ ကဗျာကလေးကို လက်ဆောင်ပါးလိုက်ပါသတည်း။

ရေပြာပြာရစ်စိုင်းလို့၊ ရှုလိုက်တိုင်း လွမ်းဖွယ်ရာ၊
ကျွန်းမြတ်လင်္ကာ။
အုန်း လက်ဖက် ရာဘာ၊ တိုက်တာတွေ လွန်ပေါ။
သာသနာရောင်ဝါထွန်းလို့၊ မြတ်စွယ်တော် စံပျော် မြန်းတယ်၊
လှမ်းကြွကြွနော။

## အစီရင်ခံလွှာ

မြန်မာနိုင်ငံ ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ၁၀-ရက်မြောက် (၁၀-၂-ဂ၁)နေ့မှာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့မှတဆင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးထံ၊ အောက်ပါ အစီရင်ခံစာကို တင်သွင်းပြီး မိမိ၏နိုင်ငံခြား သာသနာပြု အတွေ့အကြုံအမှတ် (၁)ကို အပြီးသတ်လိုက်ပါသတည်း။

နေ့စွဲ။ ၁၀-၂-ဂ၁

သို့

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး

တဆင့်

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့

အမှတ် ၁၆-သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

တပည့် ရှိသေစွာ လျှောက်ထား အစီရင်ခံပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား....

တပည့်သည် ဆရာတော်ဘုရား၏ချီးမြှောက်မှုကြောင့် ၁၂-၇-ဂ၀ နေ့တွင် သီရိလင်္ကာနိုင်ငံ ကန္ဒုဗောဒ ရိပ်သာသို့ ရောက်ရှိခဲ့ပါသည်။

၁၃-၇-ဂ၀ နေ့မှ စ၍ နိုင်ငံခြားသား ယောဂီများအား အင်္ဂလိပ်ဘာသာဖြင့် တရားပြ၊ တရားဟော၊ တရားစစ်ခဲ့ရပါသည်။ လစဉ် တနင်္ဂနွေနေ့တိုင်း သီဟိုဠ်ပရိသတ်အား တရားဟောပြောခဲ့ရပါသည်။

ကန္ဒုပေဝေစရိပ်သာ၌ ၁၃-၇-၁၀ နေ့မှ ၂၄-၁-၁၁ နေ့ထိ နေထိုင်စဉ်အတွင်း (၁) အစ္စရေး (၂) အင်္ဂလန် (၃) အမေရိကန် (၄) ဩစတြီးယား (၅) ဒိန်းမတ် (၆) ပြင်သစ် (၇) မလေးရှား (၈) အနော်ဝေ ဂျာမနီ (၉) အီတလီ (၁၀) ဩစတြေးလျ (၁၁) ဆွစ်ဇာလန် (၁၂) ကနေဒါနိုင်ငံတို့မှ အမျိုးသား ယောဂီပေါင်း ၃၆-ယောက်တို့အား တရားဟောပြော ပြသခွင့် ရခဲ့ပါသည်။

သူတို့ရဲ့အားထုတ်ရက်မှာ ပျမ်းမျှ (၂၁)ရက်ခန့်သာ ဖြစ်ပါသည်။ သို့သော် ယောဂီအများစုမှာ အခြားဌာနများ၌ သမာဓိအတော်အတန် ရသည်အထိ အားထုတ်လာခဲ့ကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် သူတို့အား ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးမြင်၊ ဖြစ်ပျက်သိကာ၊ တရားအပေါ် အတော်သက်ဝင် ယုံကြည်သွားသည် အထိ ညွှန်ကြား ပြသနိုင်ခဲ့ပါသည်။

အထူးသဖြင့် သူတို့သိလိုသော အချက်များကို အတတ်နိုင်ဆုံး ကြိုးစား ဖြေကြားပေးခဲ့၍ ယောဂီအားလုံး နီးပါးပင် ကျေးဇူးတင် ကျေနပ်စကား ပြောကြား ကြပါသည်။ ဉာဏ်စဉ် နာလောက်သည် အထိ အားထုတ်သွားသူများမှာ ၂-ဦးသာ ရှိပါသည်။

သီဟိုဠ်၌ ပရိသတ်အား အကြိမ် ၃၀-တရား ဟောပြောခဲ့ပါသည်။ မြန်မာဘာသာဖြင့် ၂၇-ကြိမ်၊ အင်္ဂလိပ်

ဘာသာဖြင့် ၃-ကြိမ် ဟောပြောခဲ့ပါသည်။ သီဟိုဠ်ပရိသတ်နှင့် တိုက်ရိုက် ဆက်သွယ်ခွင့်တော့ လုံး၀ မရရှိခဲ့ပါ။ တရားဟော တရားနာစဉ် ပလ္လင်ပေါ် ပလ္လင်အောက် ဆက်ဆံခွင့်လောက်သာ ရရှိခဲ့ပါသည်။

မြန်မာဘာသာဖြင့် ဟောသော တရားအတော်များများကို လက်ရေးကူးဖြင့် လိုက်ကူးယူ ကြပါသည်။ အချို့ကို သတင်းစာထဲမှာ အစအဆုံး ထည့်ပေးပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ဟောသော တရားတပုဒ်ကို ဒကာတဦးက သီဟိုဠ်ဘာသာဖြင့် စာအုပ်ငယ်ကလေး ထုတ်ဖို့ အစီအစဉ် လုပ်နေပါသည်။ ဂျာမန်ယောဂီတဦးကလည်း ဂျာမန်ဘာသာဖြင့် စာအုပ်ထုတ်ရန် စာမူယူသွားပါသည်။

အစိုးရ ယဉ်ကျေးမှု ဌာနက မြန်မာသံအမတ်ကြီးအား သီလရှင်သမိုင်းနှင့် အခြား သာသနာရေးကိစ္စများကို မေးမြန်းရာ မြန်မာသံအမတ်ကြီး၏ လျှောက်ထားအကူအညီ တောင်းချက်အရ ကူညီဖြေကြား ပေးခဲ့ရပါသည်။

ရရှိသည့် အားလပ်ချိန်များတွင် သီဟိုဠ်ရဟန်းငယ်၊ ကိုရင်ကလေးများအား မြန်မာစာ အတော်အသင့် ရေးနိုင် ဖတ်နိုင်သည်အထိ သင်ပြပေးခဲ့ပါသည်။

တပည့်သည် သီရိလင်္ကာနိုင်ငံ၌ အနည်းဆုံး တနှစ်တာမျှ သာသနာပြုလုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်ထားခဲ့ပါသည်။

သို့သော်လည်း (၁) အစားအသောက် ကွာခြားမှု၊ (၂) နေရသည့် အဆောက်အအုံမှာ ဝင်ပေါက်တံခါး တခုသာရှိသော အုတ်ကြွပ်မိုး အင်္ဂတေခင်းနှင့် ၉-ပေ ပတ်လည် တိုက်ခန်းဖြစ်၍ တဖြည်းဖြည်း ကျန်းမာရေး ချို့တဲ့လာခြင်း၊ (၃) နောက်ဆုံးအသဲယောင်ရောဂါ ဖြစ်လာသောအခါ ကန္ဒုဗောဓ ရိပ်သာမှ တာဝန်ရှိ သံဃာ တချို့က သူတို့ရိပ်သာတွင် တပည့် ဟာခုခု ဖြစ်မည်ကိုစိုးရိမ်လာပြီး သူတို့ကပင် စတင်၍ မြန်မာပြည် ပြန်ရန် တိုက်တွန်းလာခြင်းတို့ကြောင့်၊ ၂၄-၁-၈၁ ခုနေ့ ညနေ ၅-နာရီမှာ ကိုလံဘိုမြန်မာကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။

မပြောင်းရွှေ့မီ ထိုနေ့ညနေ ၄း၃၀ နာရီ အထိ တရားစစ်ပြီးမှ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါသည်။

သီဟိုဠ်ရောက် မြန်မာဆရာဝန်များ၏ လျှောက်ထားချက်အရ ပြေိလ၌ ဒုလ္လဘရဟန်းခံပွဲ၊ တရားအားထုတ်ပွဲ ပြီးမှ မြန်မာပြည် ပြန်ရန် ဖြစ်ပါသည်။

သို့သော် ကိုလံဘို မြန်မာကျောင်းသို့ ရောက်သောအခါ ရောဂါမသက်သာပဲ (၁) ဒူးဆစ်အောက်ပိုင်းမှစ၍ ဖောယောင်လာခြင်း၊ (၂) မြန်မာကျောင်းရှိ

သံဃာတော်များမှာလည်း အချင်းချင်း ညီညွတ်မှုမရှိပဲ ဖြစ်သလို နေထိုင် စားသောက်နေကြခြင်း၊ (၃) မြန်မာ သံအမတ်ကြီးနှင့် မြန်မာ ဆရာဝန်အချို့က အနည်းဆုံး ၃-၄ လခန့် ငြိမ်ငြိမ်နေပြီး အနားယူဖို့ လိုသည်ဟု အကြံပေးကြခြင်း တို့ကြောင့် ၃၀-၁-၈၁ နေ့မှာ မြန်မာပြည်သို့ ပြန်လာခြင်း ဖြစ်ပါသည်။

မပြန်မီ ၂၉-၁-၈၁ နေ့၌ သံအမတ်ကြီးနှင့်တွေ့ဆုံပြီး (၁) သီဟိုဠ်နိုင်ငံရှိ မြန်မာကျောင်းများ ထိန်းသိမ်း စောင့်ရှောက်ရေး၊ (၂) သီဟိုဠ်ရောက် မြန်မာ ရဟန်း တော်များ တိုင်းပြည်နှင့် လူမျိုးသိက္ခာ မညိုးနွမ်း ရအောင် ဝိနည်း စည်းကမ်းနှင့်အညီ စားသောက် နေထိုင် နိုင်ရန် ပစ္စည်း လေးပါး ထောက်ပံ့ရေး၊ (၃) ထိုကိစ္စများကို ဆောင်ရွက်နိုင်ရန် သီဟိုဠ်ရောက် မြန်မာဆရာဝန်များအား သံအမတ်ကြီးက ဦးဆောင်မှု ပေး၍ မြန်မာကျောင်းများ ထိန်းသိမ်းထောက်ပံ့ရေးအဖွဲ့ ဖွဲ့စည်းရန် အကြံပေး တင်ပြခဲ့ပါသည်။

မြန်မာသံအမတ် ဗိုလ်မှူးကြီးမောင်မောင်ကြီး(ရေ) ကလည်း အတတ်နိုင်ဆုံး ဆောင်ရွက် ပေးပါမည်ဟု လိုလိုလားလား ကတိပေးစကား ပြောကြားပါသည်။

တပည့်သည် သီရိလင်္ကာနိုင်ငံ၌ ၆-လနှင့် ၂၀-ရက် အတွင်း လုပ်နိုင်သည့် ကိစ္စမှန်သမျှကို အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း သီရိလင်္ကာနိုင်ငံသို့ တပည့်သွားရောက်နိုင်ရေးအတွက် ဆရာတော်ဘုရားကြီးနှင့် တကွ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က ဆောင်ရွက်ခဲ့ရသည့် အခက်အခဲ၊ ကုန်ကျစရိတ်တို့နှင့် နှိုင်းစာပါမူ တပည့်၏ ဆောင်ရွက်ချက်ကို တပည့်ကိုယ်တိုင်ပင် လုံးဝကျေနပ်မှု မရှိပါ။

သို့ပါ၍ နောင်သင့်လျော်သည့် အချိန်တွင် ပဋိပတ္တိလုပ်ငန်း ပြန့်ပွားရေးအတွက် ဆောင်ရွက်ခွင့်ရပါက အစွမ်းကုန် ဆောင်ရွက်၍ ကျေးဇူးဆပ်ပါမည် ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
တပည့် သုန္ဒရ
ပြန်တန်ဆာကျောင်း အလယ်တောရတိုက်
ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။